

လင်းနှိုးဝေး
မာယာကစားပွဲ

မိတ်ဆွေ ...

အားနေလျှင်

ယားနေသူတွေကို ကုတ်ပေးလိုက်ပါ။

လေတွေများနေလျှင်

မရှက်မကြောက် အီးပေါက်ပစ်လိုက်ပါ။

ကျုပ်ကိုတော့လာပြီး မနှောင့်ယှက်ပါနှင့်။

ကျုပ်ကသာ နှောင့်ယှက်ပါရစေ။

စပရိန် (၁) သုကာက်

တိုက်ပွဲတစ်ရာ အောင်မြင်ခဲ့တဲ့
စစ်သူကြီးတောင်မှ
အချစ်အတွက်ကြောင့် ဒူးထောက်ရသေးတာပဲ။
ထမင်းစားပြီး ဝမ်းသွားတဲ့
ငါလိုလူစားကကော ဘာသားနဲ့များ ထုထားလို့လဲ…။

## အခန်း(၁)

လေချွန်သံတစ်ခုသည် လေဟာပြင်ထဲတွင် ကျယ်လောင်စွာ အော်မြည်ပြေးလွှားနေ၏။

## အခန်း(၂)

အဝတ်အစားများ စုတ်ဖြဲခံလိုက်ရသော မိန်းမပျိုတစ်ဦးကဲ့သို့ပင် ... ကောင်းကင်၏အပြာရောင် အသွေးစိုင်များသည် ဖါးလွှာကျို့ကျဲသော တိမ်ငွေ့တိမ်မျှင်တွေကြားမှ ငေးကြည့်ချင်စရာကောင်းလောက်အောင် မလုံမလဲပေါ်ထွက်နေလျက်ရှိ၏။

မိုးနှောင်းပိုင်းကာလဖြစ်သော အောက်တိုဘာလ၏ နံနက်ခင်းသည် လန်းစိမ်းစွာ လင်းကြည်စိုပြည်နေ၏။ မြေပြင်ထက်ဆီတိုင် နွေးထွေးစွာ ရှုပ်တိုက်ခယနေသည့် နေခြည်ရောင် နုဖျော့ဖျော့ကြားတွင် ဆယ်ကျော်သက်အရွယ် ချာတိတ်တစ်ယောက်သည် လေကလေး တချွန်ချွန်ဖြင့် အေးဆေးစွာ လမ်းသလားနေပါသည်။

သူ့အမည်ရင်းမှာ–သုထက်။ သို့သော် ဤမြို့ရှိ လူအများစုက သူ့အား 'စပရိန်'ဟုသာ ခေါ်ကြသည်။ သူက အစအနောက် အလွန်သန်ပြီး လူတစ်ဖက်သားကို ကြပ်တတ်သည်။ ခပ်တည်တည်ဖြင့် ချောက်တွန်းတတ်သည်။ သူ့ကိုလည်း ဘယ်လောက်နောက်နောက် ဘယ်လောက်ပြောပြော အပြုံးမပျက်ချေ။ ထို့ကြောင့် သူသည် အစအနောက်သန်သော ရုပ်ပြောင်စပရိန်ကောင်ဟု သမုတ်ခံရခြင်းဖြစ်လေသည်။

လေကလေး တချွန်ချွန်ဖြင့် ရွှေ့နေသော သုထက်သည် မျက်နှာချင်းဆိုင် အရပ်ဆီမှ လျှောက်လာသော လူတစ်ယောက်အား တွေ့လိုက်ရသဖြင့် လှမ်းလက်စ ခြေလှမ်းတွေကို တိခနဲရပ်ပစ်လိုက်သည်။ ထို့နောက် ဖင်နှိုက်လိုက် ခေါင်းကုတ်လိုက်နှင့် ဟိုကြည့်ဒီကြည့် လုပ်လေတော့သည်။

"အဲ ..."

ပြုံးတုံးပြုံးတာ သူ့အမူအယာကြောင့် မျက်နှာချင်းဆိုင်အရပ်မှ အနားရောက်လာသူက စိတ်ပါဝင်စားစွာ စပ်စုတော့၏။

"ညီလေး ... မင်းဘာဖြစ်လို့လဲ ..."

"ဟို ... ဟို ... ကျွန်တော် ... ပိုက်ဆံအိတ် ကျပျောက်သွားလို့ဗျ"

"ဘယ်မှာ ပျောက်တာလဲ"

"အဲ အဲ့ဒါတော့ သေချာမပြောတတ်ဘူး။ အိမ်က ထွက်လာတုန်းက ပါလာတယ်။ အခု ဒီနေရာရောက်တော့ စမ်းကြည့်မှ မတွေ့တော့တာ။ ဒီလမ်းပေါ်မှာ ထွက်ကျတာပဲ ဖြစ်လိမ့်မယ်ထင်တယ်"

"ပိုက်ဆံက ဘယ်လောက်ပါလို့လဲ"

"အရမ်းအများကြီးတော့ မဟုတ်ပါဘူးဗျာ။ တစ်သောင်းဝန်းကျင်လောက်ပါပဲ။ သေချာတော့ ရေမထားမိဘူး။ အဲဒီထက်များရင်လည်း များမှာပေါ့"

သုထက်သည် ပြောနေရင်း ဟိုဘက်ကြည့်လိုက် ဒီဘက်လျှောက်ကြည့်လိုက် လုပ်ပြန်သည်။ ပြီးတော့မှ စိတ်ပျက်လက်ပျက်ဟန်ဖြင့် ညည်း၏။

"တော်ပါပြီဗျာ။ မရှာတော့ပါဘူး။ ချိန်းထားတာတစ်ခုရှိလို့ သွားရဦးမယ်။ ချိန်းထားတဲ့ကိစ္စက နောက်ကျလို့မဖြစ်ဘူး။ အဲဒီကိစ္စ အဆင်ပြေရင် ဒီငွေတစ်သောင်းလောက်က ပါးပါးလေးရယ်"

... ခုနမထားဟန်ဖြင့် သုထက် ထွက်လာခဲ့ပါသည်။ စိတ်ထဲမှာ တော့ တော်တော်ပဲရယ်ချင်ပက်ကျိဖြစ်နေ၏။ အနည်းငယ်လျှောက်ပြီး သူ နောက်ဘက်လှည့်ကြည့်လိုက်ရာ (မျှော်လင့်သည့်အတိုင်းပင်)ခုနကလူအား ထမ်းပေါ်မှာ အလုပ်များနေတာ မြင်လိုက်ရ၏။

ကြုံတုန်း တမင်အလုပ်ပေးလိုက်တာဖြစ်သည်။

သူ ကျေနပ်စွာပြုံးလျက် ဘောင်းဘီအိတ်ကပ်အတွင်းမှ ပြားချပ် ချပ် ပိုက်ဆံအိတ်ကလေးကို ဆွဲယူဖွင့်ကြည့်လိုက်သည်။ ထိုအခါတွင် အထဲမှာပါသော ငွေအကြွေဖွေက တစ်ထောင်ပင် မပြည့်ချင်ပေ။

"သြော် ... အချောင်လိုချင်လိုက်ကြတာ ... လောဘ ... လောဘ ... ရှီ ... ရှီ ... ရှီ ... ရှီ ..."

လေကလေး တချွန်ချွန်ဖြင့် သုထက်ဆက်လျှောက်လာခဲ့ပြန်ပါ သည်။ ခဏကြာတော့ ဈေးခြင်းတောင်းဆွဲလျက်ဖြင့် မျက်နှာချင်းဆိုင် အရပ်မှလာသော ဝဝဖိုင့်ဖိုင့် မိန်းမကြီးတစ်ဦးအား တွေ့လိုက်ရသည်။

ထိုမိန်းမကြီးက အသက်မဲ့ဂဏန်းတွေနှင့် အလောင်းအစား လုပ် ရတာကို ဝါသနာထုံလွန်းသူမှန်း သုထက်သိသည်။ အခုလည်း သူ့ကို မြင်တာနှင့် ...

"ဟဲ့ ... သုထက် ... အခုနေ့ ဘာကြားသေးလဲ"

"ကြားတာပေါ့ဗျာ"

"ဘာကြားတာလဲဟဲ့။ ငါ့ကိုလည်း ပြောပါဦး။ ဘာတစ်လုံး ဘိုင်တဲ့လဲ"

"တစ်လုံးဘိုင်တော့ မကြားမိဘူး။ အတိတ်စိမ်းဆိုလား ဘာလား တော့မသိဘူး။ အဲ့ဒါတော့ကြားလာတယ်"

သုထက်က ခပ်တည်တည်ဖြင့် ပြောလိုက်ရာ မိန်းမကြီး ရှုစိရှုစိဖြစ်သွား၏။

''အတိတ်စိမ်းက ဘာတဲ့လဲဟဲ့။ ပြောပါဦး''

''အတိတ်စိမ်းက ... မိန်းမသုံးယောက် ဖင်ကောက်ကောက် ... အကောက်ဆုံးဖင် လောက်စာလုံးဝင် ... တဲ့ဗျ''

''ဟယ် ... ကောင်းလိုက်တာဟယ် ... အတိတ်စိမ်းက... မိန်းမသုံးယောက် ဖင်ကောက်ကောက် အကောက်ဆုံးဖင် လောက်စာလုံးဝင် ဆိုတော့ ... မိန်းမက သုံးယောက် ဖက ငါး လောက်စာလုံးကလေး သုံးပေါက်မှာ တစ်ပေါက်ပဲဝင်တယ်ဆိုတော့ အဲဒီအပေါက်က တခြားအပေါက်တွေထက်ပိုပြီး ... အဲ''

မိန်းမကြီး ခေါင်းစားကျန်ခဲ့သည်။ သူ နောက်ပြောတာကို အဟုတ်ကြီးတွက်နေသဖြင့် သုထက် အသံထွက်အောင်ပင် ရယ်လိုက်မိလေသည်။

''အဟား ... နည်းနည်းပေးပြီး များများလိုချင်နေလိုက်တာ ... အရူးတစ်မျိုးပဲ ... ရှီ ... ရှီ ... ရှီ ... ရှီ ... ''

လေကလေး တချွန်ချွန်ဖြင့် သူဆက်လျှောက်လာခဲ့ပြန်သည်။ လမ်းထိပ်အရောက်တွင် လက်ဖက်ရည်ဆိုင်ထဲမှ ကောင်လေးတစ်ယောက်က သူ့ကိုမြင်တော့ လက်ယပ်ခေါ်၏။ ထိုကောင်လေးအနားသို့ သုထက်သွားလိုက်သည်။

ဒီတစ်ယောက်က နှာသမားဖြစ်သည်။

''စပရိန် ... မင်း ငါ့ကို ပီယအဆောင်လက်ဖွဲ့ လုပ်ပေးမယ်လို့ ပြောထားတာ လုပ်ပေးတော့လေကွာ။ မနက်ဖြန်ကျရင် ငါ့ကောင်မလေးကို အဖြေတောင်းဖို့ ကြည်နူးရိပ်မှာ မနက်ပိုင်းချိန်းထားပြီဂွ''

"အေးပါ ငဇော်ရာ။ အခု လုပ်ပေးပါ့မယ်။ ဆေးလည်းပါလာတယ်။ မင်းသာ မိန်းမကိုင်လက်ကိုင်ပုဝါ ပန်းရောင်တစ်ထည်နဲ့ ဘော့လ်ပင်ရောင်စုံ သွားဝယ်ချေ"

"အေး ... အေး ..."

ငဇော်ဆိုသော ကောင်လေးက သွက်သည်။ ထိုင်နေရာမှ ချက်ချင်းထထွက်သွားသည်။ ဒီအခိုက်အတန့်အတွင်းမှာပင် သုထက်သည် လက်ဖက်ရည်ဆိုင်မှ စားသောက်ဖွယ်ရာများစွာကို မှာယူသုံးဆောင်ပြီး ဝမ်းမီအား ပြေလည်စွာ ညိမ်းသတ်နေလေတော့သည်။

ငဇော်ပြန်ရောက်လာသောအခါ စားပွဲခုံပေါ်မှာ ပန်းကန်းခွက်ယောက်တွေက တပုံတပင် ဖြစ်နေချေပြီ။ သုထက်က ငဇော်ဝယ်လာသည့် ပန်းနုရောင် မိန်းမကိုင် လက်ကိုင်ပုဝါပေါ်တွင် ဘော့လ်ပင်အရောင်စုံနှင့် ဟိုခြစ်ဒီခြစ် လျှောက်ခြစ်လေရာ အတန်ကြာမှ ပြီးစီးသွားပါ၏။

"ပီယသိဒ္ဓိအစွမ်းထက်စေတဲ့ အင်းကွက်ကတော့ ဆွဲပြီးသွားပြီ။ ပန်းရောင်ဆိုတာက အချစ်ရဲ့သင်္ကေတ၊ အပြာရောင်ဆိုတာက ဂုဏ်ရှိသဘောကို ဆောင်တယ်။ အဝါတွေ အစိမ်းတွေကတော့ ပုပင်သော့က အဖျက်တွေပေါ့ကွာ။ ဒါကြောင့် အဝါ အစိမ်းတွေနဲ့ ကြက်ခြေခတ်တွေ ခတ်ထားတာ"

သုထက်က ပြောနေရင်း ဘောင်းဘီအိတ်ထဲမှ ပုလင်းသေးသေးလေးတစ်လုံးကို ထုတ်ယူလိုက်၏။ ထိုပုလင်းလေးထဲမှ အမှုန့်တွေကို လက်ကိုင်ပုဝါပေါ်သို့ ပေါပေါသီသီ ဖြူးချသည်။

"ဒါက ပီယဆေးမှုန့်ကွ။ အရမ်းရှားတာ။ မင်းမို့လို့ ငါလုပ်ပေးတာ။ အခုဆိုရင် ပီယဆေးနဲ့ ပီယသိဒ္ဓိမြောက်တဲ့ အင်းကွက်ကပြီးသွားပြီ။ ပီယ

ဂါထာနဲ့ မန်းမှုတ်ပေးဖို့ပဲ ကျန်တော့တယ်။ အဟမ်း ... အဟမ်း ဥုံ သူရိန်နေမင်း ကောင်းခြင်း၏ လမင်းစန္ဒာ ဘုန်းမှာပြည့်ထက် မြင်မြင်သမျှ ဣတ္ထိယတိုင်း ရှုရှုတက်စေသော်။ ဥုံ ပိယံမမ ပိယသဏ္ဍာ အောင်သဘယာမှာ ချဉ်းစရာချဉ်း ကပ်စရာကပ်။ မမ မိန်းမတို့၏ ပိယံချစ်ခြင်းသည် ဤလက်ကိုင်ပုဝါကို ကိုင်ဆောင်ထားသူအား အောင်သဘယာ နေရာမရွေးဘဲ ချဉ်းစေကပ်စေသတည်း။ ဥုံ ဂလုံ ဂွလမ် ဖွဟ''

သုထက်ပုံစံက တကယ့်ဂမ္ဘီရဆရာ ပုံစံမျိုး။ မိန့်မိန့်ကြီး။ နှာသမားငဇော်က သုထက်ပြုလုပ်သမျှကို အထင်ကြီးလေးစားဟန်အပြည့်နှင့်အငေးသားကြည့်နေလေသည်။

သုထက်က လက်ကိုင်ပုဝါကို သေသပ်စွာ အကျအနခေါက်ပြီး ငဇော့အား ပေးလိုက်၏။

''အခုအချိန်ကစပြီး ဒီလက်ကိုင်ပုဝါဟာ ပိယသိဒ္ဓိ အစွမ်းထက်တဲ့ အဆောင်လက်ဖွဲ့ တစ်ခုဖြစ်သွားပြီ။ မင်းကြိုက်တဲ့ ကောင်မလေးရှေ့ရောက်ရင် အဲဒီလက်ကိုင်ပုဝါနဲ့ မျက်နှာကို ပွတ်ပွတ်ပေး ကြားလား။ မင်းက ပွတ်လေ ဟိုကအပွတ်ခံချင်လာလေပဲ။ နာနာပွတ်လေ စွမ်းလေပေါ့ကွာ ဖြစ်နိုင်ရင် ကောင်မလေးမျက်နှာကိုပါ ဒီလက်ကိုင်ပုဝါနဲ့ ပွတ်ပေးရင် ပိုကောင်းတယ်။ အဲ့ဒါဆိုရင် မင်းကိုသူချစ်လာလိမ့်မယ်''

''ဟေ ... ဟုတ်လား။ အဟီး ... ကျေးဇူးပဲ ကျေးဇူးပဲ''

လက်ကိုင်ပုဝါကို ကိုင်ပြီးငဇော်၏မျက်နှာ ပြုံးဖြီးဖြီးဖြစ်လေသည်။ သုထက်က စားပွဲခုံပေါ်မှ ပန်းကန်ခွက်ယောက်များကို တစ်ချက်ကြည့်ပြီး ...

''ကဲ မင်းလိုချင်တာလည်း ရပြီဆိုတော့ ငါသွားတော့မယ်။ ဒီဝိုင်းကို ရှင်းခဲ့ရမလား''

"အေး ... ဟာ ... နေပါစေကွာ။ ငါပဲ ရှင်းလိုက်ပါ့မယ်"

"ဒါဆို ငါသွားပြီ။ မနက်ဖြန်ကျမှ လက်ကိုင်ပုဝါအစွမ်းနဲ့ မင်းရဲ့ အောင်မြင်မှုကို ငါလာကြည့်ဦးမယ်"

သုထက်က ငဖော်၏ပခုံးကိုပုတ်၍ နှုတ်ဆက်ပြီး ဆိုင်ထဲမှ သွက်လက်စွာ ထွက်လာခဲ့သည်။ သူ့မျက်နှာက ပြုံးတုံ့တုံ့နှင့် ...။ မဟုတ်တာ တစ်ခုခုလုပ်ထားသည့်ရုပ်။

"အင်း ... နှာဘူးတစ်ယောက်ကြောင့်တော့ ပိုက်ဆံမကုန်ဘဲ နံ့နက်စာ ဖူလုံသွားပြီ ရှီ ... ရှီ ... ရှီ ... ရှီ"

လေကလေး တချွန်ချွန်ဖြင့် သုထက်သည် မီးခိုးငွေ့တန်းတစ်ခု မျှောလွင့်နေသည့်နှယ် ခြေဦးတည့်ရာဆီ ဆက်လက်၍ လမ်းသလားပြန်သည်။ သူ့ရည်ရွယ်ချက်က မြင်သမျှ တွေ့သမျှကို ပီပြင်ပြောင်မြောက်သော သရုပ်ဆောင်ချက်များဖြင့် စနောက်ချောက်ချရန်သာဖြစ်သည်။ တတ်လည်း တတ်နိုင်စွမ်းပါပေသည်။

သူသည် ရုပ်ရည်ကလေး သနားကမားဖြင့် အလွန်ပင် မူယာမာယာ များသော ချာတိတ်ဖြစ်၏။

✧ ✧ ✧

## အခန်း(၃)

'ကြည်နူးရိပ်'ဟု အမည်ရသော Snack ဆိုင်ကလေးသည် လူသံသူသံတို့ဖြင့် စည်ဝေညံနေပါသည်။ ထိုဆိုင်၏ ယနေ့နံနက်ပိုင်း စားသုံးသူများ စာရင်းတွင် စပရိန်သုထက်လည်း အပါအဝင်ဖြစ်သည်။

သုထက်သည် ထိန်လင်း၊ ဇေယျာအောင်ဆိုသော သူ့ဘော်ဒါနှစ်ယောက်နှင့်အတူ ကြည်နူးရိပ်မှာ ရောက်ရှိနေ၏။ သူတို့သုံးယောက်သည် ပထမနှစ်စာမေးပွဲကို မကြာသေးခင် ရက်ပိုင်းအတွင်းကမှ ဖြေဆိုပြီးစီးထားသည့် Physics မေဂျာ ကျောင်းသားတွေဖြစ်သည်။

စရိုက်လက္ခဏာချင်း အတော်တူညီသဖြင့် သူတို့သုံးယောက်သည် ကျောင်းတွင်းကျောင်းပြင် တွဲ၍အဆင်ပြေသည်။ အခုလည်း သူတို့သည် မနေ့က သုထက် ဖန်တီးပေးလိုက်သော လက်ကိုင်ပုဝါ၏ အစွမ်းအစကို တွေ့မြင်လို၍ တကူးတက လာရောက်ရှုစားတာဖြစ်သည်။

သူတို့နှင့် မလှမ်းမကမ်းဝိုင်းတွင် နှာသမားငဇော်သည် သူဖန်နေသော ကောင်မလေးအား နှာတပွပွဖြင့် ကျူနေလျက်ရှိသည်။

"ကိုယ့်ကို ... အဟဲ ... ဘယ်လိုများ သဘောရလဲ မသိဘူး ... အဟဲ ... ရွတ်"

ပြောနေရင်း မျက်နှာကို လက်ကိုင်ပုဝါနှင့် ထပ်ကာထပ်ကာ ဖိပွတ်သည်။ ပွတ်လွန်းသဖြင့် မျက်နှာတစ်ပြင်လုံး ရဲတက်လာသည်။ နှာခေါင်းဆိုလျှင် နီပွပွကြီးဖြစ်နေပြီ။

ဒါလည်း မလျော့။ ပွတ်မြဲပွတ်ဆဲပင်။

"အဟဲ ... ပြောပါဦး အိသူရယ်။ ကိုယ့်ကို ဘယ်လိုသဘောရလဲလို့ ... အဟဲ"

"ဟိုလေ ...ဘယ်လိုပြောရမယ်ဆိုတော့ ... အဟင်း ..."

ကောင်မလေးကလည်း ရှက်သလိုလိုနှင့် မူနေသည်။ ငဇော်က မျက်နှာကို လက်ကိုင်ပုဝါနှင့် ပွတ်လိုက်ပြန်သည်။ စပ်ဖျဉ်းဖျဉ်းဖြစ်လာပေမယ့် ဂရုမစိုက်ဘဲ ရှေ့မှ 'မ' သတ္တဝါလေးကိုသာ သူ မဲနေပါသည်။

"ဘယ်လိုပြောရမလဲဆိုတော့ ... နှလုံးသားနဲ့ပဲ ပြောပေါ့အိသူရယ် ... အဟဲ ... ရွတ်"

"အို .. နှလုံးသားနဲ့ ပြောလို့ဘယ်ရမလဲ။ နှလုံးသားက စကားမှ မပြောတတ်တာ။ ပါးစပ်နဲ့ပြောမှ ရမှာပေါ့လို့ ... အဟင်း ..."

"အင်းပါ။ ဒါဆိုလည်း ပါးစပ်နဲ့ပဲပြော။ အိသူသဘော ... အိသူသဘော ... အဟဲဟဲ ... ရွတ် ..."

ငဇော်က အောက်သွားမရှိသော နွားပြာကြီးကဲ့သို့ ပါးစပ်တဖြုံဖြုံ လုပ်နေသည်။ အခြေအနေအရ ကောင်မလေးက ပါချင်တင်တင် ဖြစ်နေပြီမို့ သူ့ဘက်က အဆင်သင့်ဖြစ်အောင် ကြိုကြိုတင်တင် 'ဟ'ထားတာ ဖြစ်၏။

ဒါတောင်မှ တစ်မျက်နှာ ပွတ်ချက်ပဲရှိသေးသည်။ နှစ်မျက်နှာ ပွတ်ချက်ဆိုပါက စပယ်ရှယ်ဂွဒ်ပြီ။ ဒီတော့ကာ ... ငဇော်က အကြံကြီး မားစွာဖြင့် လက်ကိုင်ပုဝါကို ကောင်မလေးထံ ကမ်းပေးလိုက်ပြီး ...

"မျက်နှာမှာ ချွေးတွေထွက်နေတယ်။ သုတ်လိုက်ပါဦး။ အဟဲ"

"အဟင်း ... ကျေးဇူးပဲ"

ကောင်မလေးက လက်ကိုင်ပုဝါအား ယူပြီးမျက်နှာကို အသာအယာ သုတ်သည်။ နာသမားငဇော်က ...

"နာနာပွတ်လေ ... အဲ ... သေချာသုတ်မှ ပြောတာ။ ချွေးတွေက မပြောင်သေးဘူး။ ဖိပွတ် ... အဲ ... ဖိသုတ် ... ဖိသုတ် ... အဲ့ဒါမှ ... အဟဲ ... ကောင်းမှာ"

"အင်းပါ ... သူကလည်း ... ဂယ်ပဲ ..."

ကောင်မလေးက ရှက်အမ်းအမ်းနဲ့ ငဇော်ပြောသလို မျက်နှာပြင် အနှံ့ဖိသုတ်သည်။ သုတ်နေရင်း သုတ်နေရင်း သူမ တွန့်ခနဲ တွန့်ခနဲ ဖြစ်သွား၏။ ဒါကိုကြည့်ပြီး ငဇော်ဝမ်းမြောက်နေလေသည်။

ဆေးစွမ်းကပြပြီ။ မကြာခင် သူ့ကို စိတ်ရောကိုယ်ပါဖြစ်ကုန်တော့ မည်ထင်သည်။ လူကြားသူကြားထဲမှာ ... အဟီး ... ရှက်စရာကြီး ...။ သူ တွေးတွေးပြီး ဖီးလ်တွေတက်နေသည်။

ငဇော်က သွားအဖြီးသားနှင့် သူ့ပါးသူကုတ်ရင်း ကောင်မလေးကို မေးလိုက်သည်။

"ကိုယ်နဲ့ပတ်သက်ပြီး အိသူ့ ရင်ထဲမှာ ဘယ်လိုခံစားရလဲဟင် ... အဟဲ"

"ယား ... ယားတယ် ..."

''ဟင်''

ငဖော် ပူစီဖြစ်သွားသည်။ (ကြောင်သွားသည်) နားမလည်စွာ ထပ်မေးလိုက်ပြန်သည်။

''ဘယ်က ယားတာလဲဟင်။ ရင်ထဲကလား ... နှလုံးသားထဲကလား။ ဘယ်အထဲက ယားတာလဲ''

''ဘယ်အထဲကမှ မဟုတ်ဘူး။ ပါးကယားတာ ... အားလား လား ...''

ကောင်မလေးက ပြောရင်းသူ့မျက်နှာသူ ဘယ်ပြန်ညာပြန် ကုတ်သည်။ ကုတ်ချက်က အရေပြားတွေ လန်ထွက်စုတ်ပြဲမတတ်ပင်။ အားသွန်ခွန်စိုက်ရှိလှပေ၏။

''ရှင့် လက်ကိုင်ပုဝါက ဘာ ဘာလက်ကိုင်ပုဝါကြီးလဲ။ ယား ယားတယ်''

''အဟဲ ... ကိုယ်လည်းယားနေတာပဲ။ ခဏအောင့်ထား ... အဟဲ ပြီးမှ အဟဲ ... အဟဲ ... ကဲကြတာပေါ့ ...''

ငဖော်က ဆေးအစွမ်းပြတာဟု ထင်နေသည်။ ဆေး၏ အာနိသင်က မျက်နှာပြင်မှတစ်ဆင့် တစ်ကိုယ်လုံးသို့ စီးဆင်းပျံ့နှံ့သွားလိမ့်မည်ဟု သူယူဆထား၏။

ကောင်မလေးက လက်တစ်ဖက်နှင့် မျက်နှာကိုကုတ်ရင်း ကျန်လက်တစ်ဖက်နှင့် လက်ကိုင်ပုဝါအား ဖြန့်ကြည့်သည်။ မြန်ဆန်သောကြောင့် ငဖော်တားချိန်ပင် မရလိုက် ...။

လက်ကိုင်ပုဝါအတွင်းမှ စမအင်းကွက်တွေ ပေါ်လာပြီး ပိယဆေးမှုန့်တွေက စားပွဲခုံပေါ် ထွက်ကျကုန်သည်။

"ဟယ် ... ဒီအမှုန့်တွေက ဘာတွေလဲ"

"ပီ ... ပီယ ... အဲ ... ဘာ ... ဘာမှဟုတ်ဘူး ..."

ငဖော်ပြာဝေသွားသည်။ ကောင်မလေးက ပီယဆေးမှုန့်တွေကို လက်နှင့်အသေအချာ တို့ကြည့်နေ၏။ မရှုံမရှာ လျှာနှင့်ပါ လျှက်လိုက်သေးသည်။ ပြီးမှ ထွေးထုတ်ပစ်သည်။

"ထွီ ... ဒါ ... ဒါ ... ခွေးလှေးယားသီးမှုန့်တွေ။ ရှင် ယုတ်မာလှချည်လား။ လက်ကိုင်ပုဝါထဲ ခွေးလှေးယားသီးမှုန့်တွေထည့်ပြီး ကျွန်မကိုသုတ်ခိုင်းတယ်ပေါ့လေ"

"မဟုတ် ... မဟုတ် ... ကိုယ်လုပ်တာမဟုတ် ... ကိုယ်မသိ ..."

"ယုတ်မာတုန်းက ယုတ်မာပြီး အခုမှဗြောင်ငြင်းမနေနဲ့။ ကျွန်မမျက်နှာနုနုလေးကိုမှ ခွေးလှေးယားသီးမှုန့်နဲ့ ပွတ်ခိုင်းရဟယ်လို့။ ရှင့်မျက်နှာကိုလည်း ပြန်လုပ်မယ်။ ကဲဟယ် ... ကဲဟယ် ..."

ကောင်မလေးက စားပွဲခုံပေါ်မှ ခွေးလှေးယားသီးမှုန့်တွေကို လက်ကိုင်ပုဝါနှင့် သုတ်ပြီး ငဖော့်မျက်နှာကို ပယ်ပယ်နယ်နယ် ပွတ်လေတော့သည်။ ပွတ်၍အားရမှ မျက်နှာကို လက်ကိုင်ပုဝါနှင့် အုပ်ကာ နဖူးပြောင်ပြောင်ကို အားရှိပါးရှိ 'ဖြန်း'ခနဲ တီးပြီး ဆိုင်ထဲမှ ကော့တော့ကော့တော့ ထွက်သွားသည်။

ငဖော်သည် ဟပ်ကော့ကြီးဖြစ်လျက် ဟိုကုတ်ဒီဖဲ့နှင့် ယားယံစွာ ကျန်ရစ်ခဲ့ရ၏။ သူ့ မျက်နှာသည် သွေးပြည်ပုပ်တွေ ပြည့်ဖောင်းနေသည့် သွေးစုနာကဲ့သို့ပင် နီရဲမို့အစ်လို့နေပေပြီ။

ထူးခြားသော ထိုဖြစ်စဉ်ကို တစ်ဆိုင်လုံး သတိပြုမိသွားပါသည်။ အချို့ကပြုံး၏။ သူထက်တို့ သူငယ်ချင်းသုံးယောက်ကတော့ မပြုံးဘဲနှင့်

ဖါးလုံးကွဲရယ်ကြသည်။

"ဟား ... ဟား ... ဟား ... ဟား ... နဖူးကွဲသွားပြီလား မသိဘူး ဆော့"

"နာဘူးပဲကွာ။ ဒီလောက်တော့ ခံရမှာပေါ့။ ဟား ... ဟား ..."

"မင်းရဲ့ ပီယဆေးက စွမ်းလှချည်လား ... စပရိန်ရ ... ဟား ... ဟား ... ဟား ..."

ကျယ်လောင်သော လှောင်ပြောင်ရယ်မောသံများကြောင့် ငဇော် လှည့်ကြည့်လိုက်ရာ သုထက်ကို မြင်သွားလေသည်။ ထိုအခါ ယားနေသော မျက်နှာကိုကုတ်ရင်း ရှက်ဒေါသဖြင့် အော်ငေါက်တော့၏၊

"ဟိတ်ကောင် ... စပရိန်ကောင် ... မင်းက ငါ့ကိုချောက်ထဲ ကန်ချလိုက်တာပေါ့လေ ... ဟုတ်လား ...။ တွေ့မယ် ... မင်းနဲ့ငါတွေ့မယ်။ မင်းမျက်နှာကိုလည်း မင်းရဲ့ပီယဆေးနဲ့ ပွတ်ပေးရမယ်။ ဒါမှ ကိုယ်ချင်းစာတတ်မှာ။ အားလားလား ...ယားလိုက်တာ ... ဟင်း ... လာစမ်း ..."

ပြောပြောဆိုဆို ငဇော်က လက်ကိုင်ပုဝါကိုကိုင်ပြီး ထလာ၏။ သုထက်က လျှင်သည်။ ရယ်၍ခိုင်ထဲမှ ကွေ့ပတ်၍ပြေးသည်။ ငဇော်ကလည်း ဖွဲ့မလျှော့ဘဲ နောက်မှလိုက်သည်။ နှစ်ယောက်သား စားပွဲတွေ ထိုင်ခုံတွေကြားမှာ ခြေလှမ်းတွေ များနေကြပါသည်။

ထိုအခိုက် ... ငဇော့်ကို ပြောင်ချော်ချော်နှင့် စနောက်ရင်း ပြေးရှောင်နေသော သုထက်သည် လူတစ်ယောက်အား တိုးတိုက်မိသွား၏။ အထိအတွေ့က နူးနူးညံ့ညံ့...။

"အိုး ..."

နှုတ်ခမ်းဖူးဖူးလေးက ပွင့်အာ ...။ မျက်တောင်ကော့ကြီးတွေ

အောက်မှ ရှန်းလဲ့သော မျက်ဝန်းအစုံက ဝိုင်းစက် ...။ သောက်လက်စ ကော်ဖီတွေက လုံချည်စပေါ် ခုန်ထွက်ကျကုန်သည်။

ခထာ ... ငြိမ် ...။

လျှပ်တစ်ပြက် ဖြစ်ပေါ်လာသော အခြေအနေကြောင့် ပြေးနေရာမှ သုထက်ရပ်လိုက်သည်။ စိုက်၍ငေးမိ ...။ အကြည့်ချင်းငြိကြသည်။ ငဇော်ကလည်း မလိုက်တော့။ အေးဆေးပင်ဆက်ငေး ...။

ဒီတွင် ... သုထက် ရင်၌ ရှောခ်တစ်မျိုးရသွား၏။ အယောင်ယောင် အမှားမှား ...။ စူးစူးပျံ့ပျံ့ မူးယစ်ဝေရီလို့သွား ...။ ခံစားမှုက သစ်၍လှ လေသည်။

''ဆောရီးနော် မမ ... ကျွန်တော်တောင်းပန်ပါတယ်''

''ရပါတယ်။ ကိစ္စမရှိပါဘူး''

အေးဆေးတည်ငြိမ်စွာ တုံ့ပြန်ပြီး တစ်ရှူးစက္ကူနှင့် လုံချည်ပေါ်မှ ကော်ဖီရည်တွေကို ပြောင်စင်အောင်သုတ်သည်။ ပြီးတာနှင့် ကျသင့်ငွေ အားရှင်းကာ ဆိုင်ထဲမှညင်သာစွာ ထွက်ခွာသွားလေသည်။

နက်မှောင်သော ဆံနွယ်ရှည်အထွေးလိုက်က ခြေလှမ်းတိုင်းမှာ လွင့်ဖွာလို့ ...။ လှုပ်ခါမှုတိုင်းမှာ သူ့ရင်ကလည်း လှုပ်ခါလို့ ...။

ကားပေါ်တက်၍ မောင်းထွက်သွားသည်အထိ ... သုထက်သည် ငေးတုန်း ...။ အတွေ့အားဆင့်ပွား၍ တွေးတုန်း ...။ ရင်ခုန်နှုန်းက အရှိန် အဟုန် မြင့်မား၍ကောင်းတုန်း ...။

သူ့နှလုံးသားသည် လက်သည်းချွန်ချွန်နှင့် မထိတရိ ကုတ်ခြစ် ခံလိုက်ရသလိုမျိုး ဖြစ်၍ကျန်ခဲ့၏။ အရသာက ရှိန်းတမြမြဖြင့် မိန်းမောဖွယ် ဆန်းကြယ်နက်နဲလှပေသည်။

"မမရယ် ..."

•လူတစ်ယောက်က အခြားလူတစ်ယောက်အား စွဲမက်သွားစေခြင်းကိစ္စသည် တဒင်္ဂအတွင်းမှာပင် အကြောင်းပြချက်မလိုဘဲနှင့် အကျယ်တဝင့်ဖြစ်ပွားနိုင်ပါသည်။

✧ ✧ ✧

## အခန်း(၄)

''အဲဒီမမကို ငါ ကြွေသွားပြီကွာ''

ကြည်နူးရိပ်မှ အပြန်လမ်းတွင် ပြောလိုက်သော သုထက်စကားကြောင့် ထိန်လင်းနှင့် ဇေယျာအောင်၏ မျက်လုံးတွေ ကျယ်ကျယ်လောင်လောင် ဖြစ်ကုန်ကြသည်။ သုထက်ဆိုသောကောင်က မယုံရသဖြင့် ထိန်လင်းက သေချာအောင်မေးမြန်းလိုက်၏။

''စပရိန် ... မင်းအတည်ပြောတာလား။ နောက်နေတာလား''

''တခြားဟာတွေသာ ငါ နောက်ရင်နောက်မယ် ဟိတ်ကောင်။ ဒီတစ်ခါ တကယ်အတည်ပြောနေတာ။ အဲဒီမမကို ခဏလေး အတွင်းမှာပဲ ငါ အရမ်းချစ်မိသွားတယ်။ သူ့လုံချည်ပေါ်ကို ငါ့ကြောင့် ကော်ဖီတွေ ဖိတ်ကျတာကို ဘာမှ စောဒက မတက်ဘဲ အေးအေးဆေးဆေးပဲ ထွက်သွားတယ်။ သူ့နေရာမှာ တခြားမိန်းကလေး တစ်ယောက်သာဆို ရေလည်အောင်မယ့် အပေါက်ကွ။ သည်းခံခွင့်လွှတ်တတ်တဲ့ မမရဲ့ သဘောထားပြည့်ဝပုံက မြတ်နိုးစရာလေးကွာ။ ရေလည်ထိတယ်''

အရေးတယူပြောနေသော ဟန်ပန်နှင့် လေသံကြောင့် သုထက် နောက်နေတာ မဟုတ်လောက်ဘူးဟု ထိန်လင်း ယူဆလိုက်၏။ အချင်း ချင်းတွေမို့ အားမနာ ပါးမနာလည်း ဝေဖန်လိုက်သေးသည်။

"မင်းကလည်းကွာ ... ကြွေမယ့်ကြွေတော့လည်း လယ်ဗယ်တန်း ချင်း မကြွေဘူး။ ဟဲဗီးဝိတ်တန်းကိုမှ သွားကြွေတယ်။ အဲဒါမျိုးက အလွယ်တကူ အလဲကိုးဖို့ ခက်တယ်နော်။ မင်းမမရဲ့ ဒီဖိုင်းကလည်း တော်တော်ဖြိုရခက်မယ့် အနေအထားကြီး"

"ဘာပဲဖြစ်ဖြစ်ကွာ ... ငါကတော့ နှလုံးသား အလိုကျ မပြိုပြို အောင်ဖြိုဖို့ ဆုံးဖြတ်လိုက်ပြီ"

သုထက်က ခိုင်မာထက်သန်စွာ ပြော၏။ သူ့စကားဆုံးတာနှင့် ဇေယျအောင်က သတိပေးသည်။

"စပရိန်နော် ... သတိလည်းထားဦး။ မင်းက မဖြိုနိုင်ခင် မင်းကို ပြန်ဖြိုတာ ခံနေရဦးမယ်"

"ဘာဖြစ်လို့လဲကွ"

"မင်းကြွေတဲ့ အဲဒီမမရဲ့ နာမည်က သိမ့်ဖူးဇင်တဲ့။ သူ့မှာက အမေ မရှိတော့ဘူး။ အဖေတစ်ခု သမီးတစ်ခု ဘဝကွ။ အဲ့ဒါကြောင့် သူတို့သားအဖက အရမ်းချစ်ကြတာ"

"ဟ ... မင်းက သိလှချည်လား"

ထိန်လင်းက ဖြတ်မေးလိုက်ရာ ဇေယျအောင်က ရှင်းပြသည်။

"သိဆို သူ့ကို ငါ့အစ်ကို စန်းမွန်အောင်က လိုက်ဖူးတယ်လေ"

"အိုကေသွားလား"

"ဘယ်ကလာ ကေရမှာလဲကွာ။ ကေဖို့နေနေသာသာ မသေတာပဲ ကံကောင်း"

"ဘယ်လို ဖြစ်လို့လဲ"

"မသိမ့်ဖူးဇင်ရဲ့ အဖေ ဦးဇင်နိုင်ဝင်းက အရမ်း ဒေါသကြီးတာကွ။ သူ့သမီးကိုထိရင် လုံးဝမခံဘူး။ ငါ့အစ်ကို စန်းမွန်အောင်က တစ်နေ့ မသိမ့်ဖူးဇင်ကို လိုက်စကားပြောတာ။ အဲ့ဒါကို ဦးဇင်နိုင်ဝင်းက မြင်ပြီး စိတ်ဆိုးမာန်ဆိုး တုတ်နဲ့လိုက်ရိုက်တာ ငါ့အစ်ကို ခေါင်းကွဲသွားတယ်ကွ"

"ဟိုက် ... မလွယ်ကြောပါလား"

, ထိန်လင်း နည်းနည်းတော့ ရှိန်သွားသည်။ ဇေယျာအောင်က မျက်နှာကိုရှုံ့မဲ့၍ ...

"ဟုတ်တယ်ကွ။ တကယ့်မလွယ်ကြောပဲ။ မသိမ့်ဖူးဇင်က လှပေမယ့် အခုအချိန်ထိ ချစ်သူရည်းစားမရှိသေးဘဲ တစ်ကိုယ်တည်း အပျိုကြီး ဖြစ်နေတာဟာ သူ့အဖေဦးဇင်နိုင်ဝင်းကြောင့်ပဲ"

"မင်းအစ်ကိုက အခု မသိမ့်ဖူးဇင်ကို ဆက်လိုက်သေးလား"

"ဟင့်အင်း ... ခေါင်းကွဲပြီးကတည်းက မလိုက်တော့ဘူး။ ကိုစန်းမွန်အောင်က အလွယ်တကူရရာကြုံရာ အပေအတေမလေး တစ်ယောက်နဲ့ အခုတွဲနေတယ်။ သူ့အိုးနဲ့ သူ့ဆန်ကတော့ ကွက်တိပါပဲ။ မသိမ့်ဖူးဇင်ရဲ့ ဖားသားကြီးကို သူအရမ်းလန့်သွားတာ။ အခုဆို မသိမ့်ဖူး ဇင်နဲ့ လမ်းမှာတွေ့ရင်တောင် သူ စေ့စေ့မကြည့်ရဲဘူး"

"ဒါကတော့ ကြည့်လည်းမကြည့်သင့်ပါဘူးကွာ။ မတော်တ ရော် ..."

" ×÷×÷×"

ထိန်လင်း၏ ညစ်တီးညစ်ပတ် စကားကြောင့် ဇေယျာအောင်က ပျစ်ပျစ်နစ်နစ်ဆဲ၏။ ပြီးမှ နောက်ဘက်၌ချန်၍ ခေါင်းငိုက်စိုက်ဖြင့် လျှောက်

နေသော သူထက်အား ရပ်စောင့်နေလိုက်သည်။ သုထက် နံဘေးရောက်လာတော့မှ ...

"စပရိန် ငြိမ်လှချည်လား။ မင်းလည်း မသိမ့်ဖူးဇင်ကို လိုက်မှာဆိုရင် စဉ်းစားဦးနော်။ ဦးဇင်နိုင်ဝင်းက သူ့သမီးကိုအရမ်းချစ်ပြီး ဒေါသကြီးတာနဲ့ မင်းက အစအနောက်သန်တာနဲ့ဆိုရင် အခြေအနေက ကောင်းကွက်မြင်သာစရာ ငါတော့သိပ်မမြင်ဘူး"

"အေးပါကွာ။ ငါလည်း စဉ်းစားနေတာပါ"

"ဘာလဲ။ နောက်ဆုတ်ဖို့လား"

"မဟုတ်ပါဘူး။ မမကိုငါချစ်တဲ့အကြောင်း စာရေးပြီး ပွင့်ပွင့်လင်းလင်း အသိပေးမလို့။ အဲဒီစာကို ဘယ်လိုပေးရရင် ကောင်းမလဲ စဉ်းစားနေတာ။ မင်း ပေးပေးပါလား"

"ဟာ ... မလုပ်ပါရစေနဲ့ကွာ။ ဦးဇင်နိုင်ဝင်းက လွယ်တာမဟုတ်ဘူးကွ။ ဒေါသက ကြီးပါဘိသနဲ့။ သူ့သမီးကို ငါစာလိုက်ပေးပေးတယ်လို့သိသွားရင် ငါ့ကိုလာသတ်နေဦးမယ်"

ဇေယျာအောင်က အကြောက်အကန်ငြင်းသည်။ သုထက်က ထိန်လင်းအား ကြည့်၍...

"ဒါဆို ... ထိန်လင်း ပေးပေးကွာ"

"ငါ ... ငါက ... ကြောက်တတ်တယ်ကွ။ ဒီကောင် ပြောပုံအရဆိုရင် မင်းယောက္ခထီးလောင်းကြီးသိရင် တကယ်ဆော်လောက်တယ်။ ငါ့မှာက ခေါင်းတစ်လုံးလည်း အပိုမပါတော့ ... အဟဲ ... မပေးရဲဘူး"

ထိန်လင်းကလည်း ခြေတကာကာ လက်တကာကာဖြင့် ဖယ်ရှောင်သည်။ ဒီတော့ သုထက်က နားထင်ကို လက်နှင့်ထောက်ပြီး စဉ်းစားလေ

သည်။ ခဏကြာတော့ ဝမ်းသာအားရ လက်ဖျောက်တီး၏။

"ဟုတ်ပြီ၊ ငါ အကြံရပြီ"

"ဘယ်လို အကြံရတာလဲဟ။ ငါတို့ကိုလည်း ပြောစမ်းပါဦး"

ဇေယျာအောင်က မေးလိုက်ရာ သုထက်က ညစ်ကျယ်ကျယ် ပြုံးလျက် ...

"မင်းတို့နှစ်ကောင်က မပေးပေးဘူးဆိုတော့ ... မမကို ငါပေးမယ့် ချစ်သဝဏ်လွှာကို သူ့အဖေကြီးကတစ်ဆင့် ပေးခိုင်းဖို့ ငါဆုံးဖြတ်လိုက်ပြီ"

"ဗုဒ္ဓေါ ..."

"ဘဂဝါ ..."

ထိန်လင်းနှင့် ဇေယျာအောင်၏ မျက်လုံးတွေ အလွန်အကျွံ ပြူးထွက်လာကြသည်။ သုထက်ဆိုသောကောင်က ပေါက်ကရ လုပ်နေကျမို့ သူတို့ လန့်သွားမိ၏။

ဇေယျာအောင်က သေချာအောင်မေးသည်။

"ဟိတ်ကောင် စပရိန် ... မင်း တကယ်ပြောနေတာလား"

"တကယ်ပေါ့ကွ။ ငါကလည်း အဲဒီလို ဒေါသကြီးတဲ့ လူမျိုးကိုမှ စချင်တာ။ ဘာလဲ ... မင်းတို့က မယုံလို့လား"

"မယုံတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီကိစ္စက မင်းထင်သလောက်တော့ လွယ်ကူမှာမဟုတ်တာ သေချာတယ်"

"ဒါဆို သတ်မှတ်ချက်ကလေး ဖြစ်သွားအောင် နှစ်ယောက်တစ်ယောက် လောင်းမလား"

သုထက်က သူ့အစွမ်းအစကို ယုံကြည်မှုအပြည့်ဖြင့် စိန်ခေါ်လိုက်ရာ ဇေယျာအောင်က ထိန်လင်းကိုကြည့်၍ မေးဆတ်ပြလိုက်သည်။

ထိန်လင်းက သဘောတူကြောင်း ခေါင်းညိတ်ပြမှ စိန်ခေါ်မှုကို လက်ခံသည်။

"အပျင်းပြေပေါ့။ လောင်းကြမယ်လေ"

"အိုကေ ... ဒါဆိုရင် မနက်ဖြန် အခုလိုအချိန်လောက်ဆိုရင် ငါ့ရဲ့ ချစ်သဝဏ်လွှာက မမရဲ့ဖားသားကြီးပေးလို့ မမလက်ထဲကို ရောက်နေစေရမယ်။ အဲ့ဒါဆိုရင် မင်းတို့နှစ်ယောက် ငါ့ကို ဘီယာ အဝတိုက်"

"မရောက်ဘူးဆိုရင်ကော ..."

"မင်းတို့နှစ်ယောက်ကို ငါ ဘီယာအဝတိုက်မယ်"

သုထက်က ပြုံးပြုံးရွှင်ရွှင်ပင် ပြော၏။ ပြဿနာ ပျားအုံကြီးအား တုတ်နှင့် ထိုးဆွရမည့် အရေးကို သူမို့လို့ စိတ်အေးလက်အေး တက်ကြွနေသည်။ ဒါတောင် လေကလေး တချွန်ချွန်ဖြင့် လမ်းဘေးမှ တွေ့သည့် ပြောင်းဖူးစည်းရိုး တစ်ခုအား ကောက်ယူပြီး ဆိုင်ကယ်တစ်စီး၏ အိပ်ဇောပေါက်ထဲ ထိုးထည့်ပစ်ခဲ့သေးသည်။

ဘုမသိဘမသိနှင့် ဆိုပါက ထိုဆိုင်ကယ်သမားတော့ စက်နှိုးရခက်ပြီ။ သုထက်လုပ်ရပ်ကိုကြည့်ပြီး ဝါသနာတူသော ထိန်လင်းနှင့် ဇေယျာအောင်က သဘောကျစွာ ရယ်ကြသည်။

အဲဒီကောင်ဟာလေ...

စပရိန်ဆိုတဲ့ အတိုင်းပဲ
ပြောင်တောင်တောင်နဲ့
ကဲကို ကဲတယ်!

✧ ✧ ✧

## အခန်း(၅)

'စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့'ဆို သော ဆောင်ပုဒ်အား တစ်စိတ်တစ်ပိုင်းသာသာ လိုက်နာဆောင်ရွက်သူ တစ်ဦးရှိပါသည်။ ထိုသူသည် ဦးဇင်နိုင်ဝင်းဖြစ်၏။

ဦးဇင်နိုင်ဝင်းသည် ညဘက်ဆိုလျှင် စောစောအိပ်လေ့အိပ်ထ မရှိ ပေမယ့် မနက်ဘက်ဆိုလျှင် စောစောထပြီး အိမ်ပြင်ထွက် လမ်းလျှောက် လေ့ရှိသည်။ ဒီနေ့ မနက်စောစော သူ နိုးလာတော့ ထုံးစံအတိုင်း တုတ် ကောက်ကလေးကိုဆွဲပြီး လမ်းလျှောက်ထွက်ဖို့ ပြင်သည်။

ခြံထဲသို့ သူဆင်းလာသောအခါတွင် ထူးခြားသော မြင်ကွင်းတစ်ခု အား အံ့ဩစွာ တွေ့မြင်လိုက်ရပါ၏။

"ဟာ ... ဗူးကြီးတစ်ဗူးပါလား"

ပိတ်ထားသော ခြံတံခါးပေါက်ဝ၏ အတွင်းထဲဘက်၌ နှစ်ဆယ့် တစ်လက်မဆိုဒ်လောက်ရှိမည့် တီဗွီထည့်သည့် စက္ကူဗူးကြီးတစ်ဗူးက အခန့်သား ရောက်ရှိ၍နေသည်။

"ဒီ ဗူးကြီးကို ဘယ်သူ လာပို့ထားတာပါလိမ့် ..."

ဦးဇင်နိုင်ဝင်းသည် စိတ်ဝင်တစားဖြင့် အနားသို့ ကပ်ကြည့်လိုက်သည်။ ထိုအခါ ဗူးခွံစက္ကူပေါ်မှာ ဆော့ပင်အနီနှင့် ရေးသားထားသော စာများကိုပါ တွေ့ရှိလိုက်ရ၏။

ဤပစ္စည်းသည် မသိမ့်ဖူးဇင်အတွက် ပစ္စည်းဖြစ်သည်။ ဂုဏ်သိက္ခာရှိ၍ အကျင့်စာရိတ္တကောင်းသော လူများသည် ကိုယ်နှင့်မသက်ဆိုင် သော ကိစ္စအား လုံးဝဝင်ရောက် စွက်ဖက်ခြင်းမရှိပေ။ ဤအတွင်း၌ အလွန်အင်မတန် အဖိုးအနဂ္ဃကြီးမားသော ပစ္စည်းပါရှိသောကြောင့် လွှင့် မပစ်ပါနှင့်။ ကာယကံရှင် မသိမ့်ဖူးဇင်ထံသို့ အရောက်ပို့ပေးပါရန် လေးစားစွာ အကူအညီတောင်းခံအပ်ပါသည်။

လူကြီးမင်း၏ ဂုဏ်သိက္ခာကို ကျွန်ုပ်ယုံကြည်ပါသည်။

ပုံ-သမောင်းလက်

"ဟာ ... သမောင်းလက်ဆိုပါလား။ ဘယ်လို လူစားပါလိမ့် ..."

ဗူးခွံပေါ်ရှိစာကိုဖတ်ပြီး ဦးဇင်နိုင်ဝင်း ပူစီဖြစ်သွားသည်။ သမောင်းလက် ဆိုသူကိုလည်း အရမ်းစိတ်ဝင်စားသွားမိသည်။ ဗူးအတွင်းရှိ အလွန်အင်မတန် အဖိုးအနဂ္ဃကြီးမားလှပါသည်ဆိုသော ပစ္စည်းကိုလည်း သိချင်သွား၏။

ဖွင့်ကြည့်ရန် ဟန်ပြင်ပြီးမှ ဗူးခွံပေါ်တွင် ရေးထားသော '**ဂုဏ်သိက္ခာရှိ၍ အကျင့်စာရိတ္တကောင်းသော လူများသည် ကိုယ်နှင့်မသက်ဆိုင်သော ကိစ္စအား လုံးဝဝင်ရောက်စွက်ဖက်ခြင်း မရှိပေ**'ဆိုသော စာကြောင်းနှင့် '**လူကြီးမင်း၏ ဂုဏ်သိက္ခာကို ကျွန်ုပ်ယုံကြည်ပါသည်**'ဆိုသော စာကြောင်းကြောင့် ဖွင့်မကြည့်ဖြစ်တော့ပေ။

စာပါ ညွှန်ကြားချက်အတိုင်းသာ ဒီဗူးကြီးကို သမီးဖြစ်သူထံ သွားရောက် ပို့ဆောင်ပေးရန် ဆုံးဖြတ်လိုက်လေ၏။ ထို့နောက် လက်ထဲမှ

တုတ်ကောက်ကိုချပြီး ဖူးကြီးကို အားအင်အပြည့်နှင့် ကောက်မထည့်ဒိုက်ရာ ...

"ဟင် ... ပေါ့ပေါ့လေးပါလား"

ဖူးကြီးက သူ့လက်ထဲ အသာအယာပါလာသဖြင့် ဦးဇင်နိုင်ဝင်း အံ့သြသွားသည်။ ပြီးမှ အတွေးတစ်မျိုးပေါက်သွားသည်။

"အင်း ... တန်ဖိုးဆိုတာက ပေါ့တာ လေးတာနဲ့ မဆိုင်ပါဘူးလေ။ ပတ္တမြား ဆန်ကျိုး အဖိုးပြည့်တန်ဆိုတဲ့ စကားတောင်ရှိသေးတာပဲ။ အင်း ... ငါ့သမီးတော့ သမောင်းလက်ဆိုတဲ့ ပုဂ္ဂိုလ်ထူး မ,စလို့ ကောင်းစားတော့မယ်နဲ့ တူတယ် ..."

ဦးဇင်နိုင်ဝင်းသည် စက္ကူဖူးကြီးအား ထမ်းပြီးအိမ်ထဲသို့ ပြုံးပြုံးကြီး လှမ်းဝင်သွားလေသည်။ အိမ်ထဲရောက်သောအခါ စက္ကူဖူးကြီးအား တရိုတသေ နေရာချပြီး အိမ်တံခါးကို သေချာစွာသွားပိတ်လိုက်၏။ ပြီးမှ အိပ်ယာမထသေးသော သမီးဖြစ်သူ၏ အခန်းတံခါးကို သွားခေါက်သည်။

"ဒေါက် ... ဒေါက် ..."

"သမီးရေ ... သမီး ... ထဦး ..."

အခန်းတံခါးပွင့်ပြီး သိမ့်ဖူးဇင်ထွက်၍ လာသည်။ စောစောစီးစီး မနိုးစဖူး အနှိုးခံလိုက်ရသဖြင့် သူမ ပူစီဖြစ်နေသည်။

"ဘာကိစ္စရှိလို့လဲ အဖေ"

"လာဦး သမီးရဲ့။ ဒီမှာ သမီးအတွက် အလွန်အင်မတန် အဖိုးအနဂ္ဃတိုက်တန်တဲ့ ပစ္စည်းတစ်ခုရောက်နေတယ်။ လာ ... လာ ... အမြန်လာ"

ဦးဇင်နိုင်ဝင်းက သမီးဖြစ်သူကို စက္ကူဗူးကြီးဆီ ပျာပျာသလဲ ဦး ဆောင်၍ခေါ်သွားသည်။ သိမ့်ဖူးဇင်ခမျာ နဝေတိမ်တောင်ဖြင့် လိုက်လာခဲ့ ရ၏။ စက္ကူဗူးကြီးဆီ ရောက်သောအခါတွင် ...

"ကဲ ... ဒီမှာ သမီးအတွက် ပစ္စည်း"

"ဟင် ... တီဗွီဗူးခွံကြီးပါလား။ အဲ့ဒါကြီးကို သမီးက ဘာလုပ်ရမှာ လဲအဖေရဲ့"

"ဗူးခွံပေါ်မှာ စာရေးထားတယ်လေ သမီးရဲ့။ သေချာ ဖတ်ကြည့် ပါဦး"

ဦးဇင်နိုင်ဝင်းက တိုက်တွန်းလေရာ သိမ့်ဖူးဇင်သည် အူလည်လည် ဖြင့် ဗူးခွံစက္ကူပေါ်မှ စာတွေကိုဖတ်ရ၏။ ဖတ်ပြီးသည့်အခါတွင် နားမလည် နိုင်စွာ သူမ အံ့ဩသွားသည်။

"ဒါ ... ဒါ ... ဘာလဲ အဖေ"

"ဘာလဲဆိုတာ သိရအောင် ဒါကိုဖွင့်ကြည့်မှပေါ့ သမီးရဲ့။ အဖေ ကတော့ ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စမို့လို့ ကိုယ့်ဂုဏ်သိက္ခာကို ထိန်းတဲ့အနေနဲ့ မဖွင့်ချင်ဘူး။ သမီးအတွက် ပစ္စည်းကို သမီးဘာသာပဲ ဖွင့်။ အဖေက ဘေးကနေ ကြည့်မယ်။ မြန်မြန်လေးလုပ်ပါ သမီးရဲ့"

ဦးဇင်နိုင်ဝင်းက သမီးဖြစ်သူကို ဆော်ဩသည်။ အဟွင်းထဲမှာ ဘာပစ္စည်းပါလာမလဲဆိုတာ သူ သိချင်စိတ် သိပ်ပြင်းပြနေလေပြီ။

သိမ့်ဖူးဇင်က စက္ကူဗူးခွံ၏ ထိပ်ဝမှာ ကပ်ထားသော တိပ်တွေကို ဆွဲခွာလိုက်သည်။ ပြီးတာနှင့် အဖုံးကိုဖွင့်ပြီး အထဲသို့ ငုံ့ကြည့်၏။ ဦးဇင်နိုင် ဝင်းက အငလာတကြီးဖြင့်မေးသည်။

"အထဲမှာ ဘာပါလဲ သမီး။ ဘာပစ္စည်းလဲ"

"ရွှေ … ရွှေ …"

"ရွှေချောင်းကြီးလား သမီး"

"မဟုတ်ဘူး။ ရွှေဗဟို မီးအားမြင့်စက်ထည့်တဲ့ ဗူးခွံကြီး"

"အင်"

သိမ့်ဖူးဇင်က မီးအားမြင့်စက်ထည့်သည့် ခတ်လတ်လတ်အရွယ် စက္ကူဗူးခွံတစ်ခုကို ဆွဲထုတ်လိုက်သည်။ ဦးဇင်နိုင်ဝင်းက ထိုဗူးကိုယူပြီး လှုပ်ကြည့်သည်။ ထိုအခါ အထဲမှ ဂလောက် ဂလောက်အသံတွေအား ကြားရ၏။

"အသံကြားတယ် သမီး။ အထဲမှာ ပစ္စည်းတစ်ခုရှိတာ သေချာတယ်။ ဒီဗူးကိုဖွင့်လိုက်"

"ဟုတ်ကဲ့ အဖေ"

သိမ့်ဖူးဇင်က ထိပ်ဝမှာ ပိတ်ထားသော တိတ်ကိုခွာပြီး မီးအားမြင့် စက်ဗူးကို ဖွင့်လိုက်ပြန်သည်။ ပြီးတာနှင့် အထဲသို့ကြည့်၏။ ဦးဇင်နိုင်ဝင်း က ဒီတစ်ခါလည်း အလောတကြီးဖြင့်…

"ဘာတွေ့လဲ သမီး"

"ဗူးအဖေ … ဗူး …"

"ဘာဗူးလဲ။ ရတနာတွေ ထည့်ထားတဲ့ဗူးလား"

"ဟင့်အင်း … မဟုတ်ဘူး။ လျှပ်စစ်မီးပူထည့်တဲ့ ဗူးခွံကြီး"

သိမ့်ဖူးဇင်က မီးအားမြင့်စက်ထည့်သည့် ဗူးခွံအတွင်းမှ လျှပ်စစ် မီးပူထည့်သည့် ဗူးခွံတစ်ခုကို ဆွဲထုတ်လိုက်သည်။ ဦးဇင်နိုင်ဝင်းက ထိုဗူးကို ယူပြီး နားနားကပ်(…) လှုပ်ကြည့်ပြန်သည်။

"အသံ … အသံ … အသံကြားရသေးတယ် သမီးရဲ့။ ဂလောက် ဂလောက်နဲ့။ စိတ်မလျှော့နဲ့ဦး။ ဒီဗူးကိုလည်း ဖွင့်လိုက်"

"ဟုတ် ... ဟုတ်ကဲ့ ... အဖေ ..."

သိမ့်ဖူးဇင်က တိပ်တွေကို ဆွဲခွာပြီး လျှပ်စစ်မီးပူထည့်သည့် ဗူးကို ဖွင့်ကြည့်ပြန်သည်။ ဦးဇင်နိုင်ဝင်းကလည်း ရင်တထိတ်ထိတ်ဖြင့် သိချင်စိတ်ကြီးမားစွာ မေးပြန်သည်။

"ဘာတွေ့လဲ သမီး"

"ဗူးပဲ အဖေ။ ဗူးပဲ"

"ဘာဗူးလဲ သမီး"

"သွားတိုက်ဆေးဗူးလေး အဖေ"

"ဟေ"

သားအဖနှစ်ယောက်စလုံး ခေါင်းစားကုန်သည်။ အရွယ်စုံ ဗူးခွံတွေကလည်း သူတို့နံဘေးမှာ ပုံနေပြီ။ သိမ့်ဖူးဇင်က သူမ လက်ထဲမှ လေဆာသွားတိုက်ဆေးဗူးခွံလေးကို စိတ်ပျက်လက်ပျက်ကြည့်၍ ညည်းသည်။

"ဘယ်လိုဖြစ်တာလဲ အဖေရယ်။ တန်ဖိုးကြီးတဲ့ ပစ္စည်းပါတယ်ဆိုပြီး စက္ကူဗူးခွံတွေသာ တစ်ခုပြီးရင်းတစ်ခု ထွက်လာနေပါလား။ တီဗွီဗူးခွံကနေ သွားတိုက်ဆေးဗူးအထိ ချုတ်လာတာ အခုဆို သေးသေးလေးပဲ ကျန်တော့တယ်"

"ဒါကတော့ သမီးရယ် တန်ဖိုးကြီးတဲ့ ပစ္စည်းဆိုတော့ လုံခြုံအောင် အထပ်ထပ်လုပ်ထားတာ ဖြစ်မှာပေါ့။ စိတ်မလျှော့ပါနဲ့။ ဒီတစ်ခါတော့ နောက်တစ်ဗူးမရှိနိုင်တော့ပါဘူး။ ဆုံလည်း မဆုံနိုင်တော့ဘူး။ ကဲ ... ဒီဗူးကို သာ ဖွင့်ပေတော့။ သတိလည်း ထားဖွင့်ဦးနော်။ အထဲက ပစ္စည်းပျက်စီးသွားဦးမယ်"

ဦးဇင်နိုင်ဝင်းက စိတ်မလျှော့နိုင်သေးဘဲ ပြောပြန်ရာ သိမ့်ဖူးဇင်က သွားတိုက်ဆေးဗူးခွံကို ဖွင့်ရပြန်၏။ ဒီတစ်ခါတော့ ဦးဇင်နိုင်ဝင်း မမေးခင် သိမ့်ဖူးဇင်၏ အသံက ဦးစွာအလျင် ထွက်ပေါ်လာသည်။

"တွေ့ပြီအဖေ ... တွေ့ပြီ"

"ဘာလဲ သမီး။ ဘာကြီးလဲ"

"စက္ကူလေးတစ်ရွက် အဖေ"

"ဟာ ဒါဆို ချက်လက်မှတ်တို့ ရတနာသိုက်မြေပုံ အညွှန်းတို့ ဖြစ်နိုင်တယ်။ မပြဲစေနဲ့ သမီး။ ဖြည်းဖြည်းလုပ်"

"ဟုတ်ကဲ့ အဖေ ... ဟုတ်ကဲ့"

သိမ့်ဖူးဇင်က သတိကြီးကြီးထားပြီး သွားတိုက်ဆေးဗူးခွံအတွင်းမှ စက္ကူကို ညင်ညင်သာသာ ဆွဲထုတ်သည်။ ပြီးတာနှင့် ထိုစက္ကူကို သေသေချာချာဖြန့်ကာ သားအဖနှစ်ယောက် ခေါင်းချင်းဆိုင်ပြီး ပြိုင်တူကြည့်ကြလေသည်။

စက္ကူက A-4 ဆိုဒ် လျှောက်လွှာစာရွက် အဖြူဖြစ်ပြီး ထိုအပေါ်မှာ မင်အပြာနှင့် ရေးသားထားသည့် စာလုံးတွေက ရှင်းသည်။ လိုရင်းကို ဒက်ခနဲ တန်းသိစေ၏။

*မမသိမ့်ဖူးဇင် ...*

*မမကို ကျွန်တော်အရမ်းချစ်တယ်။ အဲ့ဒါကို မမသိစေချင်လို့ အခု လောလောဆယ် အသိပေးထားတာပါ။ အဖြေကိုတော့ နောက်မှပဲ လူကိုယ်တိုင် အေးအေးဆေးဆေး လာတောင်းပါတော့မယ်။*

*တစ်ချိန်မှာ မမရဲ့ ကလေးလေးဖြစ်လာမယ့်*

*သူထက်*

စာကြွင်း ။ ။ အခုလို ကျသီတဲ့အတွက် ဖဖရဲ့ ဖေကိုလည်း သုထက်ဆိုတဲ့ သမောင်းလက်က

အယူပင် ကျေးဇူးတင်ကြောင်းပြောပေးပါ။

"ဟင်..."

စာကို ဖတ်ပြီးသောအခါ သားအဖနှစ်ယောက်စလုံး အူလည်လည်နှင့် ပူစီဖြစ်ကုန်ကြသည်။ ဦးဇင်နိုင်ဝင်းက မအီမလည် ရုပ်ကြီးဖြင့် ...

"ဒါ ... ဒါ ... သမီးကို ပေးတဲ့ ရည်းစားစာကြီးပဲ။ ဟင်း ... ဖြောစမ်း သမီး ဒီစာကိုပေးတာ ဘယ်ကောင်လဲ"

"ဟယ် ... အဲ့ဒါ သမီးဘယ်သိပါ့မလဲ။ ဒီစာနဲ့ ဒီဗူးငွေ ကို အဖေပဲ ယူလာပေးတာလေ"

"ဟာကွာ ... တောက် ... ဟင်း ..."

ဦးဇင်နိုင်ဝင်း အခံရကြပ်နေသည်။ သမီးဖြစ်သူအား ပေးသော ရည်းစားစာကို သူကိုယ်တိုင်ယူလာမိသည့်အတွက် ရှက်လည်းရှက် ဒေါသလည်းထွက်နေသည်။

"တောက် ... သုထက်ဆိုတဲ့ သမောင်းလက်ကောင် ငါ့ကိုကြော သွားတယ်။ မင်းနဲ့ငါတွေ့ကြသေးတာပေါ့ သုထက်ဆိုတဲ့ သမောင်းလက်ရေ။ နာမည်ကိုက ကြောင်တောင်တောင်နဲ့။ သုထက်ဆို သုထက်ပေါ့။ ဘာသမောင်းလက်လဲ။ အဲ ... သမောင်းလက်ဆိုတော့ ... သမက်လောင်း။ သုထက်ဆိုတဲ့ သမောင်းလက်ဆိုတော့ ... သုထက်ဆိုတဲ့ သမက်လောင်း။ ဟာ ... ခွေးကောင်။ သုထက်ဆိုတဲ့ ခွေးကောင်"

ဦးဇင်နိုင်ဝင်းသည် စက္ကူဗူးခွံတွေကို ခြေထောက်နှင့် ကန်ထုတ်သည်။ ပါးစပ်ကလည်း နွားမသေးပန်းသကဲ့သို့ ယုတ်ယုတ်ပုံ့ပုံ့ဆဲသည်။

လူငယ်တစ်ယောက်က ဖွဲ့တာကို ခံလိုက်ရသဖြင့် သူ အောင့်သက်သက်နှင့် ထင်းနေလေသည်။

အချောင် အဖျင်းခံရမှာစိုးသဖြင့် သိမ့်ဖူးဇင် အသာရှောင်ထွက်၍ လာခဲ့သည်။ သူမသည်လည်း ပဟေဠိတစ်ပုဒ်နှင့် တစ်ပွေတည်း အလုပ် ရှုပ်နေ၏။

ဟင်း ...ဒီငမွဲလေးက ဘယ်သူများပါလိမ့်နော်...။

တင်းတော့ တင်းဖယားပဲ...။

✧ ✧ ✧

## အခန်း(၆)

အဝါရောင်သန်းသော နေခြည်သည် ကမ္ဘာမြေပေါ်သို့ ဝတ္တရား မပျက် သက်ဆင်းလျက်ရှိသည်။ သုထက်တို့ သူငယ်ချင်းသုံးယောက်သည် နေရောင်အောက်တွင် အသက်ဝင်နေသော ကြည်နူးရိပ်ဆိုင်ကလေးမှာ အတူတကွ ရောက်ရှိ၍နေကြ၏။

သုံးယောက်သား လည်တဆန့်ဆန့်နှင့် ...။ တစ်စုံတရာ အလာကို စောင့်ကြိုင့်လင့်နေလေသည်။ ထိန်လင်းက စိတ်မရှည်ဟန်ဖြင့် ...

"စပရိန် ... မင်းမမက ဒီကိုလာမှာကော သေချာရဲ့လားကွာ"

"သေချာပါတယ်ကွာ ... တစ်ရက်အတွင်းမှာ မမအကြောင်း အားလုံး နီးပါးကို ငါစုံစမ်းပြီးသွားပြီ။ မမ အသက်က နှစ်ဆယ့်ရှစ်နှစ်ဆို တာရယ်၊ လော (Law) နဲ့ ကျောင်းပြီးထားတယ်ဆိုတာရယ်၊ ရည်းစား မရှိသေးဘူးဆိုတာရယ်၊ သူ့ဖားသားကြီးက မနက်ဘက်ဆိုရင် လမ်း လျှောက်ထွက်လေ့ရှိတယ်ဆိုတာရယ်၊ မမက သူ့ဖားသားကြီးကို အရမ်း ချစ်အရမ်းကြောက်တယ်ဆိုတာရယ်၊ ဒီဆိုင်မှာ မနက်ပိုင်း ဝါးတီးလာဖွင့်တယ် ဆိုတာရယ် ... ငါသိထားပြီးပြီ"

"ဟိုက်ရှားဘား ... သွက်လှချည်လား။ မင်းကို စီအိုင်ဒီမှာ အလုပ်သွင်းပေးရင် ကောင်းမယ်ထင်တယ်"

ထိန်လင်းက သုထက်၏ အရည်အချင်းကို အသိအမှတ်ပြု ချီးကျူးလိုက်၏။ ဇေယျာအောင်က သုထက်ကို ကြည့်၍သူသိချင်တာ မေးသည်။

"ဟိတ်ကောင် ... ငါတို့လောင်းထားတဲ့ ပွဲရဲ့အနိုင်အရှုံးကိစ္စ ဘယ်လိုလဲ"

"မလောစမ်းပါနဲ့ကွာ။ အဲဒီ အဖြေကို ငါ့ မမလာတော့ သိရမှာပေါ့"

သုထက်က အေးဆေးပင် တုံ့ပြန်ပြီး ဆေးလိပ်ပြာခွက်၏ နံဘေးမှ 'လန်ဒန်၏ ထူးကဲသော အရသာ'ဆိုသော စာလုံးတွေကို လက်သည်းနှင့် စိမ်ပြေနပြေ ဖျက်နေလေသည်။ ခဏကြာတော့ သူ့လက်ချက်ကြောင့် 'လန်ဒန်၏ ထူးကဲသော အရသာ'သည် 'လဒ၏ ထကသော အရသာ' ဟူ၍ ပြောင်းလဲသွားတော့၏။

ထိုအခိုက်မှာပင် ဆိုင်ရှေ့သို့ ကားတစ်စင်း ထိုးဆိုက်လာပြီး အတွင်းမှ သိမ့်ဖူးဇင်နှင့် အမျိုးသမီးတစ်ဦးဆင်း၍လာသည်။ သူမတို့နှစ်ဦးသည် စားပွဲဝိုင်းတစ်ခုတွင် ဝင်ထိုင်ပြီး ဆီချက်တစ်ပွဲစီ မှာယူလိုက်ကြသည်။ ဒီတွင် ...

"လာ ... သွားကြမယ်"

သုထက်က သူ့သူငယ်ချင်းနှစ်ယောက်ကို မေးဆတ်ပြပြီး ထိုင်ရာမှ ထကာ သိမ့်ဖူးဇင်တို့ ဝိုင်းဆီသို့သွား၏။ ထိန်လင်းနှင့် ဇေယျာအောင်ကလည်း တက်ညီလက်ညီ နောက်မှလိုက်ကြသည်။ သိမ့်ဖူးဇင်တို့ ဝိုင်းသို့ရောက်တော့ ...

"ကျွန်တော့်ကို ထိုင်ခွင့်ပြုပါနော်"

သုထက်သည် ခွင့်တောင်းပြီးတာနှင့် ခွင့်ပြုမပြုပင် မစောင့်တော့ဘဲ ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်သည်။ ထိန်လင်းနှင့် ဇေယျာအောင်ကလည်း ထိုင်ခုံတွေဆွဲယူပြီး ခပ်တည်တည်ပဲ ရောနှောကာ ထိုင်၏။

သူတို့သုံးယောက်၏ ရဲတင်းမှုကြောင့် သိမ့်ဖူးဇင်တို့နှစ်ယောက်မှာ ခေါင်းနောက်သွားကြလေ၏။ သုထက်က သူ့အား အဆန်းတကြယ် ခံစားမှုများ ဖြစ်တည်ပေးစွမ်းခဲ့သော သိမ့်ဖူးဇင်ကို တခုတ်တရ ပြုံးပြလိုက်ပါသည်။ ပြီးမှ ...

"မမ ... ကျွန်တော့်ရဲ့ မေတ္တာဆက် သဝဏ်လွှာကို ရတယ်မဟုတ်လားဟင်"

သုထက်၏ ခပ်ကြောင်ကြောင် မေးခွန်းကြောင့် အတူပါလာသော အမျိုးသမီးက သိမ့်ဖူးဇင်ကို ပြူးကြောင်ကြောင် မျက်လုံးတွေဖြင့်ကြည့်သည်။ သိမ့်ဖူးဇင်ကတော့ တည်တည်တံ့တံ့ပင်။ သုထက်အား စိုက်ကြည့်လျက်...

"ဒါဆို မနက်ကစာက မင်းပေးတာပေါ့ ... ဟုတ်လား"

"ဟုတ်ပါတယ် မမ ... ကျွန်တော်ပေးတာပါ"

သုထက်က ခေါင်းညိတ်၍ ဝန်ခံလိုက်၏။ ရုပ်ပြောင်သော ကောင်လေးသည် မြတ်နိုးသူရှေ့၌ ကျိုးနွံစွာ မင်သေလျက်ရှိသည်။ သိမ့်ဖူးဇင်က သုထက်ကို မနေ့က သူမအား ပြေးလွှားရင်း ဝင်တိုက်သည့် ချာတိတ်မှန်း ကောင်းစွာမှတ်မိပါ၏။

"မင်းကို ငါ့အဖေ တော်တော်ဒေါသထွက်နေတယ်။ တွေ့တဲ့နေရာမှာ သတ်မယ်လို့ချည်းပြောနေတယ်။ မင်းလုပ်တာကလည်း လွန်တယ် အဲဒီလိုမလုပ်သင့်ဘူး"

"ဟဲ့ ... ဘာတွေဖြစ်ကြလို့လဲ ... ငါ့ကိုလည်း ပြောပါဦး"

သူမနှင့် အတူပါလာသော အဖော်က စပ်စပ်စုစု မေးလေရာ သိမ့်ဖူးဇင်က သုထက်ကို မေးငေါ့၍ ...

"ဒီကောင်လေးပေါ့။ ငါ့ကို ရည်းစားစာပေးတာဒလ ... ရိုးရိုးမပေးဘူး"

"ဟဲ့ ... ရိုးရိုးမပေးတော့ ဘယ်လိုပေးတာလဲ။ ... ကပေးတာလား ..."

"ဟာ ... နင်ကလည်း စကားကိုဆုံးအောင်နားထောင်ပါဦး ပေးရယ်ရယ်။ သူက စက္ကူဖူးတွေနဲ့ ပါကင်အထပ်ထပ် ထုပ်ထားတဲ့ ရည်းစားစာလေးကို တီဗွီဗူးခွံကြီးထဲ ထည့်ပြီး အိမ်ရှေ့မှာ လာချထားတာ။ ဗူးပေါ်မှာကလည်း စာတွေရေးထားသေးတယ်။ ဤပစ္စည်းသည် မသိမ့်ဖူးဇင် အတွက် ပစ္စည်းဖြစ်သည်။ ဂုဏ်သိက္ခာရှိပြီး အကျင့်စာရိတ္တကောင်းသူများသည် ကိုယ်နှင့်မသက်ဆိုင်သော ကိစ္စအား ဝင်ရောက်စွက်ဖက်ခြင်း မရှိပေ။ ဤအထဲ၌ အလွန်အင်မတန် အဖိုးကြီးမားတဲ့ ပစ္စည်းပါရှိသောကြောင့် လွှင့်မပစ်ပါနှင့်။ ကာယကံရှင် မသိမ့်ဖူးဇင်ထံ အရောက်ပို့ပေးပါရန် အကူအညီတောင်းခံအပ်ပါသည်။ လူကြီးမင်း၏ ဂုဏ်သိက္ခာကို ကျွန်ုပ်ယုံကြည်ပါသည်ဆိုပြီး ကြီးကြီးကျယ်ကျယ်တွေ လျှောက်ရေးထားတာ။ ငါ့ အဖေကလည်း မနက်ပိုင်း စောစောထ လမ်းလျှောက်နေကျဆိုတော့ အဲဒီဗူးကြီးကို တွေ့ပြီး အိမ်ထဲသယ်ချလာရော။ သူလည်း အရမ်းစိတ်ဝင်စားသွားတာဟ။ ဗူးပေါ်မှာရေးထားတဲ့ စာတွေကြောင့် ဖွင့်လည်းမဖွင့်ရဲ ... သိကလည်း သိချင်နဲ့ ... ငါ့ကို နှိုးပြီးဖွင့်ခိုင်းတယ်။ ငါ့မှာ စက္ကူဖူးတွေ တစ်ခုပြီးတစ်ခု ဖွင့်ရတာ လက်အံကိုသေရောပဲ။ အထပ်ထပ်ဖွင့်ပြီးလို့ တွေ့မယ့်တွေ့တော့

ငါ့ကိုရေး...ဲ့ ရည်းစားစာဖြစ်နေရော ... အဲဒီမှာ အဖေ ရှက်ရှက်နဲ့ ဒေါကန်ထေ့သွားတာပေါ့။ ငါ့အတွက် ရည်းစားစာကို သူ ယူလာပေးသလို ဖြစ်သွားတာကြီးကိုး''

''အိုးဟိုးဟိုး ... ဒီလိုလား ... ခွိခစ်ခစ် ... ခွိခစ်ခစ် ... ဟား''

ပေရယ်ဆိုသော အမျိုးသမီးက ငှက်ဆိုးထိုးသံကဲ့သို့ မသာမယာ ရယ်လေသည်။ ထိန်လင်းနှင့် ဇေယျာအောင်ကလည်း သဘောကျ၍ ရယ်ကြသည်။

သုထက်ကတော့ မရယ်ချေ။ သူ လုပ်ဆောင်ခဲ့တာတွေကို သူသာ အသိဆုံးမဟုတ်လား ...။ ဦးဇင်နိုင်ဝင်းက တီဗွီဗူးခွံကြီးကို ကောက်ထမ်းပြီး အိမ်ထဲဝင်သွားတာတွေ့မှ မလှမ်းမကမ်း၌ရပ်၍ အခြေအနေ စောင့်ကြည့်နေသည့် သူ ကျေနပ်စွာလှည့်ပြန်လာခဲ့တာ ဖြစ်သည်။ ထိုအကျိုးဆက်တွေထဲမှ မမ၏ ခံစားချက်ကိုသာ သူ့စိတ်က သိလိုစိတ်တွေ သိပ်ပြင်းပြနေ၏။

''မမ ... ကျွန်တော် မမကိုချစ်နေတာ သိသွားပြီဆိုတော့ ကျွန်တော့်အတွက် အဖြေကို စဉ်းစားပေးဦးလေ''

သုထက်က ဆံနွယ်ပင်တွေကို နောက်ဘက်သို့ လှန်သိမ်းထားသဖြင့် လင်းရှင်းကြည်စင်နေသော သိမ့်ဖူးဇင်၏ မျက်နှာပြင်အား မက်မောစွာ ကြည့်၍တောင်းဆိုသမှုပြုလိုက်ပါသည်။ သိမ့်ဖူးဇင်သည် တုံ့ပြန်စကားဆိုရန်အတွက် စကားလုံးရွေးချယ်နေဟန်ဖြင့် တွေဝေစွာနှုတ်ဆိတ်နေ၏။ ထိုစဉ်မှာပင် ပေရယ်က ကြားထဲဝင်ရှုပ်လေသည်။

''ဟဲ့ကောင်လေး ... နင်ကလည်း ကလေးက ကလေးလိုမနေဘူး။ ချစ်စကားတွေ ကြိုက်စကားတွေ ပြောနေတယ်။ သိမ့်ဖူးဇင်က နင့်ထက် အသက်အများကြီး ပိုကြီးတယ်ဟဲ့။ အဲ့ဒါ နင့်က ရည်းစားစာ ပေးစရာ

လား။ ကိုယ့်အမေလို သဘောထားပြီး ရှိရှိသေသေဆက်ဆံမှပေါ့"

"ဟာဗျာ ... ခင်ဗျားကလည်း"

ပေရှယ်၏ စကားကြောင့် သုထက်မျက်နှာ ရှုံ့မဲ့သွားသည်။

"ဥပမာပေးစရာ ရှားလို့ဗျာ။ ချစ်လို့ကြိုက်လို့ ရည်းစားစာ ပေးပါတယ်ဆိုမှ ကိုယ့်အမေလို သဘောထားခိုင်းနေတယ်။ မမနဲ့ ကျွန်တော်ကလည်း အဲဒီလောက် အသက်မကွာပါဘူးဗျာ။ ဆယ်နှစ်လောက်ကလေးပဲ ကွာတာပါ"

"ဘယ်လောက်ပဲ ကွာကွာ ကိုယ့်ထက်ကြီးတာပဲ။ ဂါရဝတရားလေးနဲ့ ကိုယ့်အမေလို သဘောထားလိုက်တော့ ကောင်းတာပေါ့"

"ဟာဗျာ ... ချစ်လို့ ရည်းစားစာ ပေးပါတယ်ဆိုမှ ဘာတွေပြောမှန်းလည်း မသိဘူး"

"ချစ်လေ ... ချစ်ပါ ... ရပါတယ်။ ဒါပေမယ့် ဂါရဝတရားလေးနဲ့ ကိုယ့် အမေလို သဘောထားပြီး ချစ်ပေါ့"

"အာ ... ကိုယ့်အမေလို သဘောထားပြီး ဘယ်လိုလုပ် ချစ်လို့ရမှာလဲ။ ခက်တော့ခက်နေပါပြီ။ ဆင်ဆာလွတ်အောင် ဘယ်လိုရှင်းပြရမှန်းကို မသိတော့ဘူး"

အောင့်သက်သက်နှင့် သုထက် ခံနေရသည်။ ပါးနပ်သူမို့ သူ့ကို ကြပ်နေတာမှန်း သိလိုက်၏။ ဒီပုံအတိုင်းဆို စကားကောင်းကောင်း ဆက်ပြော၍ရမှာမဟုတ်တော့ ...။ ဒါကြောင့်ပြောဖို့ အားခဲထားသမျှ စိတ်လျှော့ချလိုက်ပြီး သိမ့်ဖူးဇင်မျက်နှာကိုကြည့်ကာ ...

"အနှောင့်အယှက်တွေ ရှိနေလို့ ကျွန်တော်ပြန်တော့မယ် မမရာ။ နောက်တစ်ခေါက်မှပဲ ပြောချင်တာတွေ အေးအေးဆေးဆေး ပြောတော့မယ်"

သူထက်က သိမ့်ဖူးဇင်ကို နှုတ်ဆက်ပြီး ထိုင်ရာမှထသည်။ ထို့နောက် ပေရယ်ကိုကြည့်၍ မေးလိုက်သည်။

"အစ်မက ဝေယံနဲ့ သိလားဟင်"

"တင့်အင်း ... မသိပါဘူး။ ဘာဖြစ်လို့လဲ"

"ဩော် ... သူက အရှုးတွေနဲ့ သိတယ်ဆိုလို့ မေးကြည့်တာပါ။ သွားဦးမယ်နော်"

ပြောပြီးတာနှင့် သူထက်သည် သူ့ဝသီအတိုင်း လေကလေး တချွန်ချွန်ဖြင့် ပေါ့ပေါ့ပါးပါး ထွက်သွားသည်။ ထိန်လင်းနှင့် ဇေယျာအောင်က တခွီးခွီးရယ်ပြီး နောက်မှလိုက်ကြ၏။

ပေရယ်က သူထက်ကျောပြင်ကို ကြည့်၍ လူရိပ်မှမပျောက်သေးခင် အတင်းအုပ်ပါတော့သည်။

"အဲဒီကောင်လေးကို ငါသိတယ်ဟ။ သူက အစအနောက် အရမ်းသန်တာ။ ရုပ်ပြောင်တဲ့ နေရာမှာတော့ နာမည်ကြီးပဲ။ ဒါပေမယ့် ငါနဲ့ တွေ့တော့လည်း ခံသွားရတာပါပဲဟာ ... ခွိခစ်ခစ် ... ခွိခစ်ခစ် ... ဟား"

သူထက်လို စပရိန်ကောင်ကို ကြပ်လွှတ်လိုက်နိုင်သဖြင့် ပေရယ် ဘဝင်တွေ စွတ်မြင့်နေသည်။ သူမကိုကြည့်ကာ သိမ့်ဖူးဇင်က သိမ်မွေ့စွာ ပြုံးမနူးလေးပြုံး၍ ပြောပါသည်။

"ဟိုက နင့်ကို ဖွဲ့သွားတာကျတော့ နင်မှ မသိဘဲ ပေရယ်ရဲ့"

"ဟင် ... ဘယ်မှာဖွဲ့လို့လဲ"

"ပြန်ခါနီးမှာလေ။ သူသူငယ်ချင်းတွေတောင် ရယ်သွားသေးတယ်။ အစ်မက ဝေယံနဲ့သိလား ...၊ သူက အရှုးတွေနဲ့သိတယ်ဆိုလို့ မေးကြည့်တာပါဆိုတာ ... အဲ့ဒါ နင့်ကိုအရှုးလို့ ပြောသွားတာပေါ့ဟဲ့"

"အမ် ... သေနာကျလေး"

မခံချိမခံသာဖြစ်ပြီး ပေရယ်ဆဲလေတော့သည်။ ပေရယ်ကိုကြည့်ကာ သိမ့်ဖူးဖင်သည် တသိမ့်သိမ့်ရယ်သည်။ ပြီးသော် သူမအခါရုံ့ ရုပ်ရည်ကလေး သန့်ပြန့်ချောမောပါလျက်နှင့် လူပေါ်ကြော့ပုံပေါက်နေသည့် ကောင်ကလေး၏ လုပ်ဆောင်မှုတွေကို အမှတ်ပေးစနစ်တစ်မျိုးဖြင့် ဝေဖန်သုံးသပ်နေမိတော့၏။

နေစိုစို နံနက်ခင်းသည် တရိရိဖြင့် ရွှေရောင်ရင့်အိုလာချေပြီ။

✧ ✧ ✧

## အခန်း(၅)

ဖော်ရွေပျော့ပျောင်းသည်ဟု မဆိုသာသော်လည်း တင်းမာခက်ထန်မှုမရှိသော မမ၏ဆက်ဆံရေးကြောင့် သုထက်စိတ်တွေ ရွှင်ပျနေသည်။ မမနှင့် ပတ်သက်၍ ရှေ့ဆက်ရန် ရည်ရွယ်ထားသော ကဏ္ဍများအတွက် သူ့ရင်အုံသည် လှုပ်ခုန်စွာ နိုးကြားတက်ကြွလျက်ရှိသည်။

ပျော်ရွှင်ကျေနပ်မှုတို့ကြောင့် သူ့ လေချွန်သံသည်ပင် ပိုမိုကျယ်လောင်လို့နေပါသည်။

"ရှို ... ရှို ... ဟိတ်ကောင်တွေ ... ဒီပွဲမှာ ငါနိုင်တာနော်။ ကတိအတိုင်း မင်းတို့နှစ်ကောင် ငါ့ကိုဘီယာ အဝတိုက်ပေတော့"

"အေးပါကွာ။ တိုက်ပါမယ် စပရိန်ရာ။ မင်းဟာလေ ပေါက်ကရလုပ်တဲ့နေရာမှာတော့ တော်တော်ဉာဏ်ပြေးတယ်။ ဒါနဲ့ ဟိုတစ်ယောက်ပြောတာကို မင်းစဉ်းစားပြီးသွားပြီလား"

"ဘာကိုလဲ"

"မသိမ့်ဖူးဖင်ကို အမေလို သဘောထားဖို့ဆိုတာလေ"

"တော်စမ်းပါကွာ။ ခွီးတဲ့မှဘဲ ..."

သုထက်မျက်နှာ ရှုံ့မဲ့သွားပုံကိုကြည့်ပြီး ထိန်လင်းနှင့် ဇေယျာအောင်က ရယ်ကြသည်။ သုထက်က လမ်းလျှောက်နေရင်း နှစ်ယောက်ကြားထဲမှ ထိန်လင်းနှင့် ဇေယျာအောင်၏ ပခုံးကိုဖက်၍ ...

"မမက ငါ အခုလို လုပ်တာကိုတောင် ငါ့ကို ဟောက်မထုဖ်ဘူးနော်။ ပြေပြေလည်လည် ဆက်ဆံတယ်။ အဲ့ဒါကို မင်းတို့ဘယ်လို သဘောရလဲ"

"အဲ့ဒါကတော့ ... မင်းကို ချာတိတ်ကလေးဆိုပြီး အရေးမစိုက်တာလည်း ဖြစ်နိုင်တယ်။ ဒါမှမဟုတ် သူကိုယ်တိုင်က အညှာမခိုင်လို့လည်း ဖြစ်နိုင်တယ်။ သက်တမ်းရင့်လာတဲ့ သစ်သီးတွေက ကြာတော့အညှာမှာ မမြဲချင်တော့ဘူးကွ။ စားသုံးသူတွေအတွက် ကြွေကျချင်နေပြီ။ အဲဒီလိုပဲ မသိမ့်ဖူးဖင်ကလည်း အညှာက ပြုတ်ချင်နေတဲ့ သစ်သီးတစ်လုံးဖြစ်နိုင်တယ်"

"အေးနော် ... စဉ်းတော့ စဉ်းစားစရာပဲ။ မိန်းမတွေဆိုတာ သစ်သီးတွေလိုပဲ။ အမှည့်လွန်ပြီး ရှုံ့တွသွားရင် ဘယ်သူမှစိတ်မဝင်စားကြတော့ဘူး"

ဇေယျာအောင်၏ စကားကို သုထက်က တွေးတွေးဆဆဖြင့် ထောက်ခံလိုက်သည်။ ထိန်လင်းကလည်း သူစိတ်ကူးမိတာကို တင်ပြ၏။

"မိန်းမတွေက သစ်သီးနဲ့တူတယ်ဆိုရင် ... သရက်သီးကျတော့ ဖင်ရှုံ့လေချိုလေပဲကွ။ အဲဒီလိုပဲ မင်းမမက သရက်သီးလို မိန်းမမျိုးဆိုရင်တော့ မင်း ကံထူးတာပဲ စပရိန်။ အိုဇာတာတော့ ကောင်းပြီ ...အဟီးဟီး"

"ဟာကွာ ... ဒီကောင်"

သုထက်က စပ်တိစပ်ဖြဲလုပ်နေသော ထိန်လင်း၏ ပေါင်ကို ဒူးနှင့် တိုက်ပစ်လိုက်သည်။ ဇေယျာအောင်က ...

"စပရိန် ... မသိမ့်ဖူးဇင်နဲ့ ပတ်သက်ပြီး မင်းဘယ်လို ဆက်လုပ်ရှားမယ် မှန်းထားလဲ"

"အခုလောလောဆယ် မမရဲ့ဖားသားကြီးက တင်းနေတာကွ။ အဲ့ဒါကြောင့် သူနဲ့ငါ့ကြားမှာ ငြိမ်းချမ်းရေးရအောင် အရင်ဆောင်ရွက်ရမယ်။ အဲ့ဒါမှ ရှေ့ခရီးစဉ်က အဆင်ချောမှာ"

"သူ့သမီးနဲ့ ပတ်သက်ရင် အပြဲရန်လိုနေတဲ့ လူကြီးနဲ့ ငြိမ်းချမ်းအောင် မင်းကဘယ်လိုလုပ်မှာလဲ"

ဇေယျာအောင်၏ မေးခွန်းကြောင့် သုထက်တွေဝေသွားသည်။ သူ့အကျင့်အတိုင်း နားထင်ကိုလက်နှင့် ထောက်ကာ အတန်ကြာ အကြံထုတ်၏။ ပြီးမှ လက်ဖျောက်တီး၍ ...

"ငါ ... တစ်ခုစိတ်ကူးမိတယ်။ လာကွာ ... ဟိုကောင် မျိုးလေးဆီ သွားရအောင်"

"မျိုးလေးဆိုတာ ဆိုင်ကယ်စတန့်မင်းသားရှူး ရှူးနေတဲ့ကောင်ကို ပြောတာမဟုတ်လား"

"အေး ... ဟုတ်တယ်"

"အဲဒီကောင်ဆီ ဘာသွားလုပ်မှာလဲ"

"ငါ့ အစီအစဉ်မှာ ဒီကောင့်ကို အသုံးချစရာ ရှိလို့ပါကွာ။ လာ... သူ့အိမ်သွားကြမယ်"

သုထက်က ဦးဆောင်ပြီး ခြေလှမ်းသွက်လိုက်ရာ ထိန်လင်းနှင့်

ဇေယျာအောင်လည်း ပါလာကြသည်။ သူတို့သည် အားလပ်ချိန်များကို ဂှယ်လင့်တကူ ဖြုန်းတီးပစ်နေသော အလယ်အလတ်တန်းစား လေလွင့် သူငယ်လေးတွေ ဖြစ်သည်။

မိနစ် အနည်းငယ်ကြာပြီးသောအခါ မျိုးလေးအိမ်သို့ သူတို့သုံး ယောက် ရောက်ရှိသွားကြတော့၏။ ခြံထဲမှာ ဆိုင်ကယ်တစ်စီးနှင့် အလုပ်ရှုပ် နေသော မျိုးလေးကိုမြင်တာနှင့် သုထက်က လေသံချိုချိုဖြင့် နှုတ်ဆက် လိုက်သည်။

''မျိုးလေး ... သူငယ်ချင်း ... နေကောင်းလားကွ''

''ဟာင် ... စပရိန်ကောင်''

မျိုးလေး ခန္ဓာကိုယ် မတ်ခနဲဖြစ်သွားသည်။ ပြီးတော့ ဒေါနှင့်မော နှင့် သုထက်ထံ လျှောက်လာသည်။ အနားရောက်တော့ ကောသည်။

''ဟိတ်ကောင် စပရိန်ကောင် ... မင်း ဟိုတစ်နေ့က ငါ့ကောင်မလေး ကို ငါက အခြောက်တစ်ယောက်နဲ့ ကြိုက်နေတာ၊ အဲဒီအခြောက် အိမ်ကိုတောင် ညဘက်တွေ လိုက်အိပ်တယ်လို့ ပြောခဲ့တယ်ဆို''

''ထားပါ သူငယ်ချင်းရာ၊ အချင်းချင်းတွေ မိတ်ပျက်ခံပြီး အဲ့ဒါတွေ ပြောမနေပါနဲ့။ ငါက မင်းကိုချစ်လို့ ကျီစားတာပါကွာ''

''ဘာကျီစားကာလဲ။ အခုဆို ငါ့ကောင်မလေးက ငါ့ကို အခြောက် နဲ့ ညအိပ်တဲ့ ကောင်ဆိုပြီး ဖြတ်သွားပြီကွ။ အဲ့ဒါ မင်းကြောင့်''

''အေးပါ သူငယ်ချင်းရာ ... အဲဒီကိစ္စကို ငါဖြေရှင်းပေးပါမယ်ကွာ မင်းကောင်မလေးက မင်းကို အခြောက်နဲ့ ညအိပ်လို့ ဖြတ်သွားတယ်ဆို တာ ...အဲ့ဒါ အထာပေးတာကွ။ အခြောက်နဲ့ ညအိပ်တာကို မကြိုက်ဘူး ဆိုတော့ ... သဘောကတော့ကွာ ... ဟဲ ... ဟဲ ... မင်းလည်း ပညာရှိတစ်

ယောက်ပဲ မျိုးလေးရာ။ အရိပ်ပြရင် အကောင်မြင်တတ်ပါတယ် ... သိတယ်မို့လား ဟဲ ... ဟဲ ...''

သုထက်က မျက်နှာချိုသွေးရင်း အချွန်နှင့် ထပ်ဆင့်ကာ မ,လိုက်ပြန်ရာ ဒေါသထွက်နေသော မျိုးလေးမျက်နှာ ပြုံးဖြဲဖြဲဖြစ်လာသည်။

''အေးကွ ... မင်းပြောတာ ဟုတ်သားပဲ။ အဲ့ဒါကို ငါလုံးဝ မတွေးမိဘူး။ ကြည့်စမ်း ... သူက ဒီလိုကိုး''

''ဒါပေါ့ကွ။ အဲ့ဒါကို မင်းသိဖို့ပဲ လိုတာပါ။ သိတယ်နော်''

''သိပြီ သူငယ်ချင်း ... သိသွားပြီ။ သူက ဒီလိုအထာပေးနေမှတော့ ကွာ ... ဟင်း ... ဟင်း ... မျိုးလေးကလည်း လက်နှေးတဲ့ကောင်မှ မဟုတ်တာ။ အထာပေးရင် ဆရာလေးတောင် ချန်ဝဲ့ကောင်မဟုတ်ဘူး။ တွေ့ကြပြီပေါ့ကွာ''

မျိုးလေး၏ အာရုံသည် သုထက်၏ ကုလားဖန်ထိုးမှုအောက်တွင် ပြောင်းလဲသွားလေသည်။ သုထက်သည် ဗလောင်းဗလဲ လုပ်ရာတွင် ထူးချွန်လှ၏။ 'ယ'ကိုပင် 'က'ဖြစ်အောင် ပြောနိုင်စွမ်းရှိသည့် ပါးစပ်ပိုင်ရှင်ဖြစ်သည်။

သုထက်သည် မျိုးလေးအခြေအနေကို အကဲခတ်ရင်း ဒေါသပြေလာတာ သေချာမှ ...

''သူငယ်ချင်း ... မင်းက ဆိုင်ကယ်စီး ကျွမ်းတယ်ဆိုတော့ မင်းကို ငါ အကူအညီတစ်ခုလောက် တောင်းချင်တယ်ကွာ''

''ဘာအကူအညီလဲ ... ပြောလေ။ ဆိုင်ကယ်နဲ့ ပတ်သက်ရင်တော့ ကူညီဖို့ အဆင်သင့်ပဲ''

မျိုးလေးက လိုလိုလားလားပင် မေးသည်။ သုထက်က မျိုးလေး

ပခုံးကို တရင်းတနှီးဖက်၍ ...

"လာကွာ ... ငါတို့ ဘီယာဆိုင် သွားကြမယ်။ဟိုရောက်မှ အေးအေးဆေးဆေး ပြောကြတာပေါ့"

"ဘီယာဆိုင် ...ဟုတ်လား"

"ဘာလဲ ... မင်းကမသောက်ဘူးလား"

"အခုချက်ချင်း သွားဖို့ ပြောမလို့ပါကွာ။ အဟီး ... လာ ... မြန်မြန် ရောက်အောင် ငါ့ဆိုင်ကယ်နဲ့ သွားကြမယ်"

မျိုးလေးက သွက်သွက်လက်လက်ပင် သူ့ဆိုင်ကယ်ပေါ် တက်ခွသည်။ သုထက်က ...

"ဟိတ်ကောင် ... လေးယောက်ကြီး ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွာ။ တက်ကြ။ ဆိုင်ကယ်မှောက်မှာက အရေးမကြီးဘူး။ ဘီယာ မြန်မြန်သောက်ရဖို့က အရေးကြီးတယ်"

"အေးကွာ ... ဟုတ်တယ်"

"တက်မယ်"

ထိန်လင်းနှင့် ဇေယျာအောင်က ဆိုင်ကယ်ပေါ် အပြေးတပိုင်း တက်ခွကြသည်။ ဒါကြောင့် နောက်ဆုံးမှ အဖျားစွန်းလေးပေါ်၌ သုထက်က ကပ်ချိတ်၍ ထိုင်ရသည်။

ဆိုင်ကယ်ထွက်သောအခါတွင် သုထက်သည် မခိုးမခန့်ဖြင့် ကျယ်လောင်စွာ ဟစ်ကြွေး၏။

"သုံးဂိုး ဂိုးမရှိနဲ့ ကျွန်တော် အသာစီးဖြစ်နေပါတယ်ခင်ဗျာ"

"အင်"

သုထက် အသံကြောင့် ရှေ့မှ သုံးယောက် တွန့်သွားကြလေသည်။

သူတို့တွေခမျာ ရှေ့မှ ထိုင်မိသည့်အတွက် နောင်တရချင်သလိုပင် ဖြစ်သွားသည်။ ကြွက်သားတွေကိုပင် စိုးရိမ်တကြီး ကျုံ့ထားလိုက်ကြ၏။

သုထက်ဆိုသော ချာတိတ်သည် ကြဲ့ရာ အခြေအနေမှာပင် အမြတ်ထုတ်၍ တစ်ဖက်သားကို အကြောက်လေးနှင့် စနောက်တတ်သူ ဖြစ်ပါ၏။

✧ ✧ ✧

## အခန်း(၈)

ထုံးစံအတိုင်း တုတ်ကောက်ကလေးတစ်ချောင်းနှင့် လမ်းလျှောက်ထွက်လာသော ဦးဇင်နိုင်ဝင်းအား နံနက်ခင်းက အသားကျနေပြီဖြစ်သော ရင်းနှီးမှုတစ်မျိုးဖြင့် ကြိုဆိုနေ၏။

ဦးဇင်နိုင်ဝင်းသည် အခုတလော အပြင်ထွက်ပြီဆိုလျှင် ဟိုတစ်နေ့ကလိုမျိုး သမီးဖြစ်သူကို ပေးသည့် ရည်းစားစာအား မယူမိစေရန် မျက်စိလျှင်လျှင်နှင့် သတိကြီးကြီး ထားနေရ၏။ ထိုအဖြစ်ကို တွေးမိတိုင်း အောင့်သက်သက်နှင့် သူရှက်မိသည်။ ကလီကမာများသော သုထက်ဆိုတဲ့ ကောင်ကိုလည်း တွေ့တာနှင့် အရေခွံခွာပစ်ချင်လောက်အောင် ဒေါသဖြစ်မိ၏။

"ဗြိး ... ဗြိး ... ဝရော ..."

"ဟ ... ဘာလဲဟ ..."

ဦးဇင်နိုင်ဝင်း လမ်းလျှောက်နေသည့် ရှေ့နားဆီ၌ နိုင်ငံခြားဆိုင်ကယ်ပြိုင်ပွဲများထဲမှ လူတွေကဲ့သို့ ဆိုင်ကယ်စီးဝတ်စုံအပြည့် ဝတ်ဆင်ထားပြီး

မျောက်ခေါင်းသဏ္ဍာန် ဆိုင်ကယ်စီး ဦးထုပ်ကြီးအား စွပ်ထားသော လူတစ်ယောက်သည် ဆိုင်ကယ်လီဗာကို တဖြီးဖြီး နင်းကန်ဖြဲကာ ရှေ့ဘီး ဆွဲမြှောက်လိုက်၊ ပတ်ခနဲ ချာချာလည်သွားအောင် ဇလစ်ရိုက်လိုက်၊ စကောဝိုင်း ဝိုင်းပြလိုက်နှင့် အမျိုးမျိုး အဖုံဖုံ အစွမ်းပြနေ၏။

ဦးဇင်နိုင်ဝင်းသည် လမ်းလျှောက်နေရင်းမှ ထိုဆိုင်ကယ်သမားကို ဘယ်လိုကောင်စားပါလိမ့်ဟူသော အတွေးဖြင့် တအံ့တဩ ငေးမောကြည့်နေမိသည်။ ထိုစဉ်မှာပင် ...

"ဝူး ... ဝူး ..."

"ဟာ"

ဆိုင်ကယ်က သူ့ဆီ တည့်တည့် ပြေးဝင်လာသဖြင့် ဦးဇင်နိုင်ဝင်း ကပျာကသီ တိမ်းရှောင်လိုက်ရသည်။ ထိုအခါ ဆိုင်ကယ်က သူ့နံဘေးမှ ဝီးခနဲ ဖြတ်၍ပြေးသွား၏။ ရင်ထဲ၌ အေးစနဲပင် ဖြစ်သွားမိသည်။

"ဟူး ... တော်ပါသေးရဲ့။ ကံသီပေလို့ ..."

အခုမှ စိတ်သက်သာရာ ရသွားသည်။ ရင်ဘတ်ကိုဖိပြီး သက်ပြင်း တစ်ချက်ချရင်း နောက်ဘက်သို့ လှည့်ကြည့်လိုက်ရာတွင်တော့ ...

"ဟင်"

"ဝူး ... ဝူး ..."

ဆိုင်ကယ်က ချာခနဲ ဝိုက်ကွေ့ပြီး သူ့ဆီ နောက်တစ်ကြိမ် ပြေး ဝင်လာပြန်သည်။ ပြင်ဆင်ချိန်ပင် မရသဖြင့် ဦးဇင်နိုင်ဝင်းသည် ဖြစ်သလို ပင် ဒိုက်ဗင်ထိုး၍ ရှောင်လိုက်ရသည်။ ဒီတော့မှ သူ ပွတ်ကာသီကာ လွတ်မြောက်သွား၏။

ရင်ဘတ်အောင့်သွားသဖြင့် ချက်ချင်းမထနိုင်သေးဘဲ လဲနေရာ

လှည့်ကြည့်လိုက်ရာ ...

"ဝူး ... ဝူး ..."

"ဟင် ... လာ ... လာပြန်ပြီ ..."

ဆိုင်ကယ်က ရှေ့ဘီးကြီးကိုထောင်ပြီး သူ့ဆီရန်လိုစွာ ဦးတည်နေသည်။ ရင်ထဲ ထိတ်ခနဲဖြစ်ပြီး ဦးဇင်နိုင်ဝင်း လန့်သွားသည်။ မှောက်လျက်သား ဘဝမှ ကြောက်ရွံ့စွာ လူးလဲထလိုက်ရသည်။

ထိုစဉ်မှာပင် ဆိုင်ကယ်က သူ့ဆီသို့ တည့်တည့်မတ်မတ် ပြေးဝင်လာတော့၏။

"ဝူး ..."

"ဟာ"

ဦးဇင်နိုင်ဝင်း ဖုတ်ပူမီးတိုက် ကြိုးစားပမ်းစား ရှောင်တိမ်းလိုက်သေးသည်။ သို့သော် မလွတ်။ ဆိုင်ကယ်က သူ့အား နံဘေးမှ အတင်းပွတ်ဆွဲ၍ ဝင်တိုက်လိုက်သောကြောင့် သူကားခနဲဖြစ်သွားသည်။ ထို့အတူ ...

"ဖြောင်း ..."

"အား ..."

နဂိုထဲကမှ လက်သွက်ခြေသွက်ရှိသော ဦးဇင်နိုင်ဝင်းက သူ့လဲမကျမီ ဆက်ထဲမှ လမ်းလျှောက်တုတ်ကောက်နှင့် ဆိုင်ကယ်သမားအား မှိုရာ သူမ်းရိုက်လိုက်ရာ ...လည်ပင်းကို ရိုက်မိသွားပြီး ဆိုင်ကယ်သမားလည်း ဒိုက်စိုက်ဒိုက်စိုက်ဖြင့် ဆိုင်ကယ်ပေါ်မှ ထိုးကျကာ ...မှောက်သွားသည့် ဆိုင်ကယ်အောက်၌ ဆန့်ငင်ဆန့်ငင် ပိနေလေတော့သည်။

"ဟိုက် ... သွားပြီ"

'ထိပဟ"

သစ်ပင်အကွယ်မှ အခြေအနေကို စောင့်ကြည့်နေသော သုထက်တို့တွေမှာ မထင်မှတ်သော နောက်တိုးဖြစ်ရပ်ကြောင့် ပြုံးပျော်သွားကြလေသည်။

"မျိုးလေးကိုတော့ ဆိုင်ကယ်ပိနေပြီဟေ့"

"ငါတို့ ဘယ်လိုဆက်လုပ်ကြမလဲ"

"ဘယ်လိုဆက်လုပ်ကြမလဲဆိုတော့ မင်းတို့နှစ်ယောက်က မျိုးလေးကိုခေါ်ထုတ်သွား။ ငါက ငါ့ယောက္ခမလောင်းကြီးကို စီစဉ်ထားတဲ့အတိုင်း ဝင်လုံးလိုက်မယ်"

သုထက်က အရေးပေါ် အစီအစဉ်သစ် ရေးဆွဲပြီး ခွဲတမ်းချပေးလိုက်သည်။ ထို့နောက် အခင်းဖြစ်ပွားရာနေရာသို့ သူတို့သုံးယောက်သွားလိုက်ကြသည်။ အနားရောက်တော့ ...

"အို ... အမြင်မတော်ရာ ပိုးလိုးပက်လက်တွေပါလား။ ဘယ်လိုများဖြစ်ကြတာပါလိမ့်နော်"

သုထက်က တကယ့်ကို သူဘာမှ မသိသလိုလိုရုပ်နှင့်။ ဟိတ်ဟန်မင်မောင်းက ကောင်းသည်။ ခရီးသွားဟန်လွှဲ တွေ့သလိုမျိုးဖြင့် လဲကျနေသော ဦးဇင်နိုင်ဝင်းအနားသို့ သူ ကပ်သွားလိုက်သည်။

"ဒီက ဦးလေးအန်ကယ်ကို ကြည့်ရတာ မတော်တဆ ဆိုင်ကယ်နဲ့တိုက်မိသွားတာထင်တယ် ... ဟုတ်လား ..."

သုထက်က ဦးဇင်နိုင်ဝင်း၏ လက်တစ်ဖက်ကို ကိုင်ပြီးဆွဲထူပေးရင်း ဟန်ပြင်ရင်း သနားကမားလေး ကြည့်၍မေးလိုက်သည်။ ထိုအခါ ဦးဇင်နိုင်ဝင်းက ဒေါသတကြီးဖြင့် ပြန်ပြောသည်။

"မတော်တဆတိုက်မိတာ မဟုတ်ဘူးကွ။ တမင်တကာကို လိုက်တိုက်တာခံရတာ"

"ဟုတ်ပါ့မလား ဦးလေးအန်ကယ်ရယ်။ မတော်တဆ တိုက်မိတာဖြစ်ပါလိမ့်မယ်"

"ဘယ်ကလာ မတော်တဆ ဟုတ်ရမှာလဲကွ။ ဒီလောက် သေလုမျောပါး ရှောင်နေတဲ့ကြားကတောင် မမိမိအောင် အသည်းအသန် လိုက်တိုက်နေတာ။ ဆင်မကို မုန်ယိုနေတဲ့ ဆင်ထီး မိတ်လိုက်ချင်လို့ အတင်းလိုက်တာကျနေတာပဲ။ ဒီလောက် လမ်းရှင်းနေတဲ့ကြားက ဟိုကောင်ငပေါက ငါ့ကို ဘလိုင်းကြီး လိုက်ညှောင့်တာ။ တွေ့မယ် ... အဲဒီကောင်ငပေါကို အသေသတ်မယ်"

ဦးဖင်နိုင်ဝင်းက တကယ်လုပ်မည့်ဟန်ဖြင့် ကုန်းထနေသောကြောင့် ဆွဲထူမည့်ဟန်ပြင်နေသည့် သူထက်က ဆွဲမထူတော့ဘဲ ဦးဖင်နိုင်ဝင်း ထ မရအောင် ရင်ဘတ်ကို လက်နှင့်ဖိထားလိုက်သည်။

"ဦးလေး အန်ကယ် ... မလုပ်ပါနဲ့။ စိတ်ကို ထိန်းပါဗျာ"

"ဘာဖြစ်လို့ ထိန်းရမှာလဲကွ။ သူကတောင် ငါ့ကို တမင်တကာကြီး လိုက်တိုက်သေးတာပဲ"

"မလုပ်ပါနဲ့ ဦးလေးအန်ကယ်ရယ်။ ရန်ကိုရန်ချင်း မတုံ့နှင်းပါနဲ့"

"တုံ့နှင်းမှာပဲကွာ။ တုံ့ကို တုံ့နှင့်မှာ။ ဖယ်စမ်း ... မင်းကကောငါ့ကိုဘာလို့ ချုပ်ထားရတာလဲ။ လွှတ်စမ်း ... ငါသွားတုံ့နှင်းမလို့။ ဖယ်ဆိုကွာ"

"မတုံ့နှင်းပါနဲ့ ဦးလေးအန်ကယ်ရယ်။ ဒီအတိုင်းလေးပဲ နေနော် ... ... နော်လို့"

"မနေဘူးကွာ။ ငါ သွားတော့နှင်းမယ်။ အဲဒီ ငပေါကောင်တော့ကွာ

ဖြောက် ... ဟင်း ..."

ပြောနေရင်းတန်းလန်း ဒေါသကြောင့် ဦးဇင်နိုင်ဝင်း အသားတွေ တဆတ်ဆတ် တုန်လာသည်။ ဒါကိုကြည့်၍ သုထက်က ...

"ဟင် ... ကြည့်စမ်း ... ဦးလေးအန်ကယ် မောနေတာပဲ။ ပင်ပန်း သွားလို့ထင်တယ်။ အိပ်နေ အိပ်နေ ... ဒီအတိုင်းလေးပဲ အိပ်နေ"

"လမ်းပေါ်မှာ ငါက ဘာလို့ အိပ်ရမှာလဲကွ။ အိပ်စရာလား"

"ကိုယ်က မောနေတာပဲ ဦးလေးအန်ကယ်ရယ်။ နေရာရွေးမနေ ပါနဲ့။ အမောပြေအောင်သာ အိပ်ပစ်လိုက်။ အညောင်းအညာပြေအောင် ကျွန်တော် နှိပ်ပေးမယ်နော်။ ငြိမ်ငြိမ်လေးနေ"

"မနေဘူးကွာ မနေဘူး။ သွားတော့နှင်းမယ် ... လွှတ် ..."

"ဒီအတိုင်းလေးပဲနေပါ ဦးလေးအန်ကယ်ရယ် ... စိတ်လျှော့ ... စိတ်လျှော့ ... မတော့နှင်းချင်နဲ့"

ဦးဇင်နိုင်ဝင်းက အတင်းရုန်းထသည်။ လွှတ်ပေးလိုက်လျှင် ပြဿနာ တွေ မီးခိုးကြွက်လျှောက် တက်ကုန်တော့မှာမို့ သုထက်ကလည်း ပြုံးစုသလို နှင့် မနည်းဖိချုပ်ထားရသည်။

ထိန်လင်းနှင့် ဇေယျာအောင်ကလည်း ဆိုင်ကယ်အောက်မှ မျိုးလေး ကို ခက်ခက်ခဲခဲ ဆွဲထုတ်နေကြ၏။

"ဟိတ်ကောင်တွေ ... အဲဒီ ပရမ်းပတာ ဆိုင်ကယ်သမားကိုဖမ်းပြီး ကူညီပါရစေဆိုတဲ့ ရဲလက်ထဲ သွားအပ်လိုက်။ ငါက ဒီဦးလေးအန်ကယ် ကို သူ့ အမောပြေမှ အိမ်ပြန်ပို့ပေးလိုက်မယ်"

သုထက်က ထိန်လင်းနှင့် ဇေယျာအောင်ကို အော်ဟစ်ညွှန်ကြား

လိုက်၏။ သူတို့ အစီအစဉ်နှင့် သူတို့ကော့ ကွက်တိဟုတ်နေကြပါသည်။ ဦးဇင်နိုင်ဝင်းခမျာလည်း မလူးသာမလွန့်သာဖြင့် ပူစီဖြစ်နေရ၏။

ထိုစဉ်မှာပင် ဝဝဖိုင့်ဖိုင့် မိန်းမကြီးတစ်ဦးက ဈေးခြင်းတောင်းအလွတ်ကို ဆွဲလျက်ဖြင့် သူ့တို့အနားသို့ရောက်လာသည်။ အလဲလဲအပြိုပြိုအနေအထားအားကြည့်ရင်း သုထက်ကို တွေ့သွားတော့ ဝမ်းသာအားရဖြင့် နှုတ်ဆက်သည်။

"ဟယ် ... သုထက် ... ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ဘူး ... ဘာမှမဖြစ်ဘူး ...။ အစ်မ ဈေးသွားမလို့မဟုတ်လား။ သွားလေ နောက်ကျနေဦးမယ်။ မြန်မြန်သွား"

သူတို့အစီအစဉ်တွင် အနှောင့်အယှက်ဖြစ်မှာ စိုးသဖြင့် သုထက်က နှင်လွှတ်လိုက်သည်။ သို့ရာတွင် ထိုမိန်းမကြီးက မသွားသေးဘဲ ရပ်မြဲအတိုင်း ရပ်နေပါသည်။

"ဈေးက ဘယ်အချိန်မှသွားသွား ရပါတယ် သုထက်ရယ်။ ငါက နင့်ကို ဝမ်းသာစရာစကား ပြောချင်လို့ပါ။ ဟိုတစ်နေ့က နင်ပြောတဲ့မိန်းမသုံးယောက် ဖင်ကောက်ကောက် အကောက်ဆုံးဖင် လောက်စာလုံးဝင်ဆိုတဲ့ အတိတ်စိမ်းကို ငါ ဂဏန်းကောက်ထိုးတာ ပေါက်တယ်ဟဲ့။ အဲ့ဒါကြောင့် နင့်ကိုငါ တစ်ခုခု ဝယ်ကျွေးချင်လို့ပါ။ ဘာစားမလဲ ပြောစမ်း သုထက်"

"အဲ"

အရေးထဲ အရာပေါ်နေသဖြင့် သုထက် စိတ်ရှုပ်သွားသည်။ ထိုအချိန်၌ ရင်ဘတ်ကို ဖိလျက် လက်တစ်ဖက်ကို အချုပ်ခံထားရသည့် ဦးဇင်နိုင်ဝင်း၏ ခေါင်းက ငေါက်ခနဲ ထောင်လာသည်။ ထို့နောက် သုထက်မျက်နှာကို မျက်လုံးတွေ ပြူတ်ထွက်မတတ် စူးစူးစိုက်စိုက် ကြည့်သည်။ ပြီးတော့ ...

"မင်း နာမည်က သုထက် ... ဟုတ်လား ...။ ဒါ ... ဒါဆို ... မင်းက ဟိုတစ်နေ့က ... ငါ့ကိုပြောင်ပြီး ငါ့သမီးကို ရည်းစားစာပေးတဲ့ ... သမောင်းလက်ဆိုတဲ့ သုထက်ပေါ့ ... ဟုတ်လား"

"ဗျာ"

သုထက်ခန္ဓာကိုယ် တုန်ထက်သွားသည်။ သို့သော် ချက်ချင်းပင် မျက်နှာထားလေးကို ရှင်ပြုံးပစ်လိုက်ပြီး ...

"အဟဲဟဲ ... ဦးလေးအန်ကယ်ကလည်း ... တစ်ယောက်နဲ့တစ်ယောက် အခုမှ သိကြတာ ... မိတ်ပျက်ရမယ့် စကားတွေ ပြောမနေပါနဲ့တော့။ နေသာသလိုနေနော် ... အဟဲဟဲ ..."

"ဟိတ်ကောင် ... ငါ့ကို မျက်နှာချိုလာသွေးမနေနဲ့။ မင်းလိုကောင်မျိုးနဲ့ကတော့ မိတ်ပျက်မှုကို ဖြစ်မှာကွ။ အခု ငါ့ကို ဆိုင်ကယ်နဲ့ လိုက်တိုက်တာလည်း မင်းစနက်ပဲ ဖြစ်ရမယ်။ ဒါကြောင့် မင်း ငါ့ကို ချုပ်ထားတာ မဟုတ်လား"

"မဟုတ်ပါဘူး ဦးလေးအန်ကယ်ရယ်။ ဒါ တိုက်ဆိုင်တာပါ"

"မင်း တိုက်ဆိုင်တာက လွန်လွန်းအားကြီးတယ်ကွာ"

"ဟုတ်ကဲ့ခင်ဗျာ ... လွန်လွန်းအားကြီးတဲ့ တိုက်ဆိုင်မှုပါခင်ဗျ"

သုထက်က ရှိရိုကျိုးကျိုးလေးလုပ်၍ ပြောလိုက်၏။ ဦးဇင်နိုင်ဝင်းသည် ပိုပြီး အမြင်ကတ်သွားကာ ...

"တော်စမ်း ဟိတ်ကောင် ... ပေါက်ကရ ပြောမနေနဲ့။ မင်းက သမောင်းလက်လို့ စာရေးပြီးတော့လည်း ငါ့ကို စော်ကားတယ်။ အရှုံးအပေါ်တွေခေါ်ပြီး ဆိုင်ကယ်နဲ့ တိုက်သတ်ဖို့လည်း ကြံစည်တယ်။ အဲ့ဒါ ဘာသဘောလဲကွ"

"အသီးလိုချင်လို့ အပင်ချိုင်တဲ့ သဘောပါခင်ဗျ"

"ဘာကွ ... တောက် ... ဟင်း ... မင်း ..."

"တာ့တာ"

သုထက်က ပြောင်ချော်ချော်ဖြင့် လက်ကာပြပြီး ပြေးထွက်သွားလေတော့သည်။ ထိုအခါ လွတ်လပ်သွားသော ဦးဇင်နိုင်ဝင်းက လမ်းလျှောက်တုတ်ကောက်ကို ဆွဲကိုင်ပြီး အတင်းလိုက်ရိုက်လေသည်။

မျိုးလေး၊ထိန်လင်း၊ဇေယျာအောင်တို့တွေက ဆိုင်ကယ်ပေါ်မှာ အဆင့်သင့် ...။ စက်ကလည်းနှိုးပြီးသား ...။ သုံးဂိုးဂိုးမရှိ စနစ်ဖြင့် ဆိုင်ကယ်ပေါ် သုထက်တက်ခွလိုက်တာနှင့် ... အင်ဂျင်ရုန်းကန်သံကဝူးခနဲ ...။ ဆိုင်ကယ်က မြင်းရိုင်းတစ်ကောင်လို သွက်လက်စွာ ကဆုန်စိုင်းသွားပါတော့သည်။

ဦးဇင်နိုင်ဝင်းသည် နှုတ်ဖျားမှ ညစ်ထေးသော အယုတ္တ အနတ္တများကို ဟစ်ကြွေးရင်း မာန်တချီးချီး ဖြင့်ကျန်ရစ်ခဲ့လေ၏။

" + - + - + "

ဟိုမိန်းမကြီးကတော့ ဆဲဆိုသံများကို သောတဆင်ရင်း ဂဏန်းကောက်ထိုးဖို့ ကြိုးစားပမ်းစား မှတ်ယူတွက်ချက်လျက် ရှိပေသည်။

အင်း...အခုမှ ဂွင်တည့်နေတာ။

✧ ✧ ✧

## အခန်း (၉)

မျှော်လင့်သလို ကိစ္စများ ဖြစ်မလာဘဲ စီစဉ်သမျှ လွဲချော်သွားသောကြောင့် သုထက်စိတ်တွေ အလိုမကျ ဖြစ်နေသည်။ သူက ဦးဇင်နိုင်ဝင်းအား ဆိုင်ကယ်တိုက်မိအောင် ဖန်တီးပြီး ဝင်ရောက်ကူညီကာ ရင်းနှီးမှုရယူရန် ရည်ရွယ်စိတ်ကူးထားတာ ဖြစ်၏။

ထိုကိစ္စမှာ ထိန်လင်းနှင့်ဇေယျာအောင်ကို လုပ်ခိုင်း၍ ရသော်လည်း သူနှင့် တွဲနေသူတွေမို့ နောင်ရေးအားတွက်ကာ မျိုးလေးကို မြှောက်ပင့်၍ ခိုင်းလိုက်တာဖြစ်သည်။ ရလဒ်အဖြေက သူတွက်ဆသလို ဖြစ်မလာဘဲ အနှောင့်အယှက်တွေဝင်ကာ မတွက်ဆသလို ဖြစ်ပွားသွားခဲ့လေသည်။

အခုဆိုလျှင် ဦးဇင်နိုင်ဝင်းအပေါ်၌ သူ့ဘက်က ဖောင်းနှစ်ဖောင်း ဖြစ်သွားပြီ။

''ကောင်းချင်လို့ လုပ်ပါတယ်ဆိုမှကွာ ... အခြေအနေက ပိုဆိုးသွားတယ်။ ခွီးထဲမှပဲ ...''

သုထက်က ရယ်ကျဲကျဲဖြင့် ပြောပြီး သီချင်းတစ်ပုဒ်ကို တစ်ပိုင်းတစ်စ လေချွန်လိုက်လေသည်။ သူသည် အဲဒီလိုပဲ စိတ်ထဲရှိသည့်အတိုင်း

အမြဲတစေ လွတ်လပ်ပေါ့ပါးစွာ နေထိုင်တတ်သူဖြစ်သည်။ ဇေယျာအောင်က ...

"စပရိန် ... မင်းက ငြိမ်းချမ်းအောင် လုပ်လိုက်တာ ဘိုးတော်ကြီးကတော့ ပိုတင်းသွားပြီ။ ဘာဆက်လုပ်မလဲ"

"သူတင်းတော့လည်း ငါက လျှော့ပေးရမှာပေါ့ကွာ။ ငါ့အပေါ်မှာ ခဲနေတာတွေ အစာကြေသွားအောင် သူ့ကို ငါကိုယ်တိုင် သွားတောင်းပန်ဖို့ ဆုံးဖြတ်လိုက်ပြီ"

သုထက် စကားကြောင့် ထိန်လင်း ပြုံးတူးပျာတာ ဖြစ်သွားသည်။

"ဒီလောက် ဒေါသမာန်ဟုန်စီးနေတဲ့ လူကြီးကို မင်းက သွားတောင်းပန်မလို့ ဟုတ်လား။ ဖြစ်ပါ့မလား စပရိန်ရာ။ ကိုယ်သေတွင်းကိုယ်တူးသလို ဖြစ်နေပါဦးမယ်"

"ဖြစ်ပါတယ်ကွာ။ လူကြဲရင် လူတောင် ဖြစ်သေးတာပဲ။ ဒါလောက်ကတော့ အေးဆေးပါ။ သူ့ခွင့်လွှတ်အောင် ငါ တောင်းပန်ပြမယ်။ ငါ သွားတောင်းပန်ရင် မင်းတို့ပါ လိုက်ခဲ့ကြ"

"ဟာ"

ထိန်လင်းနှင့်ဇေယျာအောင် မျက်ခမ်းတွေ လှုပ်သွားကြလေသည်။ သို့သော် ငြင်းတော့ မငြင်းပါ။ သုထက်ခင်းမည့် ကလိကမာ ဇာတ်ကွက်ကို သူတို့ စိတ်ဝင်တစားရှိနေကြ၍ ဖြစ်ပါသည်။

သုထက်သည် ညနေစောင်းသောအခါတွင် သွားတောင်းပန်ဖို့အတွက် အကွက်ချစီစဉ်လေသည်။ သူနှင့်ရင်းနှီးသော ရဲတပ်ကြပ်ကြီး ဦးနေသူနှင့် ရပ်ကွက်လူကြီး ဦးဖိုးချစ်ကို အနည်ငယ် လီဆယ်၍ အကျိုးအကြောင်းပြောပြကာ သွားခေါ်သည်။ ဟိုလူကြီးနှစ်ယောက်ကလည်း လိုက်လာကြပါ၏။

သိမ့်ဖူးဇင်တို့ လမ်းထဲသို့ရောက်သောအခါ သုထက်က ရပ်ကွက်လူကြီး ဦးဖိုးချစ်အား လမ်းလူကြီးကိုပါ ဝင်ခေါ်ခိုင်းပြန်သည်။ ထို့နောက် ယူနီဖောင်း ဝတ်ထားသည့် ရဲတစ်ယောက်၊ လူကြီးနှစ်ယောက်နှင့် သုထက်တို့ သူငယ်ချင်းသုံးယောက်သည် သိမ့်ဖူးဇင်တို့အိမ်သို့ ဟန်ကျပန်ကျ ရောက်လာခဲ့လေတော့သည်။

ဦးဇင်နိုင်ဝင်းသည် ညနေတစောင်း ယမကာအရှိန်ဖြင့် ခပ်ထွေထွေလေး ကောင်းနေတာဖြစ်သည်။ အိမ်ထဲသို့ ခပ်တည်တည် ခပ်ရဲရဲ ဝင်လာသော ရဲတပ်ကြပ်ကြီး ဦးနေသူနှင့် လူကြီးတွေ အပါအဝင် သုထက်တို့ လူငယ်အုပ်စုကို တွေ့လိုက်ရသောအခါတွင် ဦးဇင်နိုင်ဝင်း ထိတ်လန့်ချောက်ချားသွားသည်။

အရင်တစ်နေ့ညက အိမ်ရှေ့မှာ ဂစ်တာလာတီးသော ကောင်လေးတွေကို မှောင်မှောင်စမ်းစမ်း သူလေးဖြင့် မှန်းသမ်း၍ ပစ်ထည့်လိုက်ရာ ကောင်လေးတစ်ယောက် ခေါင်းကွဲသွားသည်ဟု ကြားမိ၏။ ဦးနှောက်နှင့် အာရုံကြောတွေများ ထိခိုက်သွား၍ ရဲတိုင်လိုက်သောကြောင့် သူ့အား လာဖမ်းခြင်းပေလော ...။

ဦးဇင်နိုင်ဝင်း ရန်တွေပန်းတွေ အရမ်းတုန်သွားသည်။

"ကဲ ... ဦးဇင်နိုင်ဝင်း ... ကိစ္စအားလုံးကိုတော့ ခင်ဗျားသိကြီးသားပဲ။ ဖြစ်ပြီးသမျှတွေကို ထွေထွေထူးထူး ပြောမနေတော့ပါဘူး"

ဦးဖိုးချစ်စကားကြောင့် ဦးဇင်နိုင်ဝင်း ပို၍မျက်စိမျက်နှာ ပျက်သွားသည်။ သုထက်ကို မြင်သော်လည်း ဒေါသမထွက်အား၊ လူငယ်တွေကြားမှာ ဟီးရိုးမိုက်ကယ်ကြီးအဖြစ် ကျော်ကြားလှသော ဦးဇင်နိုင်ဝင်း မျက်နှာသည် အခုတော့ဖြင့် မြင်းခွာရွက်လောက်သာ ရှိတော့၏။ (သေ

ချာ မြင်ယောင်ကြည့်နေ၏)

"ကျွန် ... ကျွန်တော် ... ဘာမှ မသိပါဘူးဗျာ"

"ခင်ဗျား ဖုံးကွယ်မနေပါနဲ့တော့ဗျာ။ ကျွန်ုပ်တော်တို့ လူကြီးတွေလည်း အားလုံးသိပြီးပါပြီ"

"ဟုတ် ... ဟုတ်ကဲ့ပါဗျာ။ ဒါဆိုလည်း ကျွန်တော် မငြင်းတော့ပါဘူး။ ယောက်ျားပဲဗျာ ... ကိုယ်လုပ်တာ ကိုယ်ခံရဲရမှာပေါ့"

ဦးဇင်နိုင်ဝင်းက သူ့အထင်နှင့်သူ စွတ်ပြောနေသလို ဦးဖိုးချစ်တို့ကလည်း ကိုယ်လိုရာ ဆွဲတွေးနေ၏။

"အေးပါဗျာ။ အဲဒီလိုပဲ မောင်သုထက်ကလည်း ယောက်ျားပီသလို့ပဲ ခင်ဗျားကို လူကြီးစုံရာနဲ့ တောင်းရမ်းဖို့ လာခဲ့တာပေါ့"

"ဗျာ ... ကျွန်တော့်ကို တောင်းရမ်းမလို့ ... ဟုတ် ... ဟုတ်လား ..."

မူးနေသော ဦးဇင်နိုင်ဝင်း ရှုံချင်သွားသည်။ ဦးဖိုးချစ်က ကပျာကယာ စကားကိုဖာလိုက်သည်။

"ဆောရီးဗျာ ... ဆောရီး ... မှားသွားလို့။ မောင်သုထက်က လူကြီးစုံရာနဲ့ ခင်ဗျားကိုတောင်းပန်ချင်လို့တဲ့။ ကဲ ... သုထက် ... လူကြီးစုံရာ ရှေ့မှောက်မှာ မင်း စိတ်တိုင်းကျ တောင်းပန်ပေတော့"

"ဟင်"

ဦးဇင်နိုင်ဝင်း ကြောင်သွားသည်။ သို့သော် သူကြာကြာ ပူစီဖြစ်ခွင့်မရလိုက်ရ။ သုထက်က သူ့ရှေ့တွင် အားရပါးရ ပြေးဒူးထောက်ပြီး လက်အုပ်ကလေး ချီနေသောကြောင့် ဖြစ်ပါသည်။

"ဦးလေးအန်ကယ်ကို ကျွန်တော် ရှိခိုးဦးတော်လုပ်ပါတယ်ဗျာ။ ကျွန်တော် မှားသွားပါတယ်။ ဗဲရီးဆောရီးပါဗျာ။ ဦးလေးအန်ကယ် မကျေ

နှပ်ရင် အခုချက်ချင်း ကျွန်တော့်ကို သတ်ပစ်လိုက်ပါ။ ရဲဘော်လည်း အဆင်သင့် ပါလာပါတယ်ခင်ဗျာ''

''အင်''

ပြောပုံကိုက သူ့ကို ထောင်ထဲပို့နေသည်မို့ ဦးဇင်နိုင်ဝင်း ဘာမှ ပြန်မလုပ်ဝံ့ဘဲ ဖြစ်နေသည်။ သုထက်က ဦးဇင်နိုင်ဝင်း ခြေသလုံးကို လက်နှစ်ဖက်နှင့် ဖက်ပြန်သည်။

''ကျွန်တော်ဟာ ကိုယ့်ဘက်ကသာ မှားနေရင် သူတောင်းစားပဲ ဖြစ်ဖြစ်၊ အုတ်ကြားမြက်ပေါက်ပဲ ဖြစ်ဖြစ်၊ ကလေကဝပဲ ဖြစ်ဖြစ်၊ အဆင့်အတန်းမရှိတဲ့ လူကိုပဲ ဖြစ်ဖြစ် ... ခြေသလုံးဖက်ပြီး တောင်းပန်ရဲပါတယ်။ ဦးလေးအန်ကယ်ကိုလည်း ကျွန်တော် ခြေသလုံးဖက်ပြီး တောင်းပန်ပါတယ်။ ကျွန်တော်ဟာ မလိမ်မိုး မလိမ္မာလေး မဟုတ်ပါဘူး။ အလိမ္မာတစ်ခါမိုက်ကလေးပါ။ ပညာရှိ သတိဖြစ်ခဲ ဆိုသလိုမျိုး သတိနှစ်ချက် လွတ်သွားလို့ နှစ်ခါလေး မှားသွားမိတာပါ။ ဦးလေးအန်ကယ်ဟာ ကျွန်တော့်မိဘအရွယ်မို့ ကိုယ့်မိဘလို သဘောထားပြီး အမှားကို ဝန်ချတောင်းပန်ပါတယ်။ ကျွန်တော်ဟာလည်း ဦးလေးအန်ကယ်ရဲ့ သမီးနဲ့ အသက်သိပ်မကွာတာမို့ ကိုယ့်သားလေးလို သဘောထားပြီး စိတ်ကောင်းရှိရှိနဲ့ ခွင့်လွှတ်ပေးပါခင်ဗျာ''

သုထက်က တောင်းပန်တာတောင်မှ အကြောကလေးနှင့် ဖြစ်သည်။ ဦးဇင်နိုင်ဝင်းသည် ထင်မှတ်မထားသော အပြောင်းအလဲများကြောင့် အံ့သြလို့နေသည်။ ခုနကတော့ သူ အဖမ်းခံရမည်စိုး၍ ထိတ်လန့်နေရာမှ အခုကျတော့ သူ့ကို ခြေသလုံးဖက်၍ ပြန်တောင်းပန်တာ ခံနေရသဖြင့် ရဲနှင့်လူကြီးတွေ မျက်နှာကိုကြည့်လိုက်၊ သုထက်မျက်နှာကို ကြည့်

လိုက်နှင့် ... နေပူကျဲကျဲတောက်ထဲမှအပြန် အဲယားကွန်းခန်းထဲသို့ တန်းဝင်လိုက်ရသူထက် အဆများစွာ ပိုမိုပြင်းထန်စွာ သူခံစားနေရလေ၏။

''ကျွန်တော့်ကို ခွင့်လွှတ်တယ်မဟုတ်လား ဦးလေးအန်ကယ်''

''ဟင် ... အင် ...''

ဦးဇင်နိုင်ဝင်းသည် အရက်မူးကြောင်ကြောင်ဖြင့် အူကြောင်ကြောင်ဖြစ်နေသည်။ သုထက်က ဦးဇင်နိုင်ဝင်း၏ ခြေသလုံးမွေးကို ဆတ်ခနဲဆွဲလိုက်ပြီး ...

''ကျွန်တော့်ကို ခွင့်လွှတ်တယ်မို့လားလို့ ပြောပါဦး ဦးလေးအန်ကယ်ရယ်။ ခွင့်လွှတ်တယ်မို့လားဟင်။ ခွင့်လွှတ်ပါတယ်နော်။ အင်း, လို့ပြောလေ ဦးလေးအန်ကယ်ရဲ့။ အင်း,လိုက် ... အင်း,လိုက်''

''ဟင် ... အင်း ... အင်း''

ဦးဇင်နိုင်ဝင်းသည် အိပ်မောကျနေသူကို ရေခဲရေနှင့် ပက်၍ အနှိုးခံလိုက်ရသကဲ့သို့ ယောင်နနဖြင့်'အင်း' လိုက်၏။ ဒီလိုနှင့်ပင် အခြေအနေကအဆင်ပြေသလို ဖြစ်သွားပါသည်။

ထိုနောက် သုထက်တို့ လူငယ်အုပ်စုနှင့် ဦးဇင်နိုင်ဝင်းအား လူကြီးတွေက မိတ်ဆက်ပေးကြသည်။ သုထက်က ဦးဇင်နိုင်ဝင်းအား တရင်းတနှီးခါးကိုဖက်၍ လက်ကိုပင်ဆွဲ၍ ရိုတ်ကင်းလုပ်လိုက်သေးသည်။ ဦးဇင်နိုင်ဝင်းမှာ မအီမလည်ကြီးဖြင့် ငြိမ်ခံနေရလေသည်။

သုထက်သည် ရရှိသော အခွင့်အရေးကို နည်းနည်းလေးမှ လက်လွှတ်မခံချေ။ ဟိုကြည့်ဒီကြည့် လျှောက်ကြည့်ရင်းမှ ...

''ဦးလေးအန်ကယ် ... မမသီမ့်ဖူးဇင်ကောဟင်''

''ဘာလုပ်မလို့လဲ''

*"ကျွန်တော် ... သူ့ကိုလည်း ဟိုဒင်းပြုချင်လို့ပါ"*

"ဘာပြုမှာလဲကွ"

"တောင်းပန်ချင်တာပါ ဦးလေးအန်ကယ်ရယ်။ အဲ့ဒါ သူ့ကို ခေါ်ပေးပါနော်"

*"ရပါတယ်ကွာ။ တောင်းပန်မနေပါနဲ့တော့။ သူ့အစား ငါကပဲ ခွင့်လွှတ်ပါတယ်"*

ဦးဇင်နိုင်ဝင်းကလည်း နပ်သည်။ သို့သော် သုထက်က နပ်ရုံတင်မကဘဲ ကျိုးကပ်သည့်အဆင့်ရောက်နေသူ ဖြစ်သည်။

"ကာယကံရှင်ကို သူ စိတ်ကျေနပ်အောင် ကိုယ်တိုင်ကိုယ်ကျ တောင်းပန်ချင်လို့ပါ ဦးလေးအန်ကယ်ရယ်။ ခေါ်ပေးပါနော်။ ဦးလေးအန်ကယ်က လိမ္မာပါတယ်။ သွားခေါ်ချေနော်။ ဒီက တောင်းပန်ချင်လွန်းလွန်းလို့ပါ"

သုထက်က ဇွတ်ကြီးတွန်းလွှတ်နေသဖြင့် ဦးဇင်နိုင်ဝင်းသည် အောင့်သက်သက်ဖြင့်ပင် အခန်းထဲမှ သမီးဖြစ်သူကို သွားခေါ်ကာ အားလုံးနှင့် မိတ်ဆက်ပေးလိုက်ရတော့၏။ သိမ့်ဖူးဇင်သည် အိမ်နေရင်း အပြင်အဆင်နှင့်ပင် ရိုးရိုးယဉ်ယဉ်လေး လှပလို့နေပါသည်။ သုထက်တို့ကို မြင်တော့ သူမ အံ့အားသင့်သွားရှာ၏။

"သူ ... သူတို့က ... ဘာလာလုပ်တာလဲဟင်"

"လူကြီးစုံရာနဲ့ မမကို ကျွန်တော် လာတောင်းရမ်းတာပါ ခင်ဗျ"

"ဟယ် ... တကယ်"

သိမ့်ဖူးဇင်၏ မျက်ဝန်းအစုံ ဝိုင်းစက်သွားသည်။

"ဟိတ်ကောင် ... မင်းစကားကို ရှင်းအောင်ပြောစမ်း။ မလည်ရှုပ်

မလုပ်နဲ့''

ဦးဇင်နိုင်ဝင်းက မျက်လုံးပြူးကြီးဖြင့် ဟောက်သည်။ ဒီတော့မှ သုထက်က မျက်နှာထားလေးကို ကလေးမသာလို ငယ်ပစ်လိုက်ပြီး ...

''အဟဲဟဲ ... လျှာလိပ်သွားလို့ပါ ဦးလေးအန်ကယ်ရဲ့။ ခုနက ဦးဖိုးချစ်လိုပဲပေါ့။ ဆောရီး ... ဆောရီး ... မှားသွားလို့ ...။ ကျွန်တော်က လူကြီးစုံရာနဲ့ မမတို့သားအဖကို လာတောင်းပန်တာပါခင်ဗျ။ ဦးလေး အန်ကယ်ကတော့ ခွင့်လွှတ်ပြီးသွားပြီ။ မမ ခွင့်လွှတ်ဖို့ပဲ ကျန်တော့တယ်။ မမလည်း ကျွန်တော့်ကို ခွင့်လွှတ်တယ် မဟုတ်လားဟင်။ ခွင့်လွှတ်ပါနော်။ ကျွန်တော် စိတ်ချမ်းသာအောင် ခေါင်းလေးတစ်ချက်ပဲ ညိတ်ပြပါမမရယ်။ ခေါင်းညိတ်တယ်ဆိုတာ ပျင်းကြောဆန့်တာလောက်တောင် အပန်းမကြီး ပါဘူးဗျာ။ လုပ်ပါ ... တစ်ချက်ကလေးပဲ ညိတ်ပြပါ။ မတွန့်တိုပါနဲ့''

သုထက်၏ ဥာဏ်များပုံကိုကြည့်ကာ သိမ့်ဖူးဇင်သည် ပြုံးမန္တလေး ပြုံး၍ ညင်သာစွာ ခေါင်းညိတ်ပြလိုက်ပါသည်။ ထိုအခါ သုထက်သည် ဝမ်းသာအားရဖြင့် ရှေ့တိုး၍ သူ့ညာဘက်လက်ကို လှုပ်ရှားလိုက်လေ၏။

''ကျေးဇူးတင်လိုက်တာဗျာ။ ကွန်ဂရက်ကျူလေးရှင်းပါ မမ ... ကွန်ဂရက်ကျူလေးရှင်း ... ရှိတ် ...ရှိတ် ...''

''ဟာ ... ဒီကောင်''

သုထက်က ဦးဇင်နိုင်ဝင်းရှေ့မှာပင် သိမ့်ဖူးဇင်ကို အတင်းလက်ဆွဲ မည် တကဲကဲလုပ်နေသဖြင့် ထိန်လင်းက နောက်မှ လှမ်းဆွဲလိုက် ရသည်။ ထိန်လင်းဆွဲလိုက်သောကြောင့် နောက်ဆုတ်လိုက်ရသည့် သုထက်သည် ကမ်းထားသော လက်ကလေးကိုရုတ်ရင်း''ကျွန်တော်က ဘိုဆန်တတ် လို့ပါ''ဟု အရှက်ပြေပြော၏။

အားလုံးသိကျွမ်းသွားသောအခါ ဦးဇင်နိုင်ဝင်းသည် လူကြီးတွေကို မကောင်းတတ်၍ သုထက်တို့လူငယ်တွေကိုပါခေါ်ကာ ကော်ဖီနှင့် မုန့်များ တိုက်ကျွေးလေသည်။

ထိန်လင်းနှင့်ဖေယျာအောင်ကလည်း သုထက်၏ သူငယ်ချင်းများ ပီသစွာ ပန်းကန်ထဲမှ မုန့်များကို ခဏအတွင်းမှာပင် ပြောင်စင်အောင် ဆောင်ရွက်လိုက်ကြသည်။ သုထက်သည် ရလေလိုလေ အိုတန္တေ ဆိုသလို မျိုး အခွင့်အရေးရခိုက် ပိုင်ပိုင်နိုင်နိုင် အသုံးချလေသည်။

''ဦးလေးအန်ကယ် ... အခုဆို မိတ်ဆွေတွေ ဖြစ်သွားပြီဆိုတော့ နောက်ဆိုရင် ဒီအိမ်ကို ကျွန်ဖေက် ဝင်ပါ ထွက်ပါရစေနော်''

ဦးဇင်နိုင်ဝင်းသည် လူကြီးတွေရှေ့တွင် တစ်ဖက်က ယဉ်ပြနေသ ဖြင့် သူ့ဘက်က ရိုင်းလို့ မသင့်တော်သောကြောင့် သုထက်၏ အလံဖြူပြပြီး အသေခံပုံးကြမည့်အသွင်ကို မသက်မသာကြည့်ကာ ခွင့်ပြုလိုက်ရ၏။

''လာချင်တော့ လာပေါ့ကွာ။ ငါက ကိုယ့်အလုပ်နဲ့ကိုယ် အပြင် သွားနေရင် သမီးက တစ်ယောက်တည်းဆိုတော့ ပျင်းနေရှာတာ။ အိမ်က ကောင်မလေးတွေကလည်း မအားကြဘူး။ အားလုံးက အလုပ်ကိုယ်စီ နဲ့ချည်းပဲ''

ဦးဇင်နိုင်ဝင်းက သုထက်ကို အားအားယားယား အလုပ်မရှိသည့် ကောင်ဟု စောင်းပြောလိုက်သလို ရှိသော်လည်း သုထက်ကတော့ ဂရု မစိုက်ဘဲ သူလိုရာသာ ဆက်ပြောသည်။

''ဟုတ်ကဲ့ပါ ခင်ဗျ။ ကျွန်တော်လည်း အလုပ်အားတဲ့ အချိန်တွေ မှာ မမသိမ်ဖူးဇင် အပျင်းပြေဖို့အတွက် တကူးတက လာပေးပါ့မယ်''

သုထက်စကားကို ကြားတော့ သိမ့်ဖူးဇင်သည် မျက်ဝန်းနက်နက်

ကလေးအား အသုံးပြုကာ ချစ်စဖွယ်မျက်စောင်း တစ်ချက်ထိုးလိုက်၏။ ထိုမျက်စောင်းကြောင့် သူထက်၏ရင်၌ဖြစ်ပွားနေသော စွဲမက်ခြင်း ကိစ္စများသည် ပိုမိုအားကောင်းလာလေသည်။ မနက်ဖြန်များစွာအတွက် သူသည် စိတ်ကူးဖြင့် အဆုံးစွန်အထိ ကြိုတင်စိုပြေနေမိတော့၏။

ထိုအိမ်မှ အပြန်တွင် ထိန်လင်းနှင့် ဇေယျာအောင်သည် မကြာခင် သိမ့်ဖူးဇင်တို့ လမ်း၌ ပေါ်ပေါက်လာမည့် ချောင်း၏ အတိမ်အနက်ကို အလုအယက် ငြင်းခုန်နေကြပါသည်။

✧ ✧ ✧

## အခန်း(၁၀)

စူးရှသော လေချွန်သံသည် ရင်ဆိုင်တွေ့သမျှကို ရဲရဲရင့်ရင့် တိုးဝှေ့နေသည့် လေပြည်ထဲတွင် တုန်ခါစွာ လွင့်ပါနေသည်။ လေချွန်သံတို့ကို ဖြစ်ပေါ်စေသော သုထက်သည် သူ့နှလုံးသား၌ ချစ်ခြင်း၏ ခံစားမှုအား ဖြစ်ပေါ်စေသော သိမ့်ဖူးဇင်ထံသို့ သွားရန်အတွက် ထွက်လာခဲ့တာဖြစ်သည်။

ထိုစဉ် သူနှင့် မျက်နှာချင်းဆိုင်အရပ်မှ လျှောက်လာသော သိမ့်ဖူးဇင်၏ သူငယ်ချင်းဖြစ်သူ ပေရယ်ကို တွေ့လိုက်ရ၏။ ပေရယ်က သုထက်ကို မြင်တာနှင့် ...

"ဟဲ့ကောင်လေး ... ဟဲ့ကောင်လေး ..."

သုထက်က လေချွန်တာတောင် မဖျက်ဘဲ မမြင်ချင်ယောင်ဆောင်နေလိုက်သည်။ ထိုအခါ ပေရယ်က ခြေလှမ်းသွက်သွက်ဖြင့် အနားလျှောက်လာပြီး အတင်းဆက်ခေါ်သည်။

"ဟဲ့ကောင်လေး ... သိမ့်ဖူးဇင်ကို အမေလို သဘောမထားနိုင်တဲ့ ကောင်လေး ...။ ဒီမှာ ခေါ်နေတယ်လေ။ လှည့်ကြည့်ပါဦး။ လိပ်ခေါင်းထွက်တော့မယ်ဟဲ့"

"ဟာ ... အစ်မ"

သုထက်က အခုမှ မြင်ဟန်ပြုလိုက်သည်။ ပေရယ်က မကြည့်ကြည့်ကလေး ကြည့်ပြီး ...

"ဟဲ့ကောင်လေး ... နင်က ဟိုတစ်နေ့က ဝေယံကို သီလားဘာလားနဲ့ ငါ့ကို အူရှာလည်အောင်လုပ်ပြီး အရှုးလို့ပြောသွားတာပေါ့လေ ... ဟုတ်လား"

"ဟမ်...ဘာ..."

သုထက်က နားမရှင်းဟန်ဖြင့် သူ့နားရွက်နှစ်ဖက်ကို ကိုင်ကာပြန်မေးလိုက်သည်။ ပြီးမှ မှုန်ကုပ်ကုပ်ဖြင့် သူ့ဘာသာသူ ဆက်ပြော၏။

"ဩော် ... အစ်မက ကျွန်တော့်ကို နေကောင်းလားလို့ မေးတာလား။ နေကောင်းပါတယ်ဗျာ။ ကျွန်တော် နေကောင်းပါတယ်။ အခုလိုဂရုတစိုက် မေးတဲ့အတွက် ကျေးဇူးတင်ပါတယ်နော်"

သုထက်၏ ကလိကမာ ဟန်ပန်ကြောင့် ပေရယ် ရှုတင်းတင်းဖြစ်သွားသည်။

"ဟဲ့ ... နင့်ကို နေကောင်းလားမေးတာ မဟုတ်ဘူး။ ဟိုနေ့က ငါ့ကို အရှုးလို့ပြောသွားတာကို မေးနေတာ"

"ဗျာ ... ကျွန်တော့်ကို မုန့်ဝယ်ကျွေးမလို့ ဟုတ်လား။ နေပါစေဗျာ ... မစားတော့ပါဘူး။ ဗိုက်ပြည့်နေလို့ပါ"

"ဟယ် ... နားပင်းလေး ... နင့်ကို မုန့်ဝယ်ကျွေးမယ် ပြောနေတာ မဟုတ်ဘူး။ ငါ့ကို အရှုးလို့ပြောလို့ ပြောနေတာ"

"ဘာ ... အစ်မက ရှုးနေတာဟုတ်လား။ ကျွတ် ကျွတ် သနားစရာပဲဗျာ။ နေတွေကလည်း ပြင်းနေတာဗျ။ လျှောက်မသွားနေနဲ့။ ပိုဆိုးနေဦးမယ်။ အိမ်ပြန်နေနော်။ တော်ကြာ ယေကျ်ားမရတော့ဘဲနဲ့ ရှာသား

ကြီးမှာ နိဂုံးချုပ်နေရဦးမယ် ... ဘိုင် ..."

သုထက်သည် အရှူးဇာတ်ခင်းပြီး အမြန်အဆန် ပြေးထွက်လာခဲ့လေသည်။ ပေရယ်ကတော့ ဒုတိယအကြိမ်မြောက် မခံချိမခံသာ ဖြစ်ပြီး စွေ့စွေ့ခုန်ကျန်ခဲ့၏။ သုထက်ကတော့ သူ့လုပ်ရပ်အတွက် ပျော်ရွှင်ကျေနပ်လို့နေပါသည်။

သိမ့်ဖူးဇင်တို့ အိမ်သို့ရောက်သောအခါ အိမ်ရှေ့၌ ရပ်ထားသော ဆိုင်ကယ်တစ်စီးကြောင့် ဧည့်သည်ရောက်နေကြောင်း သုထက် သတိပြုမိလိုက်သည်။ ခပ်တည်တည်ပင် အိမ်ထဲဝင်သွားလိုက်ရာ ဧည့်ခန်းတွင်း၌ သိမ့်ဖူးဇင်နှင့် အသက်လေးဆယ်ခန့် ရှိမည့် ခရုသင်းစွဲနေသလို အသားအရည်၊ အရက်သမားမှန်း သိသာစေနိုင်သည့် မျက်နှာနီစပ်စပ်၊ နေ့စေ့လစေ့ ကိုယ်ဝန်ဆောင်၏ ဗိုက်မျိုးဖြင့် လူကြီးတစ်ယောက် မျက်နှာချင်းဆိုင်ထိုင်စကားပြောနေ၏။

"အစ်ကိုကြွေမမြင်ရတာကြာလို့လား မသိဘူး။ အဖူးလေးက ပိုလှလာသလိုပဲကွယ် ..."

ချွဲပျစ်ပျစ်လေသံအား ကြားရုံနှင့်တင် သိမ့်ဖူးဇင်ကို ဖွန်နေသူမှန်း သုထက်သိလိုက်၏။ ထိုလူကြီးကို မြင်မြင်ချင်း သုထက် အမြင်ကတ်သွားမိသည်။ ယောကျ်ားတန်မဲ့ ဗိုက်ကြီးတွေ စူထွက်နေပါက သူဘယ်လိုမှ ကြည့်မရ။ ဗိုက်ဆိုတာ ယောကျ်ားတွေပူစရာမှ မလိုတာဟု သူက ယူဆထားသည်။ သိမ့်ဖူးဇင်က သုထက်ကို မြင်တော့ ...

"ဟယ် ... သုထက် ... အိမ်လည်လာတာလား"

"ဟုတ်ကဲ့ မမ"

သုထက်က ဆောင့်ကြွားကြွားဖြင့် သိမ့်ဖူးဇင်၏ ဘေးနားကပ်လျက်

ခုံတွင် ဝင်ထိုင်လိုက်သည်။ ပြီးတော့ ဗိုက်ပူမသူတော်အား ကြည့်ကာ ...

"ခုနတုန်းက အိမ်ထဲ ဝင်လာလာချင်း အဖူးတွေ အကြွေတွေဆို လား ကြားလိုက်ပါတယ်။ ဘာလဲ ... အစ်ကိုရဲ့ အဖူးကြွေသွားလို့လား ... ဟုတ်လား"

"ဟာ ... မဟုတ်ပါဘူး ညီငယ်ရာ။ အဖူးဆိုတာက ဒီက ညီမလေး သိမ့်ဖူးဇင်ကို အစ်ကိုခေါ်တဲ့ နာမည်ပါကွာ။ ကြွေကတော့ အစ်ကို့နာမည် လေ"

ဗိုက်ပူမသူတော်က ပျာပျာသလဲ ရှင်းပြသည်။ သုထက်က မေးငေါ့၍ မေးလိုက်ပြန်၏။

"ဒါနဲ့ အစ်ကိုက အဖူးကြွေချင်သေးလို့လား"

"ဟာ ... မကြွေချင်ပါဘူး ညီငယ်ရာ။ အစ်ကိုက အဖူးကြွေချင်တာ မဟုတ်ဘူးကွ။ အဖူးကြိုက်တာ"

"ဒါဆို စားမလား"

"ဟင် ... ဘာ ... ဘာကို ပြောတာလဲ"

"အဖူးစားမလားလို့ ပြောတာ။ အစ်ကိုက အဖူးကြိုက်တယ်ဆိုလို့ ပါ။ ကျွန်တော် ကျွေးမလို့"

"ဟာ ... နေ ... နေပါစေကွာ။ မစားတော့ပါဘူး။ ကျေးဇူးတင်ပါ တယ်"

ဗိုက်ပူမသူတော်က လက်တကာကာဖြင့် ငြင်းသည်။ သိမ့်ဖူးဇင်က စိတ်ရှုပ်သည်ဆိုသော သဘောဖြင့် သုထက်ကို နှာခေါင်းရှုံ့၍ ခေါင်းရမ်း ပြလေသည်။ ဒါကိုမြင်သွားသော ဗိုက်ပူမသူတော်က သူ့ အင်္ကျီအိတ်အ တွင်းမှ ရှုဆေးဗူးကို ထုတ်၍ သိမ့်ဖူးဇင်ထံ ရက်ရက်ရောရော ကမ်းပေး သည်။

"အဖူးလေး ခေါင်းမူးလို့ ထင်တယ်။ ရော့ ... ဒါလေးကို ရှူလိုက်"

"နှာဘူးကြီး ... လာမပေးနဲ့"

သုထက်က ကြားထဲမှ လက်ဝင်ကာပြီး လူကိုပြောသလိုလို ရှူဆေးဗူးကို ပြောသလိုလိုနှင့် ပြောလိုက်ရာ ဗိုက်ပူမသူတော်သည် အူဝရူတူဖြင့်သူ့ ရှူဆေးဗူးကို သူ့ဘာသာပြန်ရှူနေလေသည်။ သိမ့်ဖူးဇင်က ...

"သုထက်ကို မိတ်ဆက်ပေးရဦးမယ်။ ဒီဦးရဲ့ နာမည်က ဦးအောင်ထွန်းကြွေတဲ့"

"ဦးလို့ မသမုတ်ပါနဲ့ အဖူးလေးရယ်။ အစ်ကိုကြွေက ငယ်ပါသေးတယ်"

အောင်ထွန်းကြွေဆိုသော ဗိုက်ပူမသူတော်က ရုပ်ကြမ်းကြီးနှင့် နွဲ့နေပြန်သည်။ သုထက်က ...

"ဟုတ်သားပဲ မမရဲ့။ သေချာကြည့်ပါလား။ ဒီအစ်ကိုကြီးက အရွယ်တင်ပါတယ်"

"ဟဲဟဲ ... ညီငယ်က တော်သွားပြန်ပြီ"

ဦးအောင်ထွန်းကြွေ မြှောက်ကြွမြှောက်ကြွ ဖြစ်သွားသည်။ သုထက်က ဆက်၍ပြောပြန်သည်။

"ဟုတ်တယ် မမရဲ့။ တစ်ခုလေးပဲ ပြောစရာရှိတယ်။ ဒီအစ်ကိုကြီးက အရွယ်တင်ပြီး ရုပ်ကျနေတာ"

"အင်"

ဦးအောင်ထွန်းကြွေ မျက်နှာကြီး ရှုံ့ခွက်သွားသည်။ သုထက်ကို မအီမလည်ကြီး ကြည့်၍ ...

"ညီငယ်ရယ် ... ရုပ်ကျနေမှတော့ ဘယ်လိုလုပ်ပြီး အရွယ်က

တင်တော့မှာလဲကွာ။ ပြောရက်လိုက်တာ။ အစ်ကို့အသက်က အရမ်းလည်း မကြီးသေးပါဘူး။ နှစ်နဲ့စားရင် အခုမှ နှစ်ဆယ်အလီပဲ ဝင်ရပါသေးတယ်''

''အကြွင်းကတော့ သုညပဲ ကြွင်းမှာပါ။ လူပုံစံကြည့်ရုံနဲ့ ဗလာမှန်း သိသာပါတယ်။ ဘာမှရှိမှာ မဟုတ်ပါဘူး''

သုထက်က ဖဲ့လိုက်တာ ဖြစ်သည်။ သို့သော် ဦးအောင်ထွန်းကြွေ၏ မျက်နှာကြီးက ပြုံးလက်သွားပါ၏။

''ကြည့်စမ်း ... ညီငယ်က တော်လှချည်လား။ အစ်ကို့ကို ကြည့် လိုက်တာနဲ့ အမှန်ကိုတန်းမြင်တာပဲ။ အစ်ကိုက အဲဒီလို ဘာမှမရှိအောင် ကို စိတ်တွေကအစ တမင်ရှင်းထားတာကွ။ လောကမှာ ဗလာဟာ အဓိပ္ပာယ် အရှိဆုံးပဲ။ ဘာမှမရှိခြင်းဟာ အရာအားလုံး ပြည့်စုံခြင်းပဲ။ တချို့ကျတော့ အရှိအတိုင်း မနေကြဘဲနဲ့ အဆောင်အယောင် ပြင်ဆင်ခြယ်သမှုတွေနဲ့ ဖုံးလွှမ်းထားကြတယ်။ အဲ့ဒါ အပိုအရှုပ်တွေကွ။ တကယ်တော့ အရှိကို အရှိအတိုင်းနေတာ အကောင်းဆုံးပဲ''

''ဒါဆိုရင် အရှိကို အရှိအတိုင်းနေတာက တကယ်အကောင်း ဆုံးပေါ့နော် ... ဟုတ်လား''

''ညီငယ်က သဘောပေါက်လွယ်သားပဲ။ အဲ့ဒါ အမှန်ပဲပေါ့ကွ''

''ကဲ ... ဒါဆို ...''

''ဟင် ...''

သုထက်သည် ထိုင်နေရာမှ ဖျတ်ခနဲ ထ၍ ဦးအောင်ထွန်းကြွေ ဝတ်ထားသော အဝတ်အစားများကို အတင်းဆွဲ၍ချွတ်လေသည်။ မထင် မှတ်တာမို့ ဦးအောင်ထွန်းကြွေ အလန့်တကြား ဖြစ်သွား၏။

''ဟဲ့ ... ဟဲ့ ... ဟာ ... အို ... ပေါ်ကုန်တော့မှာပဲ။ ဘာလုပ်တာလဲ''

"ခင်ဗျားပဲ အရှိကိုအရှိအတိုင်းနေတာ ကောင်းတယ်ဆို။ ဒါဆိုရင် ဘာလို့ ဒါတွေ ဝတ်ထားသေးလဲ။ အကုန်လုံးချွတ်ပြီး မင်ကိုယ် အရှိ အတိုင်းပဲနေ။ ချွတ် ... အခုချွတ် ..."

"အယ် ... ဒါတော့ ဘယ်ဖြစ်မှာလဲ။ မလုပ်ပါနဲ့ကွာ"

"ဒါဆိုရင် ခင်ဗျားစကား မှားသွားပါတယ်ဆိုပြီး ဝန်ခံ။ ကျုပ်ကို ပြန်တောင်းပန်။ မဟုတ်ရင်တော့ ကျုပ်က အကုန်ဆွဲချွတ်ပစ်မှာနော်"

"ဟာ ... ချွတ်တော့မချွတ်ပါနဲ့ကွာ။ တောင်းပန်ဆို တောင်းပန်ပါ့မယ်။ ငါ အပြောမှားသွားပါတယ်ကွာ။ တောင်းပန်ပါတယ်။ ခွင့်လွှတ်ပါ ညီငယ်ရယ် ... ခွင့်လွှတ်ပါ ..."

သုထက်၏ တကယ်ဆွဲချွတ်မည့်ပုံကြောင့် ဦးအောင်ထွန်းကြွေသည် ကိုယ်ပိုးပန်းနေသော မိန်းကလေးရှေ့မှာလည်း ဖြစ်တာမို့ ရှက်ရွံ့ထူပူပြီး နူးနူးညွတ်ညွတ် တောင်းပန်ရှာသည်။ ထိုအခါမှ သုထက်က ကျေနပ်သွားဟန်ဖြင့် ထိုင်ခုံမှာ ပြန်ထိုင်သည်။

"ခင်ဗျား နောက်ဆိုရင် ကိုယ်ပြောတဲ့ စကားကို တာဝန်မယူနိုင်ဘဲ လျှောက်မပြောနဲ့ ... ကြားလား"

"အေးပါ ညီငယ်ရာ ... အေးပါ။ အဟင်း ... ဒီညီလေးကတော်တော် ဆိုးတာပဲ အဖူးလေးရဲ့"

ဦးအောင်ထွန်းကြွေက သုထက်နှင့် သိမ့်ဖူးဇင်ကို မောင်နှမဝမ်းကွဲတွေဟု ထင်နေသောကြောင့် သုထက်အား အချိုသပ်ပေါင်းနေတာဖြစ်သည်။ သုထက်က ဦးအောင်ထွန်းကြွေကိုကြည့်တိုင်း ဗိုက်ပူပူကြီးအား မြင်နေရသဖြင့် အမြင်ကတ်လာသည်။ သိမ့်ဖူးဇင်ကို ဖွန်နေသူဖြစ်သဖြင့် ပို၍ မကြည်လင်စွာ ညစ်တွန်းတွန်းရန်သာ တရစပ်ကြံစည်နေတော့၏။

"ခင်ဗျား ဒီကိုလာတာ ခင်ဗျားမိန်းမသိလား"

"ဟာ ... ညီငယ်ကလည်း အစ်ကိုမှာ မိန်းမမရှိပါဘူးကွ"

"ဒါဆို ယောကျ်ားတော့ ရှိတယ်ပေါ့လေ"

"အာ ... ယောကျ်ားလည်း မရှိပါဘူးကွာ။ အစ်ကိုက လူပျိုလေးပါ။ ဟဲ...ဟဲ"

"ယရစ်နဲ့ပေါ့ ... ဟုတ်လား"

"အမ် ... မဟုတ်ပါဘူးကွာ။ ယပင့်နဲ့ပါ"

"စစ်ရောစစ်ရဲ့လား။ အင်ကြီးများလားလို့"

"အင်မဟုတ်ပါဘူး ညီငယ်ရာ။ အစစ်ပါ။ စစ်သမှ တပေါက်ပေါက်နဲ့ ထွက်တောင်ကျတယ်။ ... အဟီး"

သူပြောသမျှ လိုက်ပေါနိုင်သော ဗိုက်ပူမသူတော် ဦးအောင်ထွန်းကြွေကို ကြည့်၍ သုထက် စိတ်လေနေသည်။ ဒီတိမ်အိုဖြူဖောင်းကြီးက လေပြင်းနှင့် တိုက်ထုတ်နေတာတောင်မှ မရွေ့သေးချေ။

"ခင်ဗျားက မမသိမ့်ဖူးဇင်ကို ကြိုက်နေတာလား"

"အဟီး ... ညီငယ်က အဲဒီလို ဟုတ်နေတာတွေကို ပေါ်တင်ကြီးမေးတော့ အစ်ကိုရှက်တာပေါ့ကွ"

"ဩော် ... အရှက်ရှိတယ်ပေါ့လေ ... ဟုတ်လား"

"ရှိတာပေါ့ ညီငယ်ရာ။ မွေးကတည်းက အရှက်က ပါလာပြီးသားကွ"

"မှန်းစမ်း ... ဒါဆိုပြပါဦး။ အရှက်က ဘယ်မှာလဲ။ မြင်ဖူးသည်ရှိအောင် ကြည့်ချင်လို့"

"အဲ ... အဲဒါတော့ ပြလို့ ဘယ်ဖြစ်မလဲ ညီငယ်ရာ။ ညီငယ်အရမ်း

ကြည့်ချင်နေရင်တော့ နောက်တစ်ခါ နှစ်ယောက်တည်းတွေ့မှ အစ်ကို ပြပေးမယ်နော်။ အခုတော့ နေဦး။ ကြည့်နဲ့ဦး ... အဟဲ ...''

ဦးအောင်ထွန်းကြွေက သိမ့်ဖူးဖင်ကိုကြည့်၍ ပေါင်နှစ်လုံးကြား၌ လက်ကလေးနှစ်ဖက်ညှပ်ပြီး ရှက်အမ်းအမ်းလေး လုပ်နေသည်။ သိမ့်ဖူး ဖင်ကတော့ ပါးစပ်ကိုလက်နှင့်ကွယ်ကာ တိတ်တခိုးပြုံး၏။ သုထက်က ...

''မမသိမ့်ဖူးဖင်ကို ခင်ဗျား တကယ်ချစ်တာကော ဟုတ်ရဲ့လား''

''တကယ်ချစ်တာပါ ညီငယ်ရယ်၊ အစ်ကို့ဘဝမှာ အချစ်ဆုံး အမြတ်နိုးဆုံး၊ တန်ဖိုးအထားဆုံး တစ်ခုတည်းသော အရာဟာ အဖူးလေး ပါ။ အဖူးလေးကလွဲရင် တခြားဘာမှ အစ်ကို့ဘဝမှာ မလိုအပ်ဘူး။ တန်ဖိုး လည်း မထားဘူး။ အဖူးလေးကိုသာ ပိုင်ဆိုင်ခွင့်ရမယ်ဆိုရင် အရာအား လုံးကို အစ်ကို စွန့်လွှတ်ပေးဆပ်ပြီးသားပါ''

''ခင်ဗျား တကယ်ပြောနေတာလား''

''တကယ် ပြောတာပါကွာ''

ဦးအောင်ထွန်းကြွေ၏ စကားအဆုံး၌ သုထက်က မထီတရီ ပြုံး၏။

''ခင်ဗျား စကားကို ကြားရတာ ကျေနပ်လိုက်တာဗျာ။ ဒါဆို ကျုပ်သွားတော့မယ်။ ခင်ဗျား စကားတော့ တည်ပါစေနော်''

''တည်ပါတယ် ညီငယ်ရာ။ သွား ... သွား ... မြန်မြန်သွား။ စိတ်ချ လက်ချသာသွား''

''ဟုတ်ကဲ့ပါဗျာ။ သွားပါပြီ''

သုထက်က ရှီခနဲ လေကလေးချွန်ပြီး သွက်သွက်လက်လက် ထထွက်သွားသည်။ ထိုအခါ နှစ်သက်ဝမ်းမြောက်ဟန်ဖြင့် ဦးအောင်ထွန်း ကြွေ၏ မျက်နှာကြီး ပြုံးဖြီးဖြီး ဖြစ်သွားသည်။ သိမ့်ဖူးဖင်ကို ကဲကဲကြီး ကြည့်ကာ ...

"အဟီး ... အခုမှပဲ အဖူးလေးနဲ့ အစ်ကိုကြွေနဲ့ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး စိတ်ကြိုက် စကားပြောရတော့မယ်။ အစ်ကိုကြွေကလေ ... အဖူးလေးကို ..."

"ဂူး ... ဂူး ..."

"ဟင်"

ဦးအောင်ထွန်းကြွေက သိမ့်ဖူးဇင်နှင့် နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် အားရပါးရ စကားပြောရန် အရှိန်ယူနေတုန်းရှိသေး ... အိမ်ရှေ့မှ ဆိုင်ကယ်စက်သံ တဂူးဂူးနှင့်အတူ သုထက်၏ အသံကိုပါ ကြားလိုက်ရ၏။

"မမသိမ့်ဖူးဇင်ကလွဲရင် တခြားဘာကိုမှ မလိုအပ်တဲ့ အလှူ့ဒါယကာကြီး ဦးအောင်ထွန်းကြွေရေ။ ကျုပ်အသုံးအစား ပြတ်နေလို့ ခင်ဗျား ဆိုင်ကယ်ကို သွားရောင်းစားပစ်လိုက်တော့မယ်ဗျို့။ ကျုပ် အလွန်မဟုတ်ဘူးနော်။ ခင်ဗျား စကားနဲ့ ခင်ဗျား သက်သေရှိတယ်။ ခင်ဗျား ဆိုင်ကယ်ကို သံယောဇဉ် မကုန်သေးရင်တော့ နောက်က အမြန်ဆုံး ပြေးလိုက်လာခဲ့ပေတော့။ နောက်ကျရင်တော့ တာဝန်မယူဘူးနော်။ သွားပြီ ... တာ့တာ ..."

ပြောပြီးတာနှင့် တစ်ပြိုင်နက် သုထက်သည် ဆိုင်ကယ်ကို မောင်းထွက်သွားလေရာ ဦးအောင်ထွန်းကြွေမျာ ပြူးတူးပျာတာ ဖြစ်သွား၏။

"ဟာ ... ဆိုင်ကယ့်သော့ကလည်း ငါ့ဆီမှာ ...။ ဒီကောင် ဆိုင်ကယ်ကို ဘယ်လိုလုပ် စီးသွားတာလည်း မသိဘူး။ သူခိုးကောင်ပဲ။ ဒီကောင့်ကြည့်ရတာ တကယ်ရောင်းစားမယ့်ရုပ်။ အမြန်လိုက်မှ ..."

ဦးအောင်ထွန်းကြွေသည် ချစ်လှပါချည်ရဲ့ဆိုသော သိမ့်ဖူးဇင်

တိုအောင် နှုတ်မဆက်နိုင်တော့ဘဲ သုထက်နောက်သို့ ကရောသောပါး ပြေးလိုက်သွားလေသည်။ သိမ့်ဖူးဇင်သည် သုထက်လုပ်ရပ် ပြောင်မြောက်ပုံကြောင့် တခစ်ခစ် ရယ်လျက် ကျန်ရစ်ခဲ့၏။ သူမ ဖခင်အိမ်မှာ မရှိသဖြင့် အကြပ်တွေ့နေတာ အခုမှအသက်ရှူချောင်သွားရလေသည်။

သုထက်က ဦးအောင်ထွန်းကြွေ၏ ဆိုင်ကယ်ကို ဆော့ကက် ဖြုတ်၍ ကစ်တံနှင့် စက်နှိုးပြီး မောင်းယူသွားတာဖြစ်သည်။ ထိုနည်းက သော့မလိုပေ။

ဦးအောင်ထွန်းကြွေသည် ''ငါ့ဥစ္စာပြန်ပေး၊ ငါ့ဥစ္စာပြန်ပေး''ဟု အော်လျက် ဥစ္စာရှူးကြီးပမာ ဆိုင်ကယ်နောက်သို့ အတင်းပြေးလိုက်နေသည်။ ဗိုက်ကြီးတလှုပ်လှုပ်နှင့် တုပ်ချဲ့တုပ်ချဲ့ ပြေးနေပုံမှာ သားပိုက်ကောင် မာရသွန်ပြိုင်ပွဲဝင်နေသကဲ့သို့ ရယ်စရာကောင်းလွန်းလှပါ၏။

''ယောက်ျားတန်မဲ့ ကိုယ်ဝန်လွယ်ထားရတဲ့ ဗိုက်ကြီးသည်ကြီးရေ ... ပြေးထား ... ပြေးထား ... အဲ့ဒါမှ ဗိုက်ကြီးပိန်သွားမှာ။ ဘယ်ညာ ... ဘယ်ညာ''

သုထက်က ဆိုင်ကယ်ကို ဖြည်းဖြည်းမောင်းလိုက်၊ နောက်မှ ပြေးလိုက်လာသော ဦးအောင်ထွန်းကြွေကြီး မှီခါနီးလာလျှင် ခပ်မြန်မြန်လေး မောင်းလိုက်နှင့် ကောင်းကောင်းကြီး ပညာပြနေတော့၏။ ဆယ့်ငါးမိနစ်ခန့် ကြာသောအခါ ဦးအောင်ထွန်းကြွေသည် ချွေးဒီဒီးကျပြီး မောလွန်းသဖြင့် ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေလေပြီ။

သုထက်က သူ့အသိ ဆိုင်ကယ်တစ်စီးကိုတွေ့မှ ဦးအောင်ထွန်းကြွေ၏ ဆိုင်ကယ်ကို လမ်းဘေး၌ ရပ်ခဲ့ပြီး အသိဆိုင်ကယ်နှင့် လိုက်သွားလိုက်သည်။

''ဟိတ် ... ဗိုက်ပူနံ့ကားနာ့ကိုထောင်ကြီး ... မမသိမ့်ဖူးဇင်အနားကို ခင်ဗျားလုံးဝမကပ်နဲ့ ... ကြားလား။ နောက်တစ်ခါဆိုရင် ဒီထက်ပိုဆိုးမယ်''

လက်သီးလက်မောင်းတန်းပြီး အော်ပြောသွားသော သုထက်ကို ဦးထွန်းအောင်ကြွေသည် မျက်ထောင့်နီကြီးဖြင့် ကြည့်နေ၏။ သို့သော် ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ရှာပေ။ သူ့ခမျာ မျှော့မျှော့ပျော့ပျော့သာ ရှိတော့၏။

သုထက်သည် ဆိုင်ကယ်နောက်၌ တင်ပျဉ်ခွေချိတ်လျက် ထိုင်လိုက်လာ တရှိုရှိုဖြင့် ကျေနပ်စွာ လေချွန်နေလေသည်။ သူလိုချင်တာ ဒါပဲဖြစ်သည်။ မမသိမ့်ဖူးဇင်ထံပါး၌ သူမှတစ်ပါး အခြားသော မည်သည့်ယောက်ျားသားကိုမှ ရှိမနေစေချင်ပါ။

ဒါဟာ ... ခွဲတမ်းမဲ့သော အချစ်၏ တစ်ယူသန်အတ္တဖြစ်လေ၏။

✧ ✧ ✧

## အခန်း(၁၁)

ရိုးရာဓလေ့၏ လင်းပမှုသည် ညဥ့်ဦးယံ၏ နေရာတိုင်းမှာ ဂျက်သရေရှိစွာဖြင့် ပေါက်ဖွားနေ၏။ အောက်တိုဘာလ ကုန်ခါနီးနေ့ရက်များသည် ကြည်နူးချမ်းမြေ့ဖွယ်ကောင်းသော ဆီမီးထွန်းညှိပူဇော်ပွဲများဖြင့် အစဉ်အလာမပျက် သက်ဝင်စည်ကားလျက်ရှိ၏။

သစ်ပင်တို့၌ ချိတ်ဆွဲထားသော ရောင်စုံမီးပုံးကလေးများ၊ မြေပြင်ပေါ်မှာ စိုက်ထူထားသော ဖယောင်းတိုင်များ၊ စေတီပုထိုးများပေါ်တွင် ပူဇော်ထားသော ဆီမီးခွက်များ၊ ကောင်းကင်ယံဝယ် ပျံသန်းနေသော အနီရောင် မီးပုံးပျံများ၊ သက်ကြီးရွယ်အို အမိအဖ အဘိုးအဘွား ဆရာသမားများအား ရှိခိုးကန်တော့မှုများ အားလုံးသည် ဝါလကင်းလွတ်သီတင်းကျွတ်ချိန်ခါကို အပီအပြင် ခြယ်မှုန်းတန်ဆာ ဆင်နေကြလေပြီ။

လူတို့သည် သာယာမှု တစ်မျိုးစီဖြင့် မိမိတို့၏ စိတ်ကျေနပ်မှုကို ရှာဖွေတတ်ကြလေရာ သုထက်တို့ သူငယ်ချင်းသုံးယောက်သည်လည်း ယခုညတွင် သူတို့ခုံမင်ရာ သာယာမှုဖြင့် စိတ်ကျေနပ်မှုအား ရယူနေကြပါ၏။

သူတို့သည် လူများတကာ ထွန်းချိတ်ထားသော မီးပုံးများအား အလစ်ခိုးဖြုတ်ဖွစ်ကြသည်။ တက်ခါစ မီးပုံးပျံများအား ပေါက်ပြဲ၍ ပြုတ်ကျအောင် ခဲနှင့်လိုက်ထုကြသည်။ လူစုလူဝေးကြားထဲသို့ ဗျောက်အိုးတွေ အတွဲလိုက် မီးရှို့ပြီးပစ်ထည့်ကြသည်။ ပြီးတော့ ဝရုန်းသုန်းကား ပြေးကြလွှားကြရသည်။ ဒါကိုပဲ သူတို့အရသာတွေ့နေကြလေ၏။

ဤသို့ဖြင့် သွားရင်းလာရင်း တစ်နေရာ ရောက်သောအခါတွင် လွှတ်တင်ရန် စိုင်းပြင်းနေသည့် ငှက်ရုပ်သဏ္ဍာန် မီးပုံးပျံတစ်လုံးအား သူတို့ မြင်တွေ့လိုက်ရသည်။ လူကြီးတစ်ယောက်ကလည်း မိုက်ခွက်ကို ကိုင်ကာ ကြေငြာနေ၏။

"အခုဆိုရင် ငှက်ရုပ်မီးပုံးပျံကြီးကို လွှတ်ပါတော့မယ်ခင်ဗျာ။ အဲဒီ မီးပုံးပျံကြီးကို ရရှိရင်တော့ဖြင့် ဆုတော်ငွေ တစ်သောင်းကျပ် ချီးမြှင့်မှာ ဖြစ်ပါတယ်။ ဆုတော်ငွေအား အလိုရှိသူများ မီးပုံးပျံကြီးကျရာအရပ်ကို လိုက်ကြပါခင်ဗျား။ မီးပုံးပျံကြီးကို လက်ဝယ်ရရှိတဲ့ ပုဂ္ဂိုလ်ဟာ ကျွန်တော် တို့ဆီမှာ ဆုတော်ငွေ တစ်သောင်းကျပ် လာရောက်ထုတ်ယူနိုင်ပါတယ်။ ဟော ... အခုဆိုရင် မီးပုံးပျံကြီးကိုစတင်ပြီး လွှတ်ပါပြီ ခင်ဗျာ ..."

မှိုင်းဝနေသည့် ငှက်ရုပ်သဏ္ဍာန် မီးပုံးပျံကြီးက အထက်ကောင်းကင်လေထုထဲသို့ တလူလူလွင့်တက်သွားလေသည်။ ထိန်လင်းက ခဲနှင့်ထုရန်ပြင်တော့ သုထက်ကတားသည်။ ဇေယျာအောင်၏ လက်ကိုပါ ဆွဲကာ သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး တိုးစိတိုးစိ တိုင်ပင်ကြသည်။ ထို့နောက် ထိုနေရာမှ သူတို့သုံးယောက် စုံစုံညီညီ ပျောက်ကွယ်သွားကြ၏။

လေထုထဲမှာ ဝေ့ကာဝိုက်ကာ ပျံသန်းနေသော မီးပုံးပျံသည် မိနစ် အနည်းငယ်အကြာတွင် မြေပြင်ဆီသို့ လူးလူးလွန့်လွန့် ပြုတ်ကျလာပါတော့

၏။ လူတာ်ကြီးက ပြေးကာလွှားကာဖြင့် မီးပုံးပျံနောက်သို့ လိုက်သွားကြသည်။ ဆိုင်ရာပိုင်ရာ လူကြီးသူမတွေကတော့ ဆုတော်ငွေကို ဘယ်သူများရလိမ့်မလဲဆိုတာ စိတ်ဝင်တစား စောင့်မျှော်နေကြသည်။

မီးပုံးပျံပြုတ်ကျပြီး အချိန်ခဏအကြာ၌ မီးပုံးပျံလွှတ်တင်ရာနေရာသို့ သုထက်တို့ သူငယ်ချင်းသုံးယောက် အပြေးတစ်ပိုင်း ခုန်ပေါက်၍ရောက်ရှိလာကြလေ၏။

"မီးပုံးပျံကြီးကို ငါတို့ရပြီဟေ့ ... "

"တစ်သောင်းတန် မီးပုံးပျံက ... ဒီမှာ ... ဒီမှာ ... မမြင်ဘူးရင်ကြည့်ထား"

"ကျွန်တော်တို့ကို ဆုငွေထုတ်ပေးပါဗျို့"

သူတို့သုံးယောက်သည် ဆူညံစွာ ဟစ်အော်နေကြ၏။ စောစောကမိုက်ခွက်ကိုင်၍ ကြေငြာသော လူကြီးက သူတို့အနားရောက်လာသည်။

"ငါ့တူတို့က မီးပုံးပျံကောက်ရတဲ့ လူတွေလား"

"ဟုတ်ပါတယ်ခင်ဗျား ... ဟုတ်ပါတယ် ... "

"ဒါဆို မီးပုံးပျံက ဘယ်မှာလဲ"

"ဒီမှာပါခင်ဗျာ ... ဒီမှာ"

သုထက်က သူ့လက်ထဲမှ လက်တစ်ဝါးစာသာသာလောက်သာရှိသည့် ပလတ်စတစ်စလေးကို ဖြန့်ပြသည်။ ကြည့်၍ လူကြီးနင်သွားသည်။

"ဟင် ... မီးပုံးပျံက ... ဒါ ... ဒါလား ...။ သေး ... သေးသေးလေးပါလား ... "

"ပြုတ်အကျမှာ မီးလောင်သွားလို့ ဒါလောက်ကလေးပဲ ကျန်တော့တာပါ ခင်ဗျာ"

"ခြော် ... တော်တော် လောင်သွားတာကိုး"

"ဟုတ်ပါတယ်ခင်ဗျာ။ တော်တော်လောင်သွားတာပါ။ ဒါတောင်မှ ကျွန်တော်တို့ အမြန်ညှိမ်းလိုက်ပေလို့ ဒီလောက်ကလေး ကျန်နေသေးတာ ပါခင်ဗျာ"

"မီးညှိမ်းရင်း ကျွန်တော်တို့ လက်တွေတောင် အပူလောင်သွားပါ သေးတယ်ခင်ဗျ"

"ဟုတ်ပါတယ်ခင်ဗျ။ အခုထိတောင် အပူရှိန်မပျောက်သေးပါဘ ... ဖူး ... ဖူး ..."

ဘိန်လင်းနှင့် ဇေယျာအောင်ကလည်း သူတို့လက်နှစ်ဖက်အား တဖျတ်ဖျတ်ခါရင်း၊ သုထက်စကားကို ထောက်ခံသည်။ လူကြီးက လက်တစ်ဝါးစာသာသာ လောက်သာရှိသည့် ပလတ်စတစ်စလေးကို ကြည့်ကာ နဖူးကြောတွေ ကျုံ့လာသည်အထိ စဉ်းစားနေ၏။

"အင်း ... မီးပုံးပျံမှာ ငါတို့က လက်မှက်ထိုးပြီး အမှတ်အသား လုပ်ထားတာကွ။ အခုတော့ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး"

"ဘယ်လိုမှ လုပ်မနေပါနဲ့ ခင်ဗျာ။ ကျွန်တော်တို့ကိုသာ ဆုငွေ အမြန်ထုတ်ပေးပါ။ ဦးတို့ လက်မှက်ထိုးထားတာက မီးလောင်တဲ့အထဲ ပါသွားတာ ဖြစ်ပါလိမ့်မယ်"

"ဖြစ်ပါလိမ့်မယ် မဟုတ်ဘူးကွ။ ပါသွားတာ သေကိုသေချာတယ်"

သုထက်က ယိန်ငေးကို တံတောင်နှင့် တွတ်၍ ပြောလိုက်သည်။ ဇေယျာအောင်ကလည်း ဝင်ပြော၏။

"ဟုတ်တယ်ကွ။ သေကိုသေချာတယ်။ ကျွန်တော်တို့ကို ဆုငွေသာ အမြန်ချီးမြှင့်ပါခင်ဗျာ။ ကျွန်တော်တို့မှာ ဒီမီးပုံးပျံကြီးကို ရဖို့ သေလုနီးပါး

လိုက်ထားရတာပါ''

မီးပုံးပျံကြီးဟု ဆိုသော ပလတ်စကစ်စလေးကို ကြည့်ကာ လူကြီး ခေါင်းကုတ်နေသည်။ နောက်တော့စိတ်ရှုပ်စွာဖြင့် သူ့အင်္ကျီအိတ်ထဲမှ တစ်ထောင်တန် ဆယ်ရွက်ကို ထုတ်ကာ သုထက်အား ပေးလိုက်သည်။ ထိုပိုက်ဆံတွေကို သုထက်က သူ့ ဘောင်းဘီအိတ်ထဲ ထည့်နေစဉ်မှာပင်

''ဟေး ... မီးပုံးပျံကြီး ရလာပြီဟေ့။ တစ်သောင်းပေး ... တစ်သောင်းပေး ...''

''ဟင်''

မီးပုံးပျံအခွံ တစ်ခုကို ကိုင်မြှောက်ဝှေ့ရမ်းပြီး ပြေးလာသော ကောင်လေးတစ်ယောက်ကြောင့် လူကြီး ပူစီဖြစ်သွားလေသည်။

''ဟိုမှာလည်း မီးပုံးပျံ ... ဒီမှာလည်းမီးပုံးပျံ ... ဘယ်ဟာက အမှန်လဲ ... အဲ ... မင်းတို့ ... မင်းတို့ ...''

လူကြီးစကားမှ မဆုံးသေး။ သုထက်တို့ ၁ုံးယောက်က အသွက်လက်ဆုံး ပြေးထွက်သွားကြလေသည်။ ထိုအခါမှ အစားထိုးမှုလုပ်ဇာတ်ကို လူကြီး သဘောပေါက်သွားတော့သည်။ ငွေတစ်သောင်းကတော့ မသဲ့ဒွါစွာ ဆုံးပါးသွားရပြီ ဖြစ်ပေသည်။

လေချွန်သံသည် တရှိန်ရှိန် မြည်နေပါ၏။ သုထက်နှင့် သူ့ သူငယ်ချင်းနှစ်ယောက်သည် ညအရောင်ထဲတွင် အူမြူးရင်း ရယ်မောနေကြသည်။ သူတို့သည် ငဲ့ကွက်မှုကင်းစွာဖြင့် အပျော်မက်သူတွေ ဖြစ်၏။

ထိုစဉ် မျက်နှာချင်းဆိုင်အရပ်မှ ရှေ့မီးဖွင့်၍ မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးက သူတို့လူစုရှေ့၌ ထိုးရပ်သွားသည်။ ကြည့်လိုက်တော့ မျိုးလေး ...။

သုထက်က နှုတ်သွက်သည်။

"မျိုးလေး ... သူငယ်ချင်း ... ဘာဖြစ်လို့လဲ"

"စပရိန်ကောင် ... ဒီမှာကြည့်စမ်း"

"ဘယ်ကို ကြည့်ရမှာလဲ"

"ဒီမှာ ... ငါ့ပါးကို ကြည့်။ သေချာကြည့်"

မျိုးလေးက သူ့ပါးကို လက်နှင့်ပုတ်ပြသည်။ သုထက်က လမ်းမီးတိုင်မှ အလင်းရောင် အားကိုးဖြင့် အနားတိုးကြည့်သည်။

"ဟာ ... မျိုးလေး ... မင်းပါးမှာ အရေပြားတွေပါလားကွ ... ဟေ ..."

"ခွီးထဲမှပဲ ... ပါးဆိုမှတော့ အရေပြားရှိတာပေါ့ကွ။ ငါက အဲ့ဒါကို မေးတာ မဟုတ်ဘူး"

"ဒါဆို ဘာကိုမေးတာလဲ"

"သေချာကြည့်လေကွာ။ ငါ့ပါးကြီး ရဲမနေဘူးလား"

"အေး ... ရဲနေတယ်။ မင်း ပါးနီဆိုးထားတာလား"

"ဟာကွာ ... မင်းဟာလေ ပြောလိုက်ရင် တလွဲချည်းပဲ။ ဘယ်ကလာပါးနီဆိုးရမှာလဲ။ အခုလို ငါ့ပါးရဲနေတာ မင်းကြောင့်ကွ မင်းကြောင့်"

မျိုးလေးက အံကြိတ်ပြီး သုထက်ကို လက်ညှိုးငေါက်တောက်ထိုးကာ ပြော၏။ သုထက်က မသိနားမလည် ဟန်လေးဖြင့် ...

"မျိုးလေး ... သူငယ်ချင်း ... ငါဘာများ အမှားလုပ်မိလို့လဲကွာ"

"မင်းပဲပြောတာလေ။ ငါ့ကောင်မလေးက အခြောက်နဲ့ ညအိပ်တာကို အကြိုက်ဘူးဆိုတာက အထာပေးတာဆို။ အဲ့ဒါကြောင့် ငါ အခုည သူ့ဆီ သွားလိုက်တာ အခုလို ပါးကြီးရဲနေတာပေါ့ကွာ။ အဲ့ဒါ မင်းကြောင့်

မင်းကြောက်ပေးလို့ ငါ အခုလို ဖြစ်ရတာ။ မင်းကို ငါလုံးဝ မကျေနပ်ဘူး။ တကယ်တော့ ငါ ဆိုင်ကယ်နဲ့ တိုက်ရမှာ ဦးဇင်နိုင်ဝင်းကို မဟုတ်ဘူးကွ။ မင်းကို တိုက်ရမှာ ... လာထား ...''

''ရူး ... ရူး ...''

မျိုးလေးက သုထက်ကို ဆိုင်ကယ်နှင့် တိုက်သည်။ သုထက်က လှစ်ခနဲနဲ့တိမ်းကာ ကပ်ရှောင်သည်။ ထိန်လင်းနှင့်ဇေယျာအောင်က ဆိုင်ကယ်ကို နောက်ဘက်ကိုင်းမှ ဆွဲမြှောက်လိုက်ကြသည်။ နောက်ဘီး ယက်အားမရှိတော့သဖြင့် မျိုးလေးနှင့် ဆိုင်ကယ်မှာ ဆန့်ငင်ဆန့်ငင် ဖြစ်နေတော့၏။

ထိုအခိုက်မှာပင် သုထက်က ဆိုင်ကယ်သော့ကို လျှပ်တပြက် ပိတ်ကာ ချွတ်ယူလိုက်သည်။ ပြီးနောက် ထိုနေရာမှ သူတို့သုံးယောက် အလျှင်မြန်ဆုံး ပြေးလွှားထွက်ခွာရပြန်သည်။

လမ်းများစွာကို ဇရုတ်သုတ်ခ မှုခင်းများဖြင့် ဖြတ်သန်းခဲ့ပြီးနောက်တွင် သုထက်တို့ သုံးယောက်သည် သိမ့်ဖူးဇင်တို့ လမ်းထဲသို့ ရောက်လာလေ၏။ ထိုအချိန်တွင် သိမ့်ဖူးဇင်နှင့် ဦးဇင်နိုင်ဝင်းသည် အိမ်ရှေ့မြက်ခင်းပြင်ထက်၌ ပက်လက်ကုလားထိုင် ကိုယ်စီဖြင့်ထိုင်၍ ညရှုခင်းအား အရသာခံနေကြလေသည်။

''အင်း ... အခုချိန်ဆို သမီးအမေလည်း ဘယ်ဘုံဘယ်ဘဝများ ရောက်နေပါလိမ့် ...''

''အမေက ဘုရားတရား လိုက်စားတဲ့လူဆိုတော့ ကောင်းရာ ဘုံဘဝကိုပဲ ရောက်မှာပါ အဖေရယ်''

ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပြီ ဖြစ်သော ဇနီးသည်အား သတိ

တရ ဖြစ်နေသည့် ဖခင်ကို ကြည့်ကာ သိမ့်ဖူးဇင်ရင်ထဲမှာ ဝမ်းနည်းလာသည်။ သုံးဦးတည်းသာရှိသော သူမတို့ မိသားစု အသိုက်အမြုံလေးထဲမှ မိခင်ဖြစ်သူအား ကင်ဆာရောဂါက စောစီးစွာဆွဲထုတ်သွားခဲ့၏။ ထိုအချိန်တုန်းကဆိုလျှင် သူမရူးမတတ်ခံစား ခဲ့ရပါသည်။ ဦးဇင်နိုင်ဝင်းက သက်ပြင်းချကာ တွေးတွေးဆဆဖြင့် ...

"အဖေလည်း သမီးအမေနောက်ကို ဘယ်တော့များ လိုက်ရမလဲ မသိဘူးနော်"

"ဘာတွေလျှောက်ပြောနေတာလဲ အဖေရယ်။ အဖေက ကျန်းကျန်းမာမာကြီးဟာကို။ ဘာလို့ အမေ့နောက်လိုက်ရမှာလဲ"

"သေခြင်းတရားဆိုတာ ပုံစံအမျိုးမျိုးရှိတယ် သမီးရဲ့။ ကြိုတင်မှန်းဆလို့ မရနိုင်ဘူး။ ကံဇာတာကြုံဟ်စီးပြီဆိုရင် ကိုယ့်သေးကြောင်းက တောင် မြွေဖြစ်ပြီး ထပေါက်တာ ခံရနိုင်တယ်။ သေနေ့စေ့ပြီဆိုရင် ဘာမဟုတ်တာလေးနဲ့လည်း သေနိုင်တယ်။ မထင်မှတ်တာတွေလည်း ဖြစ်တတ်တယ်။ အခုလို ထိုင်နေတုန်း အဖေ့ကို မိုးကြိုးပစ်မချဘူးလို့တောင် မပြောနိုင်ဘူး"

"ဟာ ... အဖေကလည်း ... နိမိတ်မရှိတာတွေ မပြောပါနဲ့"

"နိမိတ်မရှိတာကို ပြောတာမဟုတ်ဘူး သမီး၊ ဥပမာပြောပြတာ။ မိုးကြိုးပစ်ခံရပြီး သေမယ့်ကံပါလာရင် မိုးကြိုးကပစ်ကိုပစ်မှာပဲ။ ဘယ်လိုမှ ရှောင်လွှဲလို့ မရဘူး။ ဒါကြောင့် အဖေကတော့ သေခြင်းတရားကို ဘယ်လို ပုံစံမျိုးနဲ့ပဲလာလာ ရဲရဲဝံ့ဝံ့ရင်ဆိုင်ဖို့ အသင့်ပြင်ထားတယ် ..."

ဦးဇင်နိုင်ဝင်းသည် သမီးဖြစ်သူအား လေးနက်သော စကားတွေ ပြောဆိုနေပါ၏။ ညဥ့်က တဖြည်းဖြည်း ငြိမ်သက်တိတ်ဆိတ်လာသည်။

ခြံရှေ့လမ်းပေါ်သို့ ရောက်လာသော သူထက်သည် အုတ်တံတိုင်း ကွယ်နေသောကြောင့် သိမ့်ဖူးဇင်တို့ သားအဖအား မမြင်ဘဲ အိမ်ကိုသာကြည့်ကာ ...

"ဟိတ်ကောင်တွေ ... အခုအချိန်ဆို မမအိပ်ပြီလား မသိဘူးနော်"

"အပျိုကြီးတွေက အိပ်ယာပေါ်ရောက်ရင် အပျိုလေးတွေ ဇက်တောင် ပိုပြီးစိတ်ကူးယဉ်တတ်ကြတယ်ကွ။ အဲ့ဒါကြောင့် ငါ့အထင်ပြောရရင် မင်းမမ မအိပ်လောက်သေးဘူး"

"ဘာပဲဖြစ်ဖြစ်ကွာ ... မင်း ရောက်လာတာကို သူသိအောင် အချက်ပေးလိုက် ... ရော့"

ထိန်လင်းက သူ့လက်ထဲမှ ဗျောက်အိုးတွေကို သူထက်ထံ ကမ်းပေးသည်။ ဇေယျာအောင်ကလည်း ဘောင်းဘီအိတ်ထဲမှ ဂက်စ်မီးခြစ်ကို ထုတ်ပေး၏။ သူထက်ကလည်း မငြင်းဘဲယူပြီး ဗျောက်အိုးတွေကို စုကိုင်ကာ အဖျားမှ ကြိုးစတွေအား မီးရှို့လိုက်သည်။ ထို့နောက် ...

ခြံအတွင်းထဲမှ ဦးဇင်နိုင်ဝင်းသည် သမီးဖြစ်သူနှင့် စကားကောင်းနေဆဲ ...။

"သေတာချင်း အတူတူတောင်မှ မိုးကြိုးပစ်ခံရပြီး သေတာက တော်တော်ဆိုးတယ် သမီးရဲ့။ ဝေဒနာကို မချိမဆန့် ခံစားရတဲ့အပြင် မီးသွေးတုံးလို ဖြစ်သွားမှာ။ အလောင်းလေးတောင် မလှတော့ဘူးပေါ့ကွယ်။ ဒါပေမယ့် အဖေကတော့ ဘယ်လိုနည်းနဲ့ပဲ သေရသေရ မကြောက်ပါဘူး"

ထိုအချိန်မှာပင် သူထက်ပစ်လွှတ်လိုက်သည့် ဗျောက်အိုးတွေသည် ဦးဇင်နိုင်ဝင်း ကိုယ်ပေါ်သို့ တည့်တည့်မတ်မတ်ကျသွားလေသည်။

ပြီးနောက် တိတ်ဆိတ်နေသော ညဥ့်ယံထဲ၌ ကျယ်လောင်စွာတရစပ် ပေါက်ကွဲကြတော့၏။

"ဖောင်း ... ဖောင်း ..."

"အမယ်လေး ... သမီးရေ ... အဖေ့ကိုတော့ မိုးကြိုးပစ်ပြီ"

"ဖောင်း ... ဖောင်း ... ဖောင်း ..."

"မိုးကြိုးက အတွဲလိုက်ပစ်တာဗျို့။ အမေရေ ... သားငယ်လေးကို ... လာကယ်ပါဦးဗျ ... အား ..."

ဦးဖင်နိုင်ဝင်းသည် မကြီးမငယ်နှင့် ဖင်ပူးတောင်း ထောင်ပြီး ငယ်သံပါအောင် အသံကုန်ခြစ်အော်လေသည်။ ဗျောက်အိုးတွေကလည်း တစ်ခုပြီးတစ်ခု ဆက်တိုက်ပေါက်ကွဲလေရာ ချက်ချင်းလက်ငင်းပင် ဦးဖင်နိုင်ဝင်း သတိလစ်မေ့မျောသွားတော့၏။ သိမ့်ဖူးဖင်ခမျာ ဖခင်သူရဲကောင်းကြီး သတိပြန်ရလာအောင် မနည်းဘဲ နှာနှပ်ယူလိုက်ရ၏။

ထိုညက သုထက်တို့တစ်တွေ ပြေးပွဲတွေ ဆက်နေပါသည်။

✧ ✧ ✧

## အခန်း(၁၂)

"ခွိခစ်ခစ် ... ခွိခစ်ခစ် ... ခွိခစ်ခစ် ... ဟား ... ဟီး ... ဟား ... ဟိုး ..."

ငှက်ဆိုးထိုးသံနှင့်တူသော ရယ်မောသံသည် ကြည်နူးရိပ်ဆိုင်ကလေးအတွင်းမှာ စူးရှူးချွန်ချွန် ပျံ့နှံ့သွားလေသည်။ ထိန်လင်းနှင့် ဇေယျာအောင်သည် ပြုံပြုံလန်လန် ရယ်နေသော ပေရယ်၏ ပါးစပ်ပေါက်မှတဆင့် မြင်တွေ့နေရသည့် လည်ချောင်းဝကို အထူးအဆန်းသဖွယ် ကြည့်ရှုနေကြသည်။

သုထက်ကတော့ မဟာဆန်သော အလုပိုင်ရှင် သိမ့်ဖူးဇင်၏ လှတစ်မျက်နှာကိုသာ မြတ်နိုးမှုဓာတ်ခံဖြင့် စိုက်ကြည့်ရင်း ပေရယ်၏ ရှည်မျောသော ရယ်သံဆုံးအောင် စောင့်စားနေလိုက်သည်။ ရယ်သံတိတ်ဆိတ်သွားကာမှ ပြောလက်စ, စကားကို မေးခွန်းဖြင့် ပြန်ဆက်လိုက်၏။

"အဲဒါ ကျွန်တော့်လက်ချက်မှန်း မမရဲ့အဖေ သိလားဟင်"

"မသိပါဘူး။ သိရင်တော့လား ... ဘယ်လွယ်လိမ့်မလဲ ..."

"ကျွန်တော်ကလည်း တမင်တကာ ချိန်ပစ်လိုက်တာ မဟုတ်ပါဘူး မမရယ်။ မတော်တဆ တိုက်ဆိုင်သွားတာပါ။ ကျွန်တော့်ကို ခွင့်လွှတ်ပါနော်"

"ဘာပဲဖြစ်ဖြစ် ခြံထဲကို မင်းပစ်လိုက်လို့ အခုလိုဖြစ်သွားရတာ။ မင်းဟာလေ ... တော်တော်ဆိုးတာပဲ။ နောက်နောင် တယ်တော့မှ အဲဒီလို မလုပ်ပါနဲ့"

မနွဲ့ညက ဖျောက်အိုးကိစ္စနှင့် ပတ်သက်၍ သိမ့်ဖူးဇင်က သုထက်ကို အပြစ်တင်ကာ ဆုံးမနေ၏။ သုထက်က ငြိမ်၍သာ နာခံနေလိုက်ပါသည်။ ထိုစဉ် ဖေရယ်က အတို့အထောင် ဝင်လုပ်လေသည်။

"ဒီကောင်လေးက တော်တော်အခွက်ပြောင်တာပဲ။ ဟိုတစ်နေ့ကလည်း လမ်းမှာငါနဲ့တွေ့တော့ ရှူးသလို ပေါ်သလိုနဲ့ ငါ့ကိုကြပ်သွားသေးတယ်"

"ဒီကောင် ကြပ်တာကတော့ ပြောမနေပါနဲ့ဗျာ။ အရင်းနှီးဆုံးဖြစ်တဲ့ ကျွန်တော်တို့တောင်မှ မလွတ်တမ်းခံရတယ်"

ဇေယျာအောင်က ဝင်ပြောတော့ ထိန်လင်းကပါ ထပ်မံ၍ ဖြည့်စွက်ပေးသည်။

"တစ်ခါတုန်းက တစ်ဖက်မြို့ကို သူသွားတော့...ငါ စားသလို စားရမယ်၊ ငါ သွားသလို သွားရမယ်၊ ငါနေသလို နေရမယ်ဆိုပြီး ကျွန်တော်တို့နှစ်ယောက်ကို ခေါ်တယ်၊ ကျွန်တော်တို့ကလည်း အဟုတ်မှတ်ပြီး လိုက်သွားတာ ... ဟိုရောက်တော့ ရေခဲထုပ်တစ်ထုပ်ကို သုံးယောက်မျှစုတ်ပြီး လမ်းဘေးမှာ အိပ်လိုက်ရတယ်။ အပြန်ကျတော့လည်း ရထားကို ခိုးစီးပြီး ပြန်လာရတာ ... တကယ်ဆိုးတဲ့ကောင်"

"ခွိခစ်ခစ် ... ခွိခစ်ခစ် ... ဟား ... ဟီး ... ဟား ... ဟိုး ..."

ပေရယ်က ငှက်ဆိုးထိုးသံကဲ့သို့ ရယ်ပြန်သည်။ သိမ့်ဖူးဇင်က ပြုံးသည်ဆိုရုံလေးသာ ပြုံး၏။ သုထက်က ထိန်လင်းကိုကြည့်ကာ စကားနိုင်လုပါသည်။

"ငါပြောတာ မှားလို့လားကွ ...မင်းတို့တွေ ငါနေသလိုနေ၊ ငါစားသလိုစား၊ ငါသွားသလိုသွားရတာပဲ ... မဟုတ်လို့လား"

"ဟုတ်ပါတယ်ကွာ ဟုတ်ပါတယ်။ ဒါပေမယ့် အဲဒီလို ခရီးမျိုးကိုတော့ နောက်တစ်ခါ မလိုက်ပါရစေနဲ့တော့။ တစ်ခါတည်းနဲ့တင် လုံလုံလောက်လောက် လန့်သွားပါပြီ"

ထိန်လင်းက ရှုံ့ရှုံ့မဲ့မဲ့ဖြင့် ပြော၏။ သုထက်က ဘာမှမတုံ့ပြန်တော့ဘဲ သိမ့်ဖူးဇင်မျက်နှာကိုသာ တမေ့တမော စိုက်ကြည့်နေလိုက်သည်။ ကြာတော့ သိမ့်ဖူးဇင်ပင် အနေရခက်လာသည်။ ဒီအခြေအနေကို သတိပြုမိသွားသည့် ပေရယ်က မေးခွန်းထုတ်ရင်း ဝင်ရှုပ်ဖို့ကြိုးစားသည်။

"ဟဲ့ကောင်လေး ... သိမ့်ဖူးကို နင်ဘာလို့ အဲဒီလောက် စိုက်ကြည့်နေတာလဲ"

"ချစ်လို့ ကြည့်တာပေါ့ဗျာ"

"ဘာလဲ ... ကိုယ့်အမေလို သဘောထားပြီး စိတ်သန့်သန့်နဲ့ ချစ်နိုင်ပြီလား"

"တော်ဗျာ ... တော် ... ခင်ဗျား စကားဆက်မပြောနဲ့"

သုံထက်က ဘုတော့လိုက်ရာ ပေရယ်က ဂရုမစိုက်ဘဲ ရယ်၍ဆက်ပြောသည်။

"ငါက စတာပါဟယ်။ နင်ကလည်း ဒေါ်ချည်းပဲ။ သိမ့်ဖူးကို နင်တကယ်ချစ်တာလား"

"ချစ်တာပေါ့ဗျ။ ချစ်တာမှ အရမ်းချစ်တာ"

"ဒါဆို နင့် သိမ့်ဖူးဇင်ကို ချစ်နေတဲ့အကြောင်း ဒီတစ်ဆိုင်လုံး ကြားအောင် အော်ပြောရဲလား"

"ဘာလို့ မပြောရဲရမှာလဲ"

"ဒါဆို ပြောလေ။ မတ်တတ်ထပြီး ပြော"

ပေရယ်က ပေါ်တင်ကြီး ကလော်သည်။ သုထက်ကလည်း သိလျက်နှင့် မျက်နှာပြောင်သည်။ ထိုင်နေရာမှထပြီး တစ်ဆိုင်လုံးကြား အောင် မရှက်မကြောက် အကျယ်ကြီးအော်ပြောလေ၏။

"ယခု ဒီဆိုင်မှာစားသုံးနေကြသော လူကြီးမင်းများခင်ဗျား ... ကျွန်တော့်နာမည် သုထက်ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော်ဟာ ဟောဒီက မသိမ့်ဖူးဇင်ကို အရမ်းချစ်နေတဲ့လူပါ။ အဲ့ဒါကို တစ်ဆိုင်လုံးသိ အောင် တရားဝင်ကြေငြာပါတယ်ခင်ဗျား"

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း ... "

ထိန်လင်းနှင့် ဇေယျာအောင်က သူတို့သူငယ်ချင်း လုပ်ရပ်ကို လက်ခုပ်တီး၍ ဩဘာပေးသည်။ ဆိုင်တွင်းရှိ လူအားလုံးက တအံ့တသြ ငေးကြည့်ကြသည်။ ပြီးတော့ တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး ရယ်မောကြသည်။ အချို့ဆိုလျှင် ပေါရဲလိုက်တာဟု လှောင်ပြောင်ထောပနာ ပြုကြ၏။

သိမ့်ဖူးဇင်၏ မျက်နှာပြင်သည် ရှပ်ပျက်ဆင်းပျက်နီရဲလာ၏။ သူမသည် နှုတ်ခမ်းကို ခပ်တင်းတင်းစေ့ကာ ထိုင်နေရာမှ ဆတ်ခနဲထထွက် သွားလေသည်။ ဒီတော့မှ သုထက်ရင်ထဲမှာ ပူခနဲပဲ ဖြစ်သွားမိသည်။

"မမ"

"သိမ့်ဖူး ... နေဦးလေ"

ခေါ်ဝေါ်တားမြစ်ပေမယ့် မရတော့ ...။ သူမသည် မရပ်တန့်ဘဲ လျှောက်မြဲအတိုင်း ဆက်လက်လျှောက်လှမ်းသွားပါသည်။

"သိမ့်ဖူးတော့ ငါတို့ကို စိတ်ဆိုးသွားပြီထင်တယ်၊ သူ ရှက်သွားတာဟ"

ပေရယ်က အခုမှ နောင်တရသံဖြင့်ပြောသည်။ လှမ်းကြည့်လိုက်တော့ သိမ့်ဖူးဇင်က ကားပေါ်တက်သွားလေပြီ။

သုထက်က ရပ်နေရာမှ လှစ်ခနဲ ပြေးထွက်သွားသည်။ သူ ဦးတည်ရာက သိမ့်ဖူးဇင်၏ ကားဆီသို့ ...။

"မမ"

ကားတံခါးဘောင်ကိုကိုင်၍ သုထက် ခေါ်လိုက်သည်။ သို့သော် သိမ့်ဖူးဇင်က ပြန်မထူးဘဲ ကားကိုသာ စတင်မောင်းထွက်လိုက်ပါသည်။

"မမ ... ခဏနေပါဦး"

သုထက်က ကားတံခါးဘောင်ကို ကိုင်လျက်ဖြင့် ထပ်တူထပ်မျှ ပြေးလိုက်သည်။ သိမ့်ဖူးဇင်က ကား၏အရှိန်ကို နှေးကွေးပစ်၏။ သူမ၏ မျက်နှာပြင်ကတော့ တင်းမာအေးခဲနေဆဲ ...။

"မင်း၊ ငါ့ကို အရှက်ထပ်ခွဲဦးမလို့လား"

"မဟုတ်ပါဘူး မမရယ်၊ ကျွန်တော် တောင်းပန်မလို့ပါ။ ကျွန်တော့်ကို ခွင့်လွှတ်ပါနော်"

"အမှားကျူးလွန်ပြီး တောင်းပန်တိုင်းသာ ခွင့်လွှတ်နေရင် မင်းဟာ အမှားကို လွယ်လွယ်ကူကူ ထပ်ကျူးလွန်နေဦးမှာပဲ။ အခုလို မတောင်းပန်ရအောင် မမှားခင်ကတည်းက မင်း စဉ်းစားပါလား"

"ဟုတ်ပါတယ် မမရယ်၊ အခုလို ဖြစ်သွားတာ ကျွန်တော့်အပြစ်ပါ။ အဲဒီအပြစ်ကလည်း မံမကို ချစ်လွန်းလို့ ဖြစ်သွားရတာပါ။ မမကို တကယ်မချစ်ဘူးလို့ ထင်သွားမှာ စိုးရိမ်တဲ့စိတ်ကြောင့် ဟိုအစ်မက ပြောခိုင်းတော့ ကျွန်တော်ပြောလိုက်မိတာပါ"

"သူပြောခိုင်းတိုင်း ပြောရအောင် မင်းမှာဦးနှောက် မရှိဘူးလား။ ကိုယ်ပိုင် စဉ်းစားဉာဏ် မရှိဘူးလား။ ပြောစမ်းပါဦး"

သိမ့်ဖူးဇင်၏ မေးခွန်းကြောင့် သုထက်ခေါင်းငိုက်စိုက် ကျသွားတော့သည်။ ကားကလည်း သူနှင့်အတူ ရွေ့လျားမှုလျော့ပါးကာ ရပ်တန့်သွားပါသည်။

"စောစောက မင်းလုပ်ခဲ့တဲ့ လုပ်ရပ်မျိုးက လူပေါ့လူလွှမ်းတွေမှ လုပ်တာကွ။ ဘယ်လူကြီးလူကောင်းမှ အဲဒါမျိုးမလုပ်ဘူး။ အဲ့ဒီလို လုပ်တာ မင်း မရှက်ဘူးလား။ ငါကတော့ အဲဒီလို လုပ်တဲ့လူမျိုးနဲ့ စားပွဲတစ်ဝိုင်းတည်း အတူထိုင်ရမှာကိုတောင် ရှက်တယ်။ ဒီပုံစံမျိုးနဲ့ဆိုရင် သေတာတောင် ငါ့အချစ်ကို မင်းရမှာမဟုတ်ဘူး"

မာထန်သော စကားသံကြောင့် သုထက်ရင်တွင်းမှာ မီးတောင်တွေဆင့်ကဲ၍ ပေါက်ကွဲသလိုမျိုး ဆူညံစွာ လှုပ်ခုန်မြည်ဟီးသွားပါသည်။ သူ နင့်နဲစွာ ရှုနာသွားရ၏။

"မမ ... အဲဒီလိုတော့ မလုပ်ပါနဲ့ မမရယ်။ မမကို ကျွန်တော် အရမ်းချစ်တာ။ မမသာပြန်မချစ်ရင် ကျွန်တော်ရူးသွားလိမ့်မယ်။ ကျွန်တော့်ကို မရက်စက်ပါနဲ့ မမရယ်။ ကျွန်တော့်ကို ပြန်ချစ်ပါနော်"

"ဘယ်မိန်းမကမှ ကိုယ့်မလေးစားတဲ့လူကို လက်တွဲဖော်အဖြစ် ရွေးချယ်မှာ မဟုတ်ဘူး။ မင်း ငါ့ကို တကယ်ချစ်ရင် ငါလေးစားအောင်

နေပေါ့။ အလုပ်အကိုင်မရှိဘဲ လမ်းပေါ်မှာ အချိန်ပြည့်လျှောက်သွားနေတဲ့ လူမျိုးကို ဘယ်သူမှ မလေးစားဘူး။ မင်းလည်း ဆင်ခြင်သင့်တယ်။ အခုလိုမျိုး ပြောင်ချော်ချော်ရွှတ်နောက်နောက် လုပ်နေမယ့်အစား တည်တည်တံ့တံ့နေပါလား''

''အဲ့ဒါဆိုရင် ကျွန်တော့်ကို မမ ပြန်ချစ်မှာလား''

သုထက်က အားတက်သရော မေးလိုက်သည်။ သိမ့်ဖူးဇင်သည် ခေတ္တမျှ နှုတ်ဆိတ်ကာ စဉ်းစား၏။ ပြီးမှ အေးဆေးပြတ်သားစွာ ပြောသည်။

''ချစ်တယ် မချစ်ဘူးဆိုတာထက် မင်းအချိုးပြောင်းသွားရင် မင်းကိုငါ အလေးအနက် စဉ်းစားပေးမယ်။ အခုပုံစံအတိုင်းကတော့ မင်းဟာ ငါစဉ်းစားရလောက်တဲ့ စာရင်းထဲတောင် မပါသေးဘူး။ ရှင်းလား''

သုထက်သည် ငုံ့ထားသောခေါင်းကို ပြန်မော့လိုက်သည်။ သူ့နှလုံးသား၌ ဆုံးတစ်ဆူးသည် စိုက်ဝင်ခဲ့ပြီဖြစ်၏။

''ဟုတ်ကဲ့ပါ မမ ... စိတ်ချပါ။ မမစောင့်ကြည့်နေလိုက်ပါ။ အခုအချိန်ကစပြီး ကျွန်တော့်ကိုယ်ကျွန်တော် အကောင်းဆုံးဖြစ်အောင် ပြုပြင်ပြပါ့မယ်''

သုထက်က သူ့ကိုယ်သူ ယုံကြည်မှုအပြည့်နှင့် အခိုင်အမာ ကတိပေးလိုက်သည်။ ထိုအခါ သိမ့်ဖူးဇင်၏ မျက်နှာပြင်တင်းမာမှုသည် ပြေလျော့လာပါသည်။

''ကောင်းပြီလေ ... မင်းပြောစကားအတိုင်း ဟုတ်မဟုတ်ဆို တာ စောင့်ကြည့်ရသေးတာပေါ့။ တစ်ခုတော့ ငါသတိပေးချင်တယ်။ မင်းရဲ့ပြုပြင်မှုဟာ ငါ့အတွက်ကြောင့်မဟုတ်ဘဲ မင်းကိုယ်တိုင်က အသိတရားရှိရှိနဲ့

ပြောင်းလဲချင်တဲ့စိတ်ကြောင့် ပြောင်းလဲဖို့ ကြိုးစားတဲ့ ပြုပြင်မှုမျိုးဖြစ်ပါစေ။ အဲ့ဒါမှ မင်းအတွက်အကျိုးရှိလိမ့်မယ်။ မင်းရဲ့ ကြိုးစားမှုအောင်မြင်ပါစေလို့ ငါဆုတောင်းနေပါ့မယ်''

သိမ့်ဖူးဇင်သည် ပြောပြီးသည်နှင့် ကားကိုမောင်းထွက်သွားတော့၏။ သုထက်ကလည်း မတားတော့ဘဲ ကျောပာမှုကိုသာ ငြိမ်ငြိမ်သက်သက် ငေးကြည့်နေလိုက်ပါသည်။ ကားကလေးအဝေးရောက်ပြီး မှုန်ပျပျောက်ကွယ်သွားသည့်အချိန်ကျမှ သူသည် ထိုနေရာမှ လှည့်ထွက်လာခဲ့လေသည်။

အရာရာသည် သူ့အတွက်တော့ တစ်မျိုးတစ်ဖုံ စိတ်လှုပ်ရှားစရာကောင်းနေပါသည်။

✧ ✧ ✧

## အခန်း (၁၃)

ဆောင်းသည် နိုဝင်ဘာတွင် သိသာစွာ တဖြည်းဖြည်း အေးစိမ့်လာပြီဖြစ်သည်။ ဥတုရာသီနှင့်အတူ သုထက်သည်လည်း အကောင်းဆုံးဖြစ်အောင် ပြောင်းလဲဖို့ကြိုးစားနေ၏။

သူ့ကိုယ်သူ အသစ်တစ်ဖန် မွေးဖွားရှင်သန်လာသလိုမျိုး စိတ်ပိုင်းဆိုင်ရာကော ရုပ်ပိုင်းဆိုင်ရာကိုပါ စနစ်အသစ်တွေချည်း ပြုလုပ်ဖန်တီးထားလိုက်သည်။ တကယ်တော့ အသားကျနေသော ရှိရင်းစွဲ အနေအထားကို ပြောင်းပြန်လှန်ပစ်ရသည်မှာ သိပ်တော့မလွယ်ကူလှပါ။ သို့ပါသော်လည်း ထိုခက်ခဲမှုနှင့် အနေအထိုင်တတ်အောင် သူကျင့်ကြံအားထုတ်လျက်ရှိ၏။

သုထက်သည် မြတ်နိုးသူ၏ သတ်မှတ်မှုတွင် ကြီးမားသောပြစ်ချက်တစ်ခုဖြစ်နေသည့် သူ၏ ပျော်ပျော်ရွှင်ရွှင်နေထိုင်တတ်သော စရိုက်အား စွန့်လွှတ်ရန် အသင့်ဖြစ်နေပေပြီ။ သူ့လို လူပျော်လူနောက်ကလေးတစ်ယောက်က မိန်းမသားတစ်ယောက်ကြောင့် ကိုယ့်ကိုယ်ကို ပြုပြင်ယူနေသည့်ကိစ္စမှာ အနည်းငယ်တော့ အံ့ဩဖွယ်ကောင်းနေပါသည်။

ဒီနေ့ နေ့လည်ခင်းတွင်တော့ သုထက်သည် ပျင်းပျင်းရှိတာနှင်

လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့သည်။ လက်ဖက်ရည်ဆိုင် နားရောက်သောအခါတွင် မျိုးလေးနှင့် ငဖော်ကို ဆိုင်ထဲမှာ အတူတကွ ထိုင်နေကြတာ မြင်လိုက်ရ၏။

သူ ရှောင်ထွက်ဖို့ ပြင်လိုက်စဉ်မှာပင် ...

''ဟိတ်ကောင် ... စပရိန်ကောင် ... ကြေပ် ... လဒ ... ဒီကို လာဦး''

မျိုးလေးက လှမ်းခေါ်သဖြင့် မရှောင်တော့ဘဲ သူတို့ဆီ သုဇာက် သွားလိုက်သည်။ နှစ်ယောက်စလုံး၏ မကြည်လင်သော အကြည့်တွေက သူ့ကို မစာမကြေမှုန်း သိသာစေ၏။

''ခွေးသူတောင်းစား ... မင်း ဘယ်သူ့ကို ဒုက္ခပေးဖို့ ကြံနေတာ လဲ''

''ဘယ်သူ့ကိုမှ ဒုက္ခပေးဖို့ ကြံနေတာ မဟုတ်ပါဘူးကွာ။ ပျင်း တာနဲ့ ထွက်လာခဲ့တာပါ။ မင်းတို့နှစ်ယောက်သိအောင် ငါပြောရဦးမယ်။ ငါ အရင်လို ရွှတ်ရွှတ်နောက်နောက် မနေတော့ဘူး။ တည်တည်တံ့တံ့ပဲ နေတော့မယ်။ အဲ့ဒါကြောင့် မင်းတို့အပေါ်မှာ ငါ နောက်ပြောင်ချောက်ချခဲ့ မိတာတွေအတွက် တောင်းပန်ပါတယ်။ မင်းတို့ ငါ့ကို မကျေနပ်တာရှိရင် လည်း အခုကတည်းက တစ်ခါတည်းရှင်းကြပါ''

သုထက် စကားဆုံးသောအခါ ငဖော်နှင့်မျိုးလေးသည် ပြက်လုံး တစ်ခုအား ကြားလိုက်ရသကဲ့သို့ ဟက်ဟက်ပက်ပက် ရယ်လေသည်။ ရယ်ပြီးတော့မှ မျိုးလေးက ...

''ငဖော်ရေ ... သတိထားနေပေ့။ စပရိန်ကောင်တော့ ငါတို့ကို ဗျူဟာတစ်မျိုးနဲ့ ကြပ်ဖို့ ကြိုးစားနေပြီ''

"ငါကြပ်နေတာ မဟုတ်ပါဘူးကွာ။ တကယ်ပြောနေတာပါ"

"အဲဒီလေသံတွေနဲ့ လာလုပ်မနေနဲ့ ဟိတ်ကောင်။ ခံရပါများလို့ ငါတို့လည်း စာတတ်နေပြီ"

သူ အတည်ပြောနေပေမယ့် မယုံကြည်ကြသဖြင့် သုထက် စိတ်ဆင်းရဲသွားသည်။ သို့သော် စိတ်တော့မပျက်မိပါ။ ရင်ဆိုင်ရမည့် အခြေအနေသည် လွယ်ကူပေါ့ပါးစွာ မဖြစ်နိုင်မှန်း အစကတည်းက သူကြိုတင်တွက်ဆထားပြီးသားဖြစ်ပါသည်။

"နေစမ်းပါဦး ... မင်းက ဘယ်လိုကြောင့် အခုလို ဖြုန်းစားကြီး ကြောင်သွားရတာလဲ"

"ငါ ဘာကြောင်လို့လဲ"

"အရင်လို ရှုတ်ရှုတ်နောက်နောက် မနေတော့ဘူး။ တည်တည် တံ့တံ့ ခန့်ခန့်ဆန့်ဆန့်ကြီး နေတော့မယ်ဆိုလို့ပါ"

"ဩော် ... အဲ့ဒါ မမကြောင့်ပါကွာ"

ဇော်က သရော်ကာ မေးနေတာကို သုထက်က အလေးအနက် ဖြေလိုက်သည်။ သူသည် အရာရာတွင် လေးနက်တတ်အောင် သတိဖြင့် လေ့ကျင့်လျက်ရှိ၏။ မျိုးလေးက မျက်မှောင်ကြုံ့၍ ...

"မမ ... ဟုတ်လား ... ဘယ်က မမလဲ"

"ငါ ချစ်နေတဲ့ မမပေါ့ကွ"

"ဘယ်သူ့ကိုပြောတာလဲ"

"မမသိမ့်ဖူးဇင်လေကွာ။ သူက ငါ့ကို တည်တည်တံ့တံ့နေမှ စဉ်းစားပေးမယ်တဲ့။ ငါပြောင်ချော်ချော်ဆက်နေရင် သူနဲ့ဝေးရမှာကွ။ အဲ့ဒါကြောင့် ငါ့စရိုက်လ်ကို ပြုပြင်ဖို့ ဆုံးဖြတ်လိုက်တာ"

''ခွီးတဲ့မှပဲ ... မိန်းမတစ်ယောက်အတွက်နဲ့များ ကိုယ့်လွတ်လပ်ခွင့်ကို ပိတ်ပင်ပစ်လိုက်ရတယ်လို့ကွာ။ မင်းဟာ တကယ်တော့ နှာရှူးပဲကွ''

မျိုးလေးက နင့်နေအောင်ဖွဲ့သည်။ သို့သော် သုထက်သည် အလေးမထားဟန်ဖြင့် နေတတ်အောင် နေလိုက်၏။ ငဇော်က နှာခေါင်းကို ပွတ်၍ သုထက် အနားတိုးကပ်ကာ ...

''စပရိန်ဂေ ာ် ... မင်းရဲ့မမကြီးက ရေလည်မိုက်တာနော်။ +×-+-×+ အပီပဲ +×-+-×+ မင်းသူ့ကိုအပျော်ကြံတာလား''

ငဇော်၏ ယုတ်မာသောစကားကြောင့် သုထက် ထောင်းခနဲ ဒေါသဖြစ်သွားမိသည်။

''မင်း ပြောတာဆိုတာ မိုက်ရိုင်းလှချည်လား ငဇော်။ မင်းမှာ နှမချင်းစာနာစိတ် မရှိဘူးလား''

''နှမချင်းစာနာစိတ်ရှိရအောင် ငါ့မှာ နှမမှမရှိတာ''

''မင်းမှာ နှမ မရှိဘူးဆိုရင်တောင် အမေတော့ ရှိမှာပဲ။ အမေဆိုတာ လူတိုင်းမှာရှိတယ်။ အဲဒီအမေဟာလည်း မိန်းမသားပဲကွ။ မင်းအမေကို တခြားတစ်ယောက်က မင်းခုနပြောသလိုမျိုးပြောရင် မင်းခံနိုင်မလား။ ဒါကြောင့် စကားပြောရင် စာနာစိတ်ကလေးထားပြီးပြောပါ။ မမကို ငါချစ်တာ ဖြူဖြူစင်စင်ချစ်တာကွ။ မင်းစိတ်နဲ့နှိုင်းပြီး ခပ်ရိုင်းရိုင်း မတွေးနဲ့။ တော်ပြီကွာ... တော်ပြီ... မင်းတို့နဲ့ငါ စကားဆက်မပြောချင်တော့ဘူး''

အနေအထားသည် ရုတ်တရက်တင်းမာသွားသည်။ ရှေ့ဆက်ပြောလျှင် အချင်းများကုန်တော့မှာမို့ စိတ်ကိုလျှော့၍ ဆိုင်ထဲမှ သုထက်ထွက်လာခဲ့ပါသည်။ လူငယ်သဘာဝ သွေးဆူမှုသည် မမကို ထိခိုက်မှုကြောင့် ပိုမိုလှုပ်ခုန်ပြင်းထန်နေလျက်ရှိ၏။

မမအလိုကျ ပြောင်းလဲဖို့ ပြင်ဆင်နေချိန်မှာ ပဋိပက္ခတွေနှင့် မငြိယှက် မလုံးထွေးချင်ပါ။ သူ၏ ဖြတ်သန်းမှု စာမျက်နှာများကို မမရှေ့၌ ချပြသောအခါတွင် အစွန်းအထင်းကင်းရှင်းနေဖို့သာ ရည်ရွယ်မျှော်လင့်ထားပါသည်။

သူသည် လူနောက်တစ်ယောက် ဖြစ်ချင်ဖြစ်မည်။ လူယုတ်မာတစ်ယောက် ဘယ်တော့မှ မဖြစ်စေရဟု ခံယူထားသူဖြစ်၏။

အပြင်ထွက်လျှင် အရင်က သူမွေထားသော ပြဿနာအရှုပ်အထွေးတွေနှင့် ပက်ပင်းတိုးနေမှာစိုးသောကြောင့် သုထက်သည် အထွေအထူးအကြောင်းကိစ္စမရှိလျှင် အပြင်မထွက်တော့ဘဲ အိမ်တွင်းမှာသာ အောင်းနေလိုက်သည်။

ကိုယ့်ကိုယ်ကို ကြည်ဖြူစွာ ချုပ်ချယ်ထားတာဖြစ်ပါလျက်နှင့် အပြင်ထွက်နေကျ အချိန်ရောက်လျှင် လူက ဂနာမငြိမ်ဖြစ်လာသည်။ စိတ်တွေက ရှုပိုးထိုးနေ၏။ မယ်မယ်ရရ ဘယ်ရယ်မဟုတ်ပါဘဲနှင့် အာသီပြင်းပြစွာ အပြင်ကို အရမ်းထွက်ချင်နေမိသည်။ သို့ရာတွင် ကိုယ့်ကိုယ်ကို သွန်သင်ဆုံးမကာ စွဲမြဲနေသော အလေ့အကျင့်အား အသည်းအသန်ဖျောက်ဖျက်ရ၏။

ထိုကိစ္စသည် လွယ်မယောင်နှင့် တော်တော်ပဲ ခက်ခဲကြောင်း ကိုယ်တွေ့ကြုံမှ သိရ၏။ အချိန်ပြည့်နီးပါး လမ်းပေါ်မှာ လိမ့်နေကျသူ အပြင်မထွက်တော့ အချိန်တွေက သူ့အတွက် ပျင်းရိစရာကောင်းလောက်အောင် အများကြီး ပိုလျှံနေပါသည်။ သူသည် ထိုအချိန်တွေကို အိမ်အလုပ်တွေ ကူညီလုပ်ကိုင်ပေးရင်း ဗဟုသုတဖြစ်မည့် စာအုပ်စာပေများကို ရှာဖွေဖတ်ရှုရင်း ဖြတ်ကျော်ခဲ့သည်။ ဤသို့ဖြင့် သူသည် အချိန်၏

သားကောင်မဟုတ်တော့ဘဲ အချိန်ကို အသုံးချသူဖြစ်မှန်းမသိ ဖြစ်လာ၏။

နေ့ရက် အနည်းငယ်ကြာတော့ သူ အချိုးပြောင်းလာတာကို မိဘနှစ်ပါးသတိပြုမိသွားကြသည်။ မိသားစုသုံးဦး စုံညီစွာတွေ့ဆုံကြ သည့် ထမင်းဝိုင်းတွင် မိခင်ဖြစ်သူက စတင်ကာ ဖွင့်ဟမေး၏။

"သား အခုတလော အရင်လို အပြင်မထွက်ပါလား။ ဘာ ပြဿနာ ဖြစ်ထားလို့လဲ"

"ဘာပြဿနာမှ မဖြစ်ပါဘူး မေမေရာ။ မထွက်ချင်လို့ တမင် တကာ မထွက်တာပါ"

"ကောင်း မင်းသားတော့ အပြင်မှာ ပေါက်ကရလုပ်တာ အားမရ လို့ အိမ်မှာ ပေါက်ကရပြန်လုပ်ဖို့ ကြံနေတာထင်တယ်"

ကြည့် ... ဖေဖေကပါ သူ့ကိုမယုံမကြည် ဖြစ်နေပြီ။ ခက်ပဲ ခက်ချေတော့၏။

"မဟုတ်ပါဘူး ဖေဖေရာ။ ကျွန်တော် တည်တည်ငြိမ်ငြိမ် နေချင်လို့ပါ။ အရင်လို လမ်းပေါ်မှာ လိုက်လျားလိုက်လျား လျှောက်သွား ပြီး နောက်နောက်ပြောင်ပြောင် မနေချင်တော့ဘူး"

"ဘုရားရေ ... မင်း ဘယ်လိုစိတ်ကူးတွေ ပေါက်သွားတာလဲ"

"ဘယ်လိုမှ မဟုတ်ပါဘူး ဖေဖေရာ။ အရွယ်ကပေးတဲ့ အသိ တရားပါ"

"အောင်မာ ... အောင်မာ ..."

သူ ကြီးကြီးကျယ်ကျယ် ပြောလိုက်တော့ မိဘနှစ်ပါးက တသော သော ရယ်ကြလေသည်။ သုထက်၏ မိဘနှစ်ပါးသည် သုထက်ကို အရမ်းချစ်၏။ တစ်ဦးတည်းသော သားလေးမို့ စီးပွားရေးလည်း ပြေလည်

သဖြင့် မျက်နှာစာစစ်ချက် မညှိုးအောင် အလိုလိုက်အကြိုက်ဆောင်သည်။

ထို့ကြောင့်ပင် သုထက်သည် ပေါ့ပေါ့နေ ပေါ့ပေါ့စားကာ ပေါ့ပေါ့တွေး၍ ဘဝကို အေးဆေးသက်သာဖြတ်ကျော်ရင်း လေလွင့်လူငယ်လေး ဖြစ်နေခြင်းဖြစ်၏။

မိဘတိုင်းသည် သားသမီးတိုင်းကို ချစ်ကြသည်။ သို့ရာတွင် ခေတ်အမြင်ရှိရှိစွာဖြင့် စနစ်တကျချစ်တတ်ဖို့တော့ အလွန်အရေးကြီးပါသည်။

✧ ✧ ✧

## အခန်း (၁၄)

"ဟိတ်ကောင်"

"လိန်တိမ်ပိန်တိန် စပရိန်"

ခေါ်သံနှင့်အတူ ထိန်လင်းနှင့် ဇေယျာအောင်သည် အိမ်ထဲသို့ ခုန်ပေါက်၍ ဝင်ရောက်လာကြသည်။ သူနာရီကြည့်လိုက်တော့ ညရှစ်နာရီပင် ထိုးလုပြီ။

"ဒီအချိန်ကြီးကျမှ မင်းတို့ ဘာလာလုပ်ကြတာလဲ"

"မင်းကို လာခေါ်တာလေ"

"ဘာကိစ္စ ရှိလို့လဲ"

"ဘာမှတော့ မရှိပါဘူး။ ဒီလိုပဲ အပြင်လျှောက်သွားမလို့"

"ငါ မလိုက်တော့ပါဘူးကွာ။ အပြင်ထွက်ရင် ငါ့ဗီဇတွေ ပြန်ထောင်ထလာမှာစိုးလို့ကွ"

အကြောင်းသိတွေမို့ နှစ်ယောက်စလုံး ရယ်ကြသည်။

"မင်းကလည်း ခဏတဖြုတ် လိုက်ခဲ့စမ်းပါကွာ။ သီတင်းကျွတ်ကတည်းက မင်း မပွေးတာ အခုဆို တန်ဆောင်တိုင်တောင်ဖြစ်နေပြီ"

ဟုတ်တော့လည်း ဟုတ်သည်။ သူသည် တစ်လဆိုသော အချိန်

တာသာသတ်မှတ်မှုတစ်ခုကို ငြိမ်ချက်သားကောင်းစွာဖြင့် ကြိတ်မှိတ်သည်းခံကာ ဖြတ်သန်းနိုင်ခဲ့သည်။

"အခုနှစ်တန်ဆောင်တိုင်က တော်တော်စည်တာကွ။ ငါတို့မင်းကို သတိရလို့ လာခေါ်တာ။ လာစမ်းပါကွာ ... လိုက်ခဲ့စမ်းပါ။ မင်းကိုယ်မင်း ဘယ်လောက်တည်ငြိမ်နေပြီလဲဆိုတာ စမ်းသပ်တဲ့အနေနဲ့ လူတောထဲ တိုးကြည့်စမ်းပါဦး"

အတင်းဆွဲခေါ်ကြသဖြင့် သူမငြင်းတော့ဘဲ ထလိုက်လာခဲ့သည်။ လူကသာ မှုနေရတာ၊ စိတ်ကတော့ အစောကတည်းက လိုက်ချင်နေတာဖြစ်၏။

မဲဆောင်းရာသီ၏ တန်ဆောင်တိုင်ပွဲတော်သည် စုရုံးစုရုံးဖြင့် လူတွေ ကြိတ်ကြိတ်တိုးနေပါ၏။ စေတီပုထိုးများပေါ်တွင် ဆီမီးတို့ ထိန်ထိန်ညီးနေကြသည်။ လမ်းတကာလမ်းတို့သည်လည်း မီးရောင်စုံများဖြင့် တလက်လက် တောက်ပနေ၏။ နီနီစက်စက် မီးပုံးပျံများကလည်း ထက်ကောင်းကင်ဝယ် ပေါသီစွာ နေရာယူဆင်မြန်းလျက်ရှိကြပေသည်။

သုထက်သည် သူငယ်ချင်းတွေနှင့် အခုလို လျှောက်သွားရတော့ ပျော်မြူးနေသည်။ နောက်ပြောင်ချင်စရာအကွက်တွေ တွေ့လျှင် မနောက်ပြောင်မိစေရန် ကိုယ့်စိတ်ကို မနိုင်မနင်း ထိန်းသိမ်းထားရသည်။ လူတောထဲတိုးကြည့်မှ သူသည် ရင့်ကျက်မှု၌ အကင်းမသေသေးကြောင်း သိရှိလိုက်ရလေ၏။

တစ်လအတွင်းမှာတော့ သူသည် ပြစ်ချက်ကင်းစင်စွာဖြင့် နေထိုင်ခဲ့သည်။ ထိုကဲ့သို့ ပြောင်းလဲလာသော သူ၏ပြုပြင်မှုတွေကို မမအား သိစေချင်မိသည်။ မမသိလျှင် ဘယ်လိုများ ဆက်ဆံမှာလဲ ...?

ထွက်ပေါ်လာမည့် အဖြေကို သူစိတ်ဝင်စားမိပါသည်။

"မမကို ငါ သတိရလိုက်တာကွာ"

"ဒါဆို သူတို့အိမ်ဘက်သွားကြမယ်လေ။ အလွမ်းပြေပေါ့"

"ကောင်းသားပဲ"

မြောက်ပြန်လေသည် အအေးဓာတ်ကို သယ်ဆောင်လို့လာပါသည်။ အဝတ်ပါးများကိုသာ ဝတ်ဆင်ထားသော သူတို့သည် ချမ်းမြလတ့်ဆတ်နေကြ၏။ မမတို့ အိမ်ရှေ့သို့ ရောက်သွားသောအခါတွင် တိတ်ဆိတ်မှုက ကြီးစိုးစွာစောင့်ကြိုလို့နေလေသည်။

"ဟော ... စပရိန် ... ဟိုမှာ ကြည့်စမ်း"

ထိန်လင်း လက်ညှိုးညွှန်ပြရာဆီ ကြည့်လိုက်တော့ အိမ်အပေါ်ထပ်မှ မီးလင်းနေသော အခန်းတစ်ခုအား မြင်ရသည်။ သူ သိပ်မရှင်း။

"ထိန်လင်း ... ဘာလဲကွ"

"သေချာကြည့်လေကွာ"

မီးလင်းနေသောအခန်းအား သူ ထပ်မံ၍ ဂရုစာစိုက်ကြည့်လိုက်ပြန်သည်။ ထိုအခိုက် လေတိုက်မှု ခန်းစီးစက လွင့်ခါသွားသည်။ ဒီတွင် သူ့ရင်၌ နွေးခနဲ ဖြစ်သွားရ၏။

"မမ"

လူးလွန့်နေသော ခန်းစီးစ၏ နောက်ကွယ်တွင် မမ၏နွဲ့နှောင်းသော ပုံရိပ်သဏ္ဌာန်ကို မပီဝိုးတဝါး တွေ့မြင်လိုက်ရသည်။ လမ်းပေါ်မှ မချင့်မရဲလှမ်းကြည့်ရင်း သူ လွမ်းမောသွားမိ၏။

"ဘာလိုလိုနဲ့ မမမျက်နှာကို ငါ မမြင်ရတာတောင် မနည်းကြာသွားပြီ။ မမမျက်နှာလေးကို ငါ အနီးကပ်ကြည့်ချင်လိုက်တာကွာ။ သူ

မြစ်ချောင်းသလိုမျိုး ငါတည်တည်ငြိမ်ငြိမ် နေထိုင်နေထာကိုလည်း သူ့ကို ပြောပြချင်လိုက်တာ''

''အဲ့ဒါဆိုလည်း သွားပြောလိုက်လေ''

''ဘယ်ကို သွားပြောရမှာလဲ''

''မင်း မမဆီကိုပေါ့ကွ''

ဇေယျာအောင်က မီးလင်းနေသော အခန်းအား မေးဆတ်ပြသည်။ သုထက် အနည်းငယ် တွေဝေသွား၏။

''ဖြစ်ပါ့မလား''

''ဖြစ်ပါတယ်ကွာ။ ဒီအချိန်ဆို အဘိုးကြီးလည်း အိပ်နေလောက်ပြီ။ ငါတို့ပါ အဖော်လိုက်ပြီး အောက်ကစောင့်ပေးမယ်လေ။ အခြေအနေကောင်းရင် အဖြေပါတစ်ခါတည်း တောင်းခဲ့ပေါ့''

''ပြောနေတာ ကြာပါတယ်ကွာ။ လာ ... သွားမယ်။ မင်းကို အပေါ်ရောက်အောင် ပို့ပေးမယ်''

ထိန်လင်းက ရှေ့မှ ဦးဆောင်ပြီး အုတ်တံတိုင်းကို ကျော်တက်သွားသည်။ ဇေယျာအောင်နှင့် သုထက်က နောက်မှထပ်ချပ်မခွာ လိုက်ကြသည်။ သူတို့အတွက် ဒီလိုကိစ္စမျိုးတွေက အတွေ့အကြုံရှိပြီးသားဖြစ်၏။

သိမ့်ဖူးဇင်၏ အခန်းအောက်သို့ ရောက်သောအခါတွင် ဝိတ်အတောင့်ဆုံး ထိန်လင်းက အိမ်နံရံနှင့် ကပ်လျက်မြေပြင်ပေါ်မှာ ဆောင့်ကြောင့်ထိုင်သည်။ သူ့ပခုံးနှစ်ဖက်ကိုခွ၍ ဇေယျာအောင်က တက်ထိုင်သည်။ ဇေယျာအောင်၏ ပခုံးပေါ်၌ သုထက်က တက်ရပ်၏။ ထိန်လင်းက ရှုံ့ရှုံ့မဲ့မဲ့ဖြင့်...

"ဇေယျာအောင် ... ငါ ဒီနေ့မှ ခေါင်းလျှော်ထားတာနော်"

"အေးပါ ထိန်လင်းရာ။ ငါ့ ခေါင်းပေါ်မှာလည်း ဒုက္ခကြီးနဲ့ ပါကွာ"

"တောင့်ထားစမ်းပါ သူငယ်ချင်းတို့ရာ။ ငါနဲ့ မမညားရင် ပခုံးကောင်းတဲ့ မင်းတို့တစ်ရှဉ်းလုပ်ကိုင်စားဖို့ တပိုးတစ်ချောင်း ဝယ်ပေး ပါ့မယ်"

"ခွေးကောင် ... ကျေးဇူးရှင်တွေကို စော်ကားမနေနဲ့။ မြေမျို နေဦးမယ်"

"အခုအချိန်မှာ မြေမျိုရင် မင်းတို့နှစ်ယောက် အရင်ဦးဆုံး ခံရမှာကွ"

"ဇော်ထိုးကျပြီး မင်းကို အရင်မမြိုဘူးလို့ကော ပြောနိုင်မလား"

"ဘာပဲပြောပြော အခုအချိန်မှာ ငါက အပေါ်စီးကပါကွာ"

"အပေါ်စီးကမှ ဖြုတ်ချလို့ကောင်းတာ"

သုထက်နှင့် ဇေယျာအောင်က အရေးထဲ စကားနိုင်လုနေသဖြင့် ထိန်လင်း ရေလည်တင်းသွားသည်။

"ဟိတ်ကောင်တွေ ... အောက်ကကောင်က သေတော့မယ်။ စကားများလို့ မပြီးသေးဘူးလား။ စတော့"

သူတို့သုံးယောက်သည် အိမ်နံရံကို ကိုင်လျက်ဖြင့် တဖြည်းဖြည်း ချင်း ညီတူညာတူ မတ်တတ်ရပ်လိုက်ကြသည်။ ထိုအခါ အပေါ်ဆုံးမှ သုထက်၏ လက်နှစ်ဖက်သည် တံခါးဘောင်ကို ဆုပ်ကိုင်၍ ရသွား၏။ သုထက်လည်း လက်နှစ်ဖက်ကို အားစိုက်၍ ဆွဲတက်လိုက်ရာ လူက တံခါးဘောင်ပေါ်သို့ ရောက်သွားသည်။

မြင်းကွင်းကရှင်းသည်။

သိမ့်ဖူးဇင်သည် တစ်ဖက်လှည့်ကာ ညဝတ်အင်္ကျီအား ကပိုကရို ဝတ်ဆင်နေသည်။ ဆံနွယ်နက်တို့က အထွေးလိုက်ပြေကာကျနေ၏။ ပါးလွှာသော ဝတ်စုံသည် သူမ၏ ကိုယ်လုံးအလှအား အဲတိုင်းသားဖော်ပြနေပါသည်။

သုထက်သည် ခန်းစီးစကို လုံးချေစုကိုင်ရင်း အသံပြုလိုက်၏။

"ဟိတ် ... မမ"

"အမယ်လေး ...

ပြတင်းပေါက်တွင် မားမားကြီး ငုပ်တုတ်ထိုင်နေသော သုထက်ကို လျှပ်တစ်ပြက်မြင်လိုက်ရတော့ သိမ့်ဖူးဇင် သွေးပျက်သွားသည်။ မျက်စိကိုစုံမှိတ်ပြီး မျက်နှာကို လက်ဖဝါးနှင့် ကွယ်ကာ ကြောက်ကြောက်လန့်လန့် အော်၏။

"သရဲ ... သရဲ ... "

"သရဲ မဟုတ်ပါဘူး မမရယ်။ ကျွန်တော်ပါ။ သုထက်ပါ"

သုထက်က ပြတင်းပေါက်ဘောင်ပေါ်မှ အခန်းတွင်းသို့ ခုန်ဆင်းလိုက်သည်။ ထိုအခါမှ သိမ့်ဖူးဇင်သည် သူမမျက်နှာမှာ အုပ်ကွယ်ထားသောလက်ကို ဖယ်ကာ မျက်လုံးဖွင့်ကြည့်၏။ သုထက် ကို အသေအချာ မြင်တော့ သူမအံ့အားသင့်သွားပြီး ဖရိုဖရဲအနေအထားများကို လျှင်မြန်စွာ ပြုပြင်လိုက်သည်။

"ဟင် ... မင်း ... မင်း ... ဘာလာလုပ်တာလဲ။ မင်း ငါ့ကို လာနှောက်တာပေါ့လေ ... ဟုတ်လား"

"မဟုတ်ပါဘူး မမရယ်။ ကျွန်တော် မမကို သတိရလို့ ... မမ

မျက်နှာလေးကို မြင်ချင်လွန်းအားကြီးလို့ လာတာပါ။ ပြီးတော့ မမနဲ့ လည်း စကားတွေ ပြောချင်လို့ပါ။ ကျွန်တော်အခု မမပြောသလို တည် တည်တံ့တံ့နေနေပြီ။ မမနဲ့ မတွေ့ဖြစ်တဲ့ တစ်လလုံးလုံး ဘယ်သူ့ကိုမှ မနောက်မပြောင်ဘူး။ အပြင်လည်း မထွက်ဘူး။ လမ်းပေါ်မှာလည်း လျှောက်မသွားဘူး။ ကောင်းကောင်းမွန်မွန် နေနေပါပြီ''

''ကောင်းကောင်းမွန်မွန် နေတဲ့လူက ညအချိန်မတော်ကြီး သူစိမ်းမိန်းကလေးတစ်ယောက်ရဲ့ အခန်းထဲကို ခွင့်ပြုချက် မရဘဲ ဝင်လာ မလား ...။ အို ... ဘာမှ ပြောမနေနဲ့။ ငါ့အခန်းထဲက မင်းအခု ထွက်သွား''

သိမ့်ဖူးဇင်က စိုးရွံ့နေဟန်ဖြင့်အော်ရာ သုထက် ချောက်ချား သွားသည်။

''မမ ... မအော်နဲ့လေ။ တော်ကြာ မမရဲ့အဖေကြားသွားလို့ ပြဿနာ တက်ကုန်ပါဦးမယ်''

''အဲ့ဒါဆို ဒီအခန်းထဲက မင်း ထွက်သွားလေ''

''ကျွန်တော့်ကို မမ ချစ်တယ်လို့ပြောရင် ထွက်သွားမယ်''

''မင်း ငါ့ကို အကြပ်ကိုင်မနေနဲ့နော်။ မင်းကို ထွက်သွားလို့ ပြောနေတယ်။ ထွက်သွားဟာ ... ထွက်သွား ... ထွက်သွား ...ထွက်သွား ... ထွက်သွား ...''

သိမ့်ဖူးဇင်က ခေါင်းကိုဘယ်ပြန်ညာပြန် ခါရမ်းရင်း သုထက် အား နှင်ထုတ်သည်။ အသံက ကျယ်လောင်သောကြောင့် သုထက် ထူပူသွားပြီး သိမ့်ဖူးဇင်၏ ပါးစပ်ကို လက်နှင့်ပြေးပိတ်လိုက်ရသည်။

''မအော်ပါနဲ့ မမရယ်။ ကျွန်တော် တောင်းပန်ပါတယ်ဗျာ''

သိမ့်ဖူးဇင်သည် ဂူးဝါးဂူးဝါးဖြင့် ရုန်းရင်းဆန်ခတ်လုပ်သည်။

သူထက်တလည်း အသံထွက်သွားမှာ စိုးရိမ်တကြီးဖြင့် အားစိုက်၍ ချုပ်ထားလိုက်သည်။ ထိုအခါတွင် ခံမင်ဖွယ်ရာ အထိအတွေ့ချင်း ထိစပ်သွားကြလေ၏။

သူထက် ရင်ခုန်သံတွေ မြန်လာသည်။ လင်းချင်းနေသော မီးရောင်အောက်တွင် အနီးကပ်မြင်နေရသော မမ၏အသားအရည်သည် ရွှေရောင်ဝင်းကာ သန့်စင်နုနယ်နေပါသည်။ ပြည့်တင်းသော ကုပ်သားဖွေးဖွေးပေါ်တွင် မွေးညှင်းလေးများက လွင့်ဖွာကျနေ၏။ ပါးပြင်နှစ်ဖက်သည်လည်း ချစ်စရာကောင်းလောက်အောင် မို့မို့ဖောင်းဖောင်းလေး ဖြစ်၍နေသည်။ လည်တိုင်သည်လည်း အကြောစိမ်းစိမ်းကလေး ဘွဖြင့် သွယ်နွဲ့ လျက်ရှိ၏။ စိုလဲ့နေသော ညို့မျက်ဝန်းတွင်လည်း မျက်တောင်ရှည်ရှည်တွေက ကော့ညွှတ်လို့ ... ။

ဟင်း ...

ကြည့်နေရင်း အသည်းယားလာကာ သူထက်၏ နှုတ်ခမ်းသားများသည် မဟာဆန်သော လည်တိုင်နွဲ့နွဲ့ပေါ်တွင် ရွရွလေး လှုပ်ရှားသွားလေသည်။

ထိုခဏတွင် သူသည် သတိလစ်သလို ဖြစ်သွားပေ၏။

လူးလူးလွန့်လွန့်နှင့်ပင် အရာရာသည် ငြိမ်သက်လို့သွားပါသည်။ စက္ကန့်ပိုင်းအား လွန်မြောက်ပြီးကာမှ ရှန်းကန်မှုက စတင်လာ၏။ သူ အလိုက်သင့် ဖြေလျော့ပေးလိုက်တော့သည်။

"ချစ်တယ် မမရယ် ... အရမ်းပဲ ... "

"ဖြန်း"

"ဟင်း ... မင်း ... မင်း ... ယုတ်မာလှချည်လား"

ယောင်ရမ်း၍ ပါးပြင်ကိုပွတ်သပ်လိုက်မိသည်။ မမ၏ သတ်မှတ်ချက်ကြောင့် အရိုက်ခံရသည်ထက် ရက်စိတ်ဖြင့် သူ ပိုနာသွားရသည်။

''မဟုတ်ဘူး မမ ... ကျွန်တော် ယုတ်မာတာ မဟုတ်ဘူး''

''ယုတ်မာတာ မဟုတ်လို့ ဘာလဲ။ ငါ့ကို မင်း ယုတ်မာဖို့ ကြံနေတာ မဟုတ်လား''

''မဟုတ်ဘူး မမ ... မမ အထင်မှားနေပြီ။ ကျွန်တော်က မမကို မြတ်နိုးတဲ့စိတ်နဲ့ ...''

''တော် ... မင်းဘာမှ အပိုတွေ ပြောမနေနဲ့။ အခုချက်ချင်း ငါ့ အခန်းထဲက အမြန်ထွက်သွား။ မသွားရင် ငါ အကျယ်ကြီး အော်လိုက်မှာနော်''

''အော်တော့ မအော်လိုက်ပါနဲ့ မမရယ်။ အော်လိုက်ရင် မမပဲ အရှက်ရမှာ။ သွားဆိုလည်း ကျွန်တော် သွားပါ့မယ်။ ဒါပေမယ့် မမကို ကျွန်တော်ချစ်တဲ့အချစ်က ဖြူစင်တယ်ဆိုတာကိုတော့ မမယုံကြည်ပေးပါ။ ကျွန်တော်ဟာ အခွင့်အရေးရပါလျက်နဲ့တောင် အသန့်ရှင်းဆုံးဖြစ်အောင် ရွေးချယ်ခဲ့တာပါ။ အဲ့ဒါကို မမ သေချာစဉ်းစားကြည့်ရင် သဘောပေါက်လာမှာပါ''

တတ်အားသရွေ့ ဖြေရှင်းချက်ပေးပြီးတာနှင့် သုထက်သည် ဆင်းဖို့ အချက်ပြလိုက်သည်။ အောက်မှ သူငယ်ချင်းနှစ်ယောက်က ခဲရာခဲဆစ် ကူညီကြ၏။ သုံးယောက်အဆင့်တွင် ဟန်ချက်မညီသဖြင့် အားလုံးအလဲလဲ အပြိုပြိုဖြစ်ကုန်၏။ ထိုအခါ အပေါ်ဆုံးမှ သူက အထိနိုက်ဆုံး အကျနာသည်။

သို့သော် ဂရုမစိုက်မိပါ။ ရင်ထဲမှ အနာတရက ပိုမိုပြင်းထန်စွာ မျက်ရှုနေပါသည်။

## အခန်း (၁၅)

"အခြေအနေ ဘယ်လိုလဲ ဟိတ်ကောင် အဆင်ပြေလား"

"အဖြေပါ တစ်ခါတည်း ရခဲ့လား"

ခြံပြင်ရောက်တာနဲ့ ထိန်လင်းနှင့် ဇေယျအောင်က သိလိုစွာဖြင့် မေးကြသည်။ သူလေးပင်စွာ ခေါင်းကိုခါရမ်းပြလိုက်၏။

"အဆင်မပြေပါဘူးကွာ။ ငါ့ရဲ့ စိတ်အလိုလိုက်မှု တစ်ခုကြောင့် မမ ငါ့ကို အထင်လွဲသွားတယ်"

"ဟင် ... ဘယ်လိုဖြစ်တာလဲ"

"မင်းက သူကို ဘာသွားလုပ်လိုက်လို့လဲ"

အဖြစ်သနစ် အလုံးစုံကို ပြန်ပြောပြလိုက်သည်။ သူ့အတွက် အလွယ်တကူ ကျူးလွန်စရာ ပါးပြင် ...၊ နှုတ်ခမ်း ...၊ ဒါ့အပြင် အခြား အစိတ်အပိုင်းတွေ အများကြီး ရှိပါလျက်နှင့် ဆင်ခြင်ချိုးနှိမ်ကာ လည်တိုင်လေးကိုသာ မြတ်နိုးစွာ နမ်းရှိုက်ခဲ့သည်။

စောင့်စည်းသော ယဉ်ကျေးမှုကို နားလည်မှုလွဲမှားကာ မမသည် သူ့အား စက်ဆုပ်ရွံရှာသွားခဲ့၏။

"မင်းမမကလည်း လည်ပင်းလေး နမ်းတာကိုများကွာ"

"အဲဒီလိုတော့ မပြောနဲ့လေ ထိန်လင်းရာ။သူတို့က ချစ်သူတွေမှ မဟုတ်တာ"

ဇေယျာအောင် ပြောတာက သဘာဝကျပါသည်။ ဒီကိစ္စတွင် ဆိတ်ငြိမ်ခြင်း၏ အထိအတွေ့၌ တိမ်းမှောက်သွားမိသည့် သူ့အပြစ်သာ ဖြစ်၏။ မြောက်ပြန်လေထဲသို့ သူ သက်ပြင်းမောကို မှုတ်ထုတ်လိုက်မိပါသည်။

"ဟူး ... မမတော့ ငါ့ကို အခွင့်အရေးယူတတ်တဲ့ လူဆိုပြီး အထင်သေးသွားမှာ သေချာတယ်"

"စိတ်မညစ်ပါနဲ့ကွာ။ မနက်ဖြန်ကျရင် မသိမ့်ဖူးဇင် ကြည်နူးရိပ်ကိုလာမှာပဲ။အဲဒီကျမှ သူနားလည်သွားအောင် ငါတို့ပါ ကူပြောပေးမယ် ... ဟုတ်ပြီလား ..."

ဇေယျာအောင်က နှစ်သိမ့်သည်။ သူ ပြောတာက အကျိုးအကြောင်း ဆီလျော်သဖြင့် သုထက် လက်ခံလိုက်ပါသည်။

ညဥ့်အတော်နက်နေပြီ ဖြစ်ရာ တစ်လမ်းထဲနေသော ထိန်လင်းနှင့်ဇေယျာအောင်က သုထက်ကို အိမ်အပြန် လိုက်ပို့ပေးကြသည်။ သန်းခေါင်ယံ အေးစိမ့်မှုသည် ရေခဲဓားတစ်လက်နှင့် ထိုးခွဲနေသလိုမျိုး စူးရှ အားကောင်းလာလေသည်။

သုထက် အိမ်ပြန်ရောက်တော့ အိမ်သူအိမ်သားတွေ အိပ်စက်နေကြပြီ။ အော်ခေါ်လိုက်မှ မိခင်ဖြစ်သူက တံခါးထဖွင့်ပေးပါသည်။

"အရင်လို မနေချင်တော့ဘူးဆိုတဲ့ လူက အပြင်ထွက်တော့လည်း အရင်လို မှေ့မှေ့ပျောက်ပျောက်ပါပဲလား"

"သူငယ်ချင်းတွေနဲ့ ဆုံနေလို့ စိတ်ပြေလက်ပြောက်နေရင်း ကြာသွားတာပါ မေမေရယ်"

"အေးပါ … အေးပါ … မောင်မင်းကြီးသားလေး စိတ်ချမ်းသာသလိုသာနေပါ။ ပြဿနာ မဖြစ်ရင်ပြီးတာပဲ"

မိခင်နှင့် စကားပြောပြီးတာနှင့် သူ အိပ်ယာထဲ တန်းဝင်လာခဲ့သည်။မျက်စိကို မှိတ်လိုက်တော့ နူးညံ့သွယ်နွဲ့သော လည်တိုင်လေးက တရေးရေး ပေါ်လာသည်။ ပြီးတော့ … ရှက်သွေး ဖရိုဖရဲနှင့် တင်းမာနေသော မမမျက်နှာ …။ နောက်တော့ …

ဖြစ်ပျက်ခဲ့သမျှ အရာအားလုံးသည် ခဏတာအတွင်းမှာပင် လွမ်းစရာကောင်းနေလေသည်။

✧ ✧ ✧

## အခန်း (၁၆)

မနက်လင်းတာနှင့် ထိန်လင်းနှင့် ဖေယျာအောင်ကို သွားခေါ်ပြီး ကြည်နူးရိပ်သို့ သုံးဦးသား ထွက်လာခဲ့ကြသည်။ သူ့စာရိတ္တအတွက် မမ၏ နားလည်မှုကို ရရှိဖို့ အရေးတကြီး လိုအပ်နေပါသည်။

ကြည်နူးရိပ်တွင် နံနက်စာစားရင်း မမအလာကို သူတို့ စောင့်မျှော်နေလိုက်ကြသည်။ နာရီလက်တံတွေသာ တစ်ပတ်ပြီး တစ်ပတ် လက်ယာရစ် လည်ပတ်လို့သွားသည်။ ရောက်လာသင့်ချိန်တင် မကတော့ဘဲ ရောက်လာသင့်ချိန်ကို ကျော်လွန်သည်အထိ မမက ရောက်မလာချေ။

ကာယကံရှင်သူက စိတ်ရှည်နိုင်ပေမယ့် အတိုင်းထက်အလွန် ဖြစ်နေပြီမို့ အဖော်လိုက်ပေးသူတွေက စိတ်မရှည်တော့ ...။

"စပရိန် ... ပြန်ကြရအောင်ကွာ။ ဒီနေ့အဖို့ မင်းမမ မလာလောက်တော့ပါဘူး"

စောင့်မျှော်ရကျိုးမနပ်သဖြင့် သူ့ရင်ထဲမှာ နုံးချိမောဟာသွားသည်။

"ဒါ လာစောင့်နေမယ်မှန်းသိလို့ မမ တမင်မလာတာ ဖြစ်ရမယ်။ ငါ့ကို မမမုန်းသွားပြီ ထင်ပါတယ်ကွာ"

"စိတ်မပျက်ပါနဲ့ကွာ။ တစ်နေ့မဟုတ် တစ်နေ့ ကြုံဦးမှာပါ။ အဲဒီတော့မှ သေချာရှင်းပြလိုက်ပေါ့"

အားပေးသံနှင့်ပင် အားတင်းလိုက်ရသည်။ မအီမသာတွေဖြင့် ကြည်နူးရိပ်မှ ထပြန်လာခဲ့ကြသည်။ လမ်းတစ်လျှောက်တွင် သုထက်သည် ဝမ်းနည်းမှုများဖြင့် နှုတ်ဆိတ်၍နေ၏။ သူငယ်ချင်းတွေကလည်း အလိုက်တသိ နားလည်ပေးကြသည်။ လူစုခွဲခါနီးမှ ထိန်လင်းက သတိတရ ပြောပါသည်။

"အခုည သူခိုးကြီးညကွ။ စပရိန် ... မင်း ထွက်မှာမို့လား"

"မထွက်တော့ပါဘူးကွာ။ ထွက်ရင် ငါ ပေါက်ကရတွေ လုပ်မိဦးမှာကွ။ အဲ့ဒါဆို မမစကားကို နားမထောင်သလို ဖြစ်သွားမှာ"

အရင်နှစ် သူခိုးကြီးညတွေတုန်းကဆို အဆိုးသွမ်းဆုံး အသောင်းကျန်းဆုံးဖြစ်သော သုထက်၏ ငြင်းပယ်မှုကြောင့် ထိန်လင်းနှင့် ဇေယျာအောင် အံ့ဩသွားကြသည်။ အမြဲတစေ ပေါ့ပေါ့ပါးပါး နေလေ့ရှိသော သုထက်လို လူတစ်ယောက်ကို လေးနက်သွားစေသည့် ချစ်ခြင်း၏ စွမ်းအားကြီးမားပုံကို သူတို့ မြင်တွေ့လိုက်ရလေ၏။

ဇေယျာအောင်က မယုံမရဲဖြင့် သွေးတိုးစမ်းလိုက်သေးသည်။

"ညဘက် ကဲတာပဲကွာ။ မင်းမမ သိမှာမဟုတ်ပါဘူး။ မင်းမရှိရင် ဒီည ပျင်းစရာကြီး။ ငါတို့ချည်းဆို ပွဲဆူအောင် လုပ်မယ့်လူမရှိတော့ ပျော်စရာကောင်းမှာ မဟုတ်ဘူး။ အဲ့ဒါကြောင့် အခုတစ်ညတော့ လိုက်ခဲ့ကွာ"

"မလိုက်တော့ပါဘူးကွာ။ မမ မသိဘူးဆိုရင်တောင်မှ သူ့ကွယ်ရာမှာ သူမကြိုက်တာကို ငါ မလုပ်ချင်ဘူး။ သူ နေစေချင်သလိုမျိုး ငါ အေးဆေးပဲ နေတော့မယ်။ အဲဒီလိုနေတာကို သူမယုံကြည်ေ ဘူးဆိုရင်လည်း သူယုံကြည်လာတဲ့အထိ ငါ စိတ်ရှည်ရှည်နဲ့ စောင့် ယ်"

သုထက်က ခိုင်မာပြတ်သားစွာ ပြော၏။ မျှော်လင့်ချက် ကြီးမားစွာဖြင့် စိတ်အပင်ပန်းခံကာ လေ့ကျင့်ထားသော သူ၏ပြောင်းလဲမှုကို မမက အသိအမှတ်မပြုဘဲ ပယ်ချခဲ့သည်။ ထိုဖြစ်စဥ်၌ သူ၏အမှားအယွင်းတွေလည်း ပါဝင်သည်။ ကိုယ့်ကိုယ်ကို စိတ်တိုင်းမကျသေးပေမယ့် စိတ်ဓာတ်မကျဖို့တော့ သတိဖြင့် ဆင်ခြင်လိုက်၏။

ဘယ်အောင်မြင်မှုကိုမှ အလွယ်တကူ မရနိုင်သော လောကမှာ မမ၏ ယုံကြည်မှုကို မပိုင်ဆိုင်ရမချင်း ဆက်လက်ကြိုးစားရန်သာ ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။

✧ ✧ ✧

## အခန်း (၁၅)

ငွေလဝန်းသည် လပြည့်ကျော်တစ်ရက်ဖြစ်ပေမယ့် အဝေး အမြင်၌ ရွှန်းမြပိုင်းစက်လျက်ရှိတုန်းပင်။ ငတက်ပြားည (သို့မဟုတ်) သူခိုးကြီးည (သို့မဟုတ်) ကျီးမနိုးပွဲဟု ခေါ်ဆိုကြသော ယခုလိုညမျိုး တွင် အပျော်မက်သော လူငယ်တွေ အုံသင်းဖွဲ့၍ ကဲတတ်ကြပါသည်။

တစ်နေရာမှ ဆိုင်းဘုတ်တွေကို တခြားတစ်နေရာသို့ သွားချိတ် ကြသည်။ တစ်နေရာမှ ပစ္စည်းတွေကို တခြားတစ်နေရာသို့ ယူငင် ရွှေ့ပြောင်းကြသည်။ စားသောက်ဖွယ်ရာများကိုလည်း အလစ်သုတ်၍ (ချက်ပြုတ်တန်သည်ကို ချက်ပြုတ်ကာ) ဟေးလားဝါးလား စားသောက် ကြသည်။ အချို့ကတော့ ယမကာဖြင့် မူးယစ်ကြ၏။

ယခုလို ပျော်ရွှင်စရာညမျိုးကို အခွင့်ကောင်းယူကာ အသုံးချကြ သည့် တကယ့်သူခိုးအစစ်တွေလည်း ရှိတတ်ပါသည်။

သန်းခေါင်ကျော်သောအခါတွင် ငွေလ၏ အရောင်အသွေးသည်

အနည်းငယ် မှိန်ဖျော့လာသည်။ အသက်ဝင်နေသော ဆောင်းညဉ့် သိမ့်ဖူးဖင်တို့အိမ်သည် အပူအပင်ကင်းစွာ အိပ်မောကျလျက်ရှိ၏။

မျက်နှာတွင် ကြောက်လန့်စရာထက် ရယ်စရာကောင်းနေသော သာရဲမျက်နှာဖုံးကိုယ်စီ စွတ်ထားသည့် လူနှစ်ယောက်သည် သိမ့်ဖူးဖင်တို့ ခြံစည်းရိုးအုတ်တံတိုင်းကို ပေါ့ပါးစွာ ကျော်တက်လိုက်ကြသည်။ ခြံဝန်းထဲရောက်သောအခါ ပတ်ဝန်းကျင်ကို မျက်စိကစားပြီး မှောင်ရိပ်ခိုကာ အိမ်နံရံဆီ ကပ်သွားသည်။

တစ်ယောက်သောလူက သူ့လက်ထဲမှာ ကိုင်ထားသော ရှည်လုံးလုံးဗူးငယ်ကို လှုပ်လိုက်၏။ ထိုဗူးက ခနက်ရောင် မှုတ်ဆေးဗူး တစ်ဗူးဖြစ်သည်။

ထိုဆေးဗူးဖြင့် အဝါနုရောင် ဆေးသုတ်ထားသော အိမ်နံရံတွင် ဂရုတစိုက် တရှီးရှီးပက်ဖျန်းလိုက်လေသည်။ ခဏအကြာတွင် ထင်ရှားသော စာလုံးတွေ ဖြစ်ပေါ်လာပါ၏။

စနေ့ ဘမြန်နီးချင်ပြီ

ဓပရိန်သုထက်

စာကြောင်းကို ကြည့်ပြီး သရဲမျက်နှာနှစ်ခုသည် အသံအုပ်အုပ်ဖြင့် ရယ်လိုက်ကြသည်။ ပြီးနောက် ပတ်ဝန်းကျင်ကို မျက်စိကစားပြန်သည်။ တစ်ယောက်က အပေါ်ဘက်သို့ လက်ညှိုးထိုးပြသည်။ ကြည့်လိုက်တော့ ဝရန်တာဘောင်ပေါ်မှာ အလှတင်ထားသည့် ပန်းအိုးကို တွေ့မြင်ရ၏။

တစ်ယောက်ဆိုလိုရင်းကို တစ်ယောက်သဘောပေါက်သွားပြီး ဝရန်တာပေါ်သို့ရောက်အောင် ခဲရာခဲဆစ်တွယ်တက်လိုက်ကြသည်။ ဝရန်

တာယ် ရောက်သောအခါတွင် ညီညီညာညာ စီတန်းထားရှိသည့် ပန်းအိုးတွေထဲမှ တန်ဖိုးကြီးပန်းပင်တွေကို ချိုးဖဲ့ဆွဲနှုတ်ပစ်ကြ၏။

ထိုအချိန်မှာပင် ... ညဥ့်ဦးပိုင်းက အရက်သောက်ပြီး မူးမူးနှင့် အိပ်ပျော်သွားသော ဦးဇင်နိုင်ဝင်းသည် တစ်ရေးနိုးရေငတ်သဖြင့် ရေထသောက်သည်။ ပြီးတော့ အခုည သူခိုးကြီးညဆိုတာ သတိရပြီး ခြံတစ်ပတ်လည် စစ်ဆေးရန်အတွက် အိမ်တံခါးကို ဖွင့်၍ အိမ်အပြင်ထွက်လိုက်သည်။

တံခါးဖွင့်သံက 'ဂျောက်' ခနဲ မြည်ညံသွားပါသည်။

ထိုအသံကြောင့် ဝရန်တာဘောင်ပေါ်သို့ ပန်းအိုးတစ်လုံးတင်ပြီး ပန်းပင်ကို အသည်းအသန်ဆွဲနှုတ်နေကြသည့် အပေါ်ထပ်မှ နှစ်ယောက်လန့်သွားကြသည်။ တစ်ယောက်ကိုတစ်ယောက် ရှူးခနဲ တိတ်တိတ်နေရန် အချက်ပြပြီးနောက် တိုင်ပင်မထားပါဘဲ နှစ်ယောက်သားခါးကိုင်း၍ အောက်သို့အစောတလျှင် ငြိုင်တူငုံ့ကြည့်လိုက်မိကြသည်။

ထိုအခါ သူတို့နှစ်ယောက်ကိုယ်နှင့် ထိတိုက်မိသည့် အရှိန်ကြောင့် ဝရန်တာဘောင်ပေါ်မှ ပန်းအိုးသည် အထိန်းအကွပ်မဲ့စွာ အောက်ဘက်သို့ ရိပ်ခနဲပြုတ်ကျသွားလေ၏။

"ဒုတ်"

"အား... "

ဦးခေါင်းခွံကွဲအက်ကြေသံမွမွကို နာကျင်မှုကြောင့် သွေးရူးသွေးတန်းအော်ဟစ်လိုက်သံကြီးက ဖုံးအုပ်လွှမ်းသွားလေ၏။

မထင်မှတ်သောဖြစ်ရပ်ကြောင့် ဝရန်တာပေါ်မှ နှစ်ယောက်တုန်လှုပ်ချောက်ချားသွားသည်။ ငေးကြောင်တွေဝေနေရာမှ တစ်ယောက်

ကိုတစ်ယောက် သတိပေးပြီး အလျှင်အမြန်ဆင်း၍ ထိုနေရာမှ ကရော ကသောပါး ပြေးထွက်သွားကြလေသည်။

ကျယ်လောင်သော အော်ဟစ်ညည်းညူသံကြီးကြောင့် သိမ့်ဖူး ဇင် အိပ်ပျော်နေရာမှ လန့်နိုးသွားသည်။ စိတ်ဝင်တစားဖြင့် အောက်ထပ်သို့ ဆင်းသွားတော့ အိမ်တံခါးက ဖွင့်လျက်သား ...။ အိမ်အပြင်ဘက် ထွက်လိုက်တော့ ...

"ဟာင် ... အဖေ ..."

မျက်နှာပြင်တစ်ခုလုံး သွေးအလူးလူးဖြင့် လဲကျနေသော ဖခင် ဖြစ်သူအား တွေ့မြင်လိုက်ရသည်။ စိုးရိမ်တကြီးဖြင့် ဖခင်ကို သူမ ပွေ့ ထူလိုက်သည်။ အခေါက်ခေါက်အခါခါ ခေါ်ငင်ပေမယ့် တုန့်ပြန်မှုကို မရ။ ရင်ထဲမှာ တလှပ်လှပ်နှင့် မူးနောက်လို့လာသည်။ ဖခင်၏ ဘယ်ဘက် ရင်အုံကို ကတုန်ကရင် စမ်းသပ်ကြည့်မိမှ အခြေအနေမှန်ကို သူမသိရှိ လိုက်ရတော့၏။

နှလုံးခုန်သံက ရပ်တန့်တိတ်ဆိတ်နေချေပြီတကား ...။

"အဖေ ..."

သူမဘဝ၏ တစ်ခုတည်းသော မှီခိုတွယ်တာအားကိုးစရာ ကောင်းကင်ကြီးက ပြိုကျပျက်သုဉ်းသွားလေပြီ။ သူမတစ်ကိုယ်လုံးသည် အလုံးညီးညီး တောက်လောင်နေသော မီးပုံတွင်းထဲ ပစ်ချခံလိုက်ရသကဲ့သို့ ပူလောင်ကျွမ်းမြသွား၏။ ဖခင်ဖြစ်သူအား ယခုလို ဆိုးရွားရက်စက်သည့် သေခြင်း မျိုးနှင့် ရင်ဆိုင်ကြုံတွေ့အောင် ဘယ်သူကများ လုပ် ဆောင်ခဲ့တာပါလိမ့် ...။

အသက်ဝိဉာဉ်ကင်းမဲ့နေသော ဖခင်၏ရုပ်အလောင်းကို ပွေ့ပိုက်

ရင်း မေးခွန်းတစ်ခွန်းတည်းကဘဲ အထပ်ထပ်မြည်နေသည်။ မျက်ရည်တွေ စိမ့်အိုင်နေသော မျက်ဝန်းအစုံဖြင့် အနီးတဝိုက်ကို လှေလာကြည့်မိတော့ ... ကွဲကြေနေသည့် ပန်းအိုးတစ်လုံး၏ အပိုင်းအစများအား ပထမဆုံးတွေ့မြင်လိုက်ရသည်။ နောက်တော့ ... အိမ်နံ့ရံပေါ်မှ ပြုတ်သားထင်ရှားသော စာတန်းတစ်ခု ... ကြည့်နေရင်း ... ကြည့်နေရင်း ...

သူမ သွေးကြောတွေ ဖျဉ်းခနဲ ဖြစ်သွားသည်။ သူမရင်သည် အာဃာတတို့ဖြင့် ဆူပွက်သွားရ၏။

"တောက်"

မာခတ်ပြုတ်တောက်သော တက်ခေါက်သံသည် အေးမြသော လရောင်ခြည်ထဲသို့ မာန်ဟုန်ပြင်းစွာ စိမ့်ဝင်လို့သွားပါသည်။

✧ ✧ ✧

## အခန်း (၁၈)

"တီ... တီ... "

နံနက်စောစော ကားဟွန်းတီးသံကြောင့် အိမ်ရှေ့သို့ သုထက် ထွက်ကြည့်လိုက်သည်။ ထိုအခါ ခြံအဝင်ဝမှာ တောင့်တောင့်မတ်မတ် ရပ်နေသော မမအား မယုံကြည်ဖွယ်ရာ တွေ့မြင်လိုက်ရပါ၏။

မလာစဖူးမို့ သူအံ့အထူးတလည် အံ့အားသင့်သွားသည်။ ပျော် လည်း ပျော်သွားမိလေသည်။

"မမပါလား ... ဘယ်က ဘယ်လို လည့်လာတာလဲဟင်"

"ဘယ်ကမှ လှည့်လာတာမဟုတ်ဘူး။ မင်းဆီကိုပဲ တမင်လာ ခဲ့တာ"

မမအသံက ခက်ထန်၍ပြတ်တောက်သည်။ မျက်ဝန်းတွေက စူးရဲပြီး မျက်နှာပြင်က မာကြောနေ၏။ မမ၏ အမူအယာကိုကြည့်ကာ သူ ပျော်မိတာလေးတွေပင် ပျောက်ကွယ်လို့သွားပါတော့သည်။

"ဘာကိစ္စရှိလို့လဲဟင် မမ"

"မင်း မသိချင်ယောင်ဆောင်မနေပါနဲ့။ ငါ ဘာကြောင့် လာတယ်ဆိုတာ မင်း သိမှာပေါ့။ ငါ့အဖေကို သတ်တဲ့လူဟာ မင်းဆိုတာ ငါသိတယ်"

"ဘာ ... မမအဖေကို သတ်တာ ကျွန်တော် ... "

မထင်မှတ်သောစကားအား ကြားလိုက်ရသဖြင့် သုထက် ဝေးကြောင်ကာ ထိတ်လန့်သွားမိ၏။

"မမပြောသလိုဆိုရင် မမအဖေက သေပြီပေါ့ ... ဟုတ်လား"

"ဟုတ်တယ်။ ညက မင်းလက်ချက်ကြောင့်ပဲ ငါ့အဖေသေပြီ"

"ကျွန်တော့်လက်ချက်ကြောင့် သေတာ ...။ ဟာ ... ဘာတွေလဲ မမရယ်။ ကျွန်တော့်လက်ချက်ကြောင့်လို့ မမက ဘာဖြစ်လို့ ပြောရတာလဲ"

တအံ့တဩဖြင့် သုထက် မေးခွန်းထုတ်လိုက်သည်။ ထိုအခါ သိမ့်ဖူးဇင်က ဒေါသရောင်လက်နေသော မျက်ဝန်းတွေဖြင့် သူ့ကို ကြည့်ကာ မာထန်ထန်ပြောသည်။

"ညက တစ်နာရီကျော်ကျော်လောက်မှာ အော်သံကြားလို့ ငါ လန့်နိုးသွားတယ်။ အိမ်အောက်ဆင်းပြီး အပြင်ထွက်ကြည့်လိုက်တော့ မျက်နှာတစ်ခုလုံး သွေးတွေနဲ့လဲနေတဲ့ အဖေ့ကိုတွေ့ရတယ်။ အဖေ့ဘေးနားမှာလည်း ပန်းအိုးတစ်လုံး ကျကွဲနေတယ်။ အဖေဟာ အဲဒီပန်းအိုးကြောင့် သေသွားတာပဲဖြစ်ရမယ်"

"ဒါဆို ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ မမရယ်"

"အဲဒီပန်းအိုးက အပေါ်ထပ်ဝရန်တာမှာ တင်ထားတဲ့ ပန်းအိုး။ ဝရန်တာပေါ်က ပန်းအိုးက အလကားနေရင်း အောက်ကို ပြုတ်ကျလာမှာ

မဟုတ်ဘူး။ ဝရန်တာပေါ်က တခြားပန်းအိုးထဲက ပန်းပင်တွေကိုလည်း ဆွဲနှုတ်ဖျက်စီးထားတယ်။ အဲဒီလို ပေါက်ကရလုပ်တတ်တာ မင်းပဲရှိတယ်''

''မဟုတ်ဘူး မမ ... အဲ့ဒါတွေ ကျွန်တော်လုပ်တာမဟုတ်ဘူး။ ကျွန်တော် ...''

''နေဦး ... ငါ့စကား မဆုံးသေးဘူး။ အိမ်နံရံမှာလည်း ပေါက်ကရစာတွေရေးပြီး မင်းနာမည်တပ်ထားတာ ငါတွေ့တယ်။ ဒီထက် သေချာတာ ဘာရှိသေးလို့လဲ။ ငါတို့အိမ်ပေါ်ကို ခွင့်ပြုချက်မရဘဲ ခိုးကြောင်ခိုးဝှက်တက်တတ်တာလည်း မင်းပဲရှိတယ်။ မင်းဟာ လူသတ်သမား ... မင်းကြောင့် ငါ့အဖေ သေရတာ။ ငါ့အဖေကို မင်းသတ်တာ''

မမ၏ စွတ်စွဲချက်ကြောင့် ချောက်ခြားစွာဖြင့် သူထက် ကပျာကယာ ဖြေရှင်းလိုက်သည်။

''အဲ့ဒါတွေ အားလုံးကို ကျွန်တော်ဘာမှ မသိဘူး။ ညကလည်း ကျွန်တော်ဘယ်မှ မသွားဘူး။ အိမ်မှာပဲနေတာ''

''ယုတ္တိမရှိတာ လိမ်မနေစမ်းပါနဲ့။ မင်းလိုလူမျိုးက သူခိုးကြီးညမှာ အပြင်မထွက်ဘူးဆိုတာ ယုံချမှာလား။ အပိုတွေပြောမနေနဲ့။ မင်းဟာ လူသတ်သမား ... ငါ့အဖေကို သတ်တဲ့လူယုတ်မာ ...''

''မဟုတ်ဘူး မမ။ မမရဲ့အဖေကို ကျွန်တော်မသတ်ဘူး။ မမ အထင်မှားနေပြီ''

မမှန်ကန်သော အမှားတစ်ခုအတွက် သူအကြောက်အကန် ငြင်းလိုက်သည်။ မမ၏တစ်ဖက်သတ် ထင်မြင်ယူဆချက်က ရင့်သီးပြင်းထန်လွန်းလှပေသည်။ စူးစူးရဲရဲ စိုက်ကြည့်နေသည့် မမ၏မျက်ဝန်းဆီမှ

ဒေါသအခိုးအလျှံများကို သူရင်မဆိုင်နိုင်ဘဲ ဖြစ်နေ၏။

ထိုစဉ်မှာပင် အိမ်ထဲမှ ထွက်လာသော မေမေက အနားရောက်လာပါသည်။

"သား ... ဘာဖြစ်နေတာလဲ"

"ဒီမမက သူ့အဖေကို ညက ကျွန်တော်သတ်တယ်လို့ ပြောနေတယ် မေမေရယ်။ ညက တစ်ညလုံး ကျွန်တော်အပြင်မထွက်တာကို ကူပြောပေးပါဦး"

မေမေ့ကို သူ အားကိုးတကြီး အကူအညီ တောင်းလိုက်သည်။ မေမေက အံ့သြဟန်ဖြင့် မျက်မှောင်ကုတ်၍ မမကိုဒေါသခတ်သလို ကြည့်ရင်း သူ့ဘက်ကအမှန်တရားကို ထောက်ခံပေးလေသည်။

"ဟုတ်တယ်ကွဲ့ ကလေးမရဲ့။ ညက တစ်ညလုံး သားအပြင်မထွက်ဘူး။ အိမ်ထဲမှာပဲရှိတယ်"

"အဒေါ်တို့က သားအမိတွေပဲ။ ဒီလိုပဲ ပြောမှာပေါ့။ ကျွန်မကတော့ လုံးဝမယုံဘူး"

"မယုံလည်း မတတ်နိုင်ဘူး။ စောစောစီးစီး အိမ်ရှေ့လာပြီး မင်္ဂလာမရှိတာတွေ ပြောမနေနဲ့။ လာ သား ... အိမ်ထဲဝင်နေ"

မေမေက သူ့လက်ကိုဆွဲခေါ်တော့ သူလိုက်လာခဲ့မိသည်။ နောက် ပြန်လှည့်ကြည့်တော့ မီးဝင်းဝင်းတောက်နေသကဲ့သို့ ရန်လိုနေသည့် မျက်ဝန်းတွေကို မနှစ်မြို့စွာရင်ဆိုင်လိုက်ရလေ၏။

"သုထက် ... မင်းကိုငါ လုံးဝမကျေဘူးဆိုတာ မှတ်ထားလိုက်"

မမက အံကြိတ်၍ပြောပြီးတာနှင့် ကားပေါ်တက်ကာ ခပ်ကြမ်းကြမ်း မောင်းထွက်သွားလေသည်။ သူ မကျူးလွန်သော ပြစ်မှုအတွက်

မမထံမှ သူမလိုလားသော အမုန်းများစွာကို လက်ခံရရှိလိုက်ပါသည်။ ဝမ်းနည်းခံပြင်းခြင်းက ရင်တစ်ဝှမ်းလုံး ဇာဝုန်းဝုန်း ပုတ်ခတ်နေလေသည်။

ဒီအရေးအခင်းတွင် လုပ်ကြံမှုတစ်စုံတစ်ခု အသေအချာ ပါဝင်နေပြီဟု သူထင်မြင်ယူဆလိုက်မိ၏။

တရားခံက ဘယ်သူများပါလိမ့်နော် ... ။

✧ ✧ ✧

## အခန်း (၁၉)

ရောဂါပိုးမွှားများကို သေစေနိုင်သည်ဆိုသော နံ့နက်ခင်း နေ ရောင်ခြည်အောက်တွင် လမ်းလျှောက်ကြသူများအား ကျန်းမာရေး လိုက်စားသူများဟု ချီးမွမ်း၍ရသကဲ့သို့ ၎င်းတို့ကိုယ်၌ ရောဂါပိုးမွှားများ တွယ်ကပ်ထူပေါ်နေသည်ဟုလည်း ပြောဆိုကဲ့ရဲ့၍ရသည်။

ရောဂါပိုးမွှားများကို သေစေနိုင်သည်ဟုဆိုသဖြင့် တကူးတက နံ့နက်ခင်းနေစာလှုံသည့်အတွက် ဆေးပညာရှုထောင့်မှ ကြည့်ကာ ချီးမွမ်း ၍ ရသကဲ့သို့ သူတစ်ပါးအသက်အား သတ်ခြင်းဆိုသော ပါဏာတိပါတာ ကံထိုက်သဖြင့် ဗုဒ္ဓ၏ ဘာသာရေးရှုထောင့်မှ ကြည့်ကာ (ကပ်သီးကပ်ဖဲ့ စကားနိုင်လု၍ ကဲ့ရဲ့မည်ဆိုလျှင်) ကဲ့ရဲ့၍ရသည်။

ထို့ကြောင့် ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းဆိုသည်မှာ ကြည့်သည့်ရှု ထောင့်နှင့် သတ်မှတ်သူအပေါ်တွင်သာ မူတည်သော အဆုံးဖြတ်ခဲ ပြဿနာတစ်ရပ်ဖြစ်၏။

ယခုလက်ရှိ ရင်ဆိုင်နေရသော အရေးအခင်းတွင် သတ်မှတ်သူ မမက သူ့အား လူသတ်တရားခံအဖြစ် စွဲချက်တင်သည်။ မမကြည့်သည့် ရှုထောင့်တွင် သူ့ကို လူသတ်တရားခံအဖြစ် ထင်မြင်ယူဆစေနိုင်လောက်သည့် အကြောင်းအရာ အချက်အလက်တွေ ရှိနေပေလိမ့်မည်။

သို့ဖြစ်၍ မမကို သူအပြစ်မတင်ပါ။ ကံကြမ္မာကိုလည်း ယိုးမယ်မဖွဲ့ချင်ပါ။ တစ်ချိန်က သူလုပ်ဆောင်ခဲ့သည့် ကပျက်ကချော် လုပ်ရပ်များကြောင့် ဖြေရှင်းမှုသူ့စကားကို မမ မယုံကြည်တာဖြစ်သည်။

မမ၏ ယုံကြည်မှုကို ရရှိဖို့အတွက် အမှန်တရား၏ သဲလွန်စတို ရှာဖွေရန်အတွက် သူအိမ်မှထွက်လာခဲ့ပါသည်။ လမ်းကလေးထက်မှာ ရွက်ကြွေအချို့ ကော့လန်ပြန့်ပြူးလို့နေကြသည်။ ရူးအံ့မူးမူး ချစ်ရပါသော မမသည် တစ်ဖက်သတ်စွဲချက်တွေဖြင့် သူ့အား အမုန်းသည်းထန်နေလေသည်။ အစွဲအလမ်းကြမ်းသော ရင်ဘတ်ထဲက အသံတွေက မမ၏ကျေအေးမှုကိုသာ တဆာဆာ ရေရွတ်မြည်တမ်းနေရှာ၏။ ဒါကိုချစ်သော မမသိပါရဲ့လား ...။

လေပြည်အလာမှာ အင်ဂျင်စက်သံညက်ညက်က လွင့်ပါလာသည်။ စိတ်၏လှုံ့ဆော်မှုကြောင့် လမ်းလျှောက်နေရင်းမှ နောက်ဘက်သို့ သူ ငဲ့ကြည့်လိုက်သည်။ ထိုအခါတွင် သူ့ဆီတည့်တည့် ပြေးဝင်လာသော အရှိန်ပြင်းပြင်း ကားတစ်စင်းအား ရိပ်ခနဲ တွေ့မြင်လိုက်ရ၏။

သူရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး လမ်းပေါ်မှ ကပျာကသီ ဖယ်ခွာဆင်းလိုက်သည်။ လွတ်လုလွတ်ခင်မှာပင် ကားကလမ်းကြောင်းကို ပြင်လိုက်ရာ

သူ ရှောင်ချိန်မရတော့ဘဲ

"ခုန်း"

"အား... "

နင့်နင့်နာနာ လွင့်လွင့်ခါခါ ကြမ်းရှစွာ

နောက်ဆုံး မြင်လိုက်ရတာက မမမျက်နှာ

အမုန်းတွေ ယိမ်းနွဲ့ယှက်ဖြာ

ပြုံးပါ မဲ့ပါ ရက်စက်ပါ

သွေးစက်လက်ကို နှစ်နှစ်ခြိုက်ခြိုက်ကြည့်ကာ

ကျေပါ

ကျေပါ

ကျေပါ

ကျေပါတော့... မမရယ်...

✧ ✧ ✧

## အခန်း (၂၀)

"သိမ့်ဖူး ... သုထက် ကားတိုက်ခံရလို့တဲ့။ အဲ့ဒါ နင်သိလား"

ဖေရယ်က အိမ်ထဲပြေးဝင်လာပြီး အလန့်တကြား မေးသည်။ ရင်တုန်မပျောက်သေးသော သူမသည် ချက်ချင်းပြန်မဖြေနိုင်သေးဘဲ ဖြစ်နေသည်။ ခဏကြာမှ သက်ပြင်းချရင်း မသက်မသာ ခေါင်းညိတ်ပြ လိုက်ရသည်။

"အေး ... သိတယ်"

"နင် ဘယ်ကကြားလာတာလဲ"

"ဘယ်ကမှ ကြားလာတာမဟုတ်ဘူး၊ ကိုယ်တွေ့ကြုံတာ"

"နင် ကိုယ်တိုင် မြင်ခဲ့တာလား"

"ဟုတ်တယ်"

အေးအေးစက်စက် ပြန်ဖြေရင်း ဒီထက်ပိုရှင်းအောင် အတိအကျ ပြောပြလိုက်တော့၏။

"သူ့ကို ငါကိုယ်တိုင် ကားနဲ့တိုက်ပစ်ခဲ့တာ"

"ဟယ် ... တကယ် ..."

"ဟုတ်တယ်"

"ဘုရား ... ဘုရား"

ပေရယ်၏ မျက်ဝန်းတွေ ပြူးကျယ်သွားသည်။ ထုံပေပေကြီး ရပ်နေသော သိမ့်ဖူးဇင်၏ ပခုံးနှစ်ဖက်ကို ကိုင်လှုပ်ရင်း မေးမြန်းမှုက ထစ်ငေါ့လို့နေ၏။

"သိမ့်ဖူး ... နင် ... နင် ... ဘာလို့ ... ဒီလိုလုပ်ရတာလဲ"

"သူ့ကို မကျေနပ်လို့ ... ငါ့အဖေသေသလို သေစေချင်လို့ ...။ အခု ... သူ သေသွားပြီလား"

"သေတော့ မသေသေးဘူး။ အရေးပေါ်ကားနဲ့ ရန်ကုန်ကို တင်သွားရတယ်။ အခြေအနေကတော့ တော်တော်ဆိုးပုံရတယ်။ ဒါနဲ့ သူ့ကို ကားနဲ့တိုက်တာ နင်မှန်းသူသိလား"

"သိတယ်"

ပစ်စလက်ခတ် လဲပြိုသွားပြီးသည့်နောက် ... ဝေဒနာကို မခံမရပ်နိုင်ညည်းတွားရင်း ခေါင်းထောင်ကာ သူမထံလှမ်းကြည့်နေသည့် ရီဝေဖျော့တော့သော အကြည့်တွေကို ပြန်လည်အမှတ်ရမိသည်။ ထို အကြည့်မှာ ဒေါသမာန်မာနတွေ မပါဝင်ဘဲ မယုံကြည်နိုင်ခြင်း၊ ထိတ်လန့်အံ့သြခြင်း၊ တိုးလျှိုးတောင်းပန်ခြင်းတွေသာ အပြည့်အသိပ် နေရာယူထားတာ တွေ့ခဲ့ရသည်။

မငဲ့ညှာနိုင်သော သူမ ကားကိုမောင်းထွက်လာသည်အထိ ထို အကြည့်တွေက နောက်မှ လိုက်လံအသနားခံနေဆဲဖြစ်ကြောင်း ဘက်မှန်ထဲမှ သိရှိလိုက်ရပြန်၏။

"နင်ကသာ သူ့ကို သေစေချင်တာ။ သူကတော့ နင့်ကို တော်တော်ချစ်ရှာတာ။ သူ့ကို တိုက်တဲ့ကားကို သိလား ဘယ်သူလဲလို့ မေးတော့ မသိဘူး မမြင်လိုက်ဘူးလို့ပဲ ပြောတယ်တဲ့"

သိမ့်ဖူးဇင်ရင်ထဲမှာ နွေးခနဲပဲ လှိုက်ဖိုခြင်းများ ဖြစ်သွားမိ၏။

"နင်က လုပ်ကြံတာတောင်မှ သူက နင်ဒုက္ခမရောက်အောင် ကာကွယ်ပေးခဲ့တယ်။ နင့်အဖေသေတဲ့ကိစ္စမှာ သူ့ကြောင့်လို့ ယူဆပြီး စွတ်စွဲပေမယ့် မျက်မြင်သက်သေမရှိဘူး။ အဲ့ဒါကြောင့် နင် အခုလို တုန့်ပြန်လိုက်တာ လွန်တယ်"

ဇေရယ်၏ အပြစ်တင်စကားကြောင့် သိမ့်ဖူးဇင် တွေဝေငေါင်စင်းသွားသည်။ ထင်ရာမြင်ရာ ကောက်ချက်ချမှုတစ်ခုအတွက် စိတ်လိုက်မာန်ပါ တုံ့ပြန်လိုက်သည်မှာ မှားသွားပြီလားဟု ကိုယ့်ဘာသာ ဆန်းစစ်ကြည့်မိသည်။ ယခုအချိန်ဆိုလျှင် ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံးတွင် သွေးနီနီများ ရွှဲပေနေသည့် လူတစ်ယောက်၏ ဝေဒနာကို မိုင်တစ်ရာကျော်ဝေးသော နေရာဌာနမှာ သွားရောက်ကုသဖို့ သယ်ရွက်ကြိုးပမ်းနေကြလောက်ပြီ။

အံရေးကြီးသော ထိုကယ်တင်မှု အောင်မြင်ပါ့မလားဟု စဉ်းစားမိသောအခါ သူမအထိတ်တလန့် ဖြစ်သွားရ၏။ စိတ်ပူပင်မှုဝင်လာချိန်မှာပင် သွေးအလူးလူးနှင့် ဖခင်မျက်နှာက အာရုံထဲမှာ ဖျတ်ခနဲပဲ ပေါ်လာလေသည်။

ထိုအခါ ... အာဃာတက ပြင်းပြင်းရှရှ ထကြွလာပြန်၏။

✧ ✧ ✧

## အခန်း (၂၁)

ဥသြငှက်ငယ်သည် အသံဖြင့် နွေဦးကို ကြိုဆိုနေလေသည်။ လေရူးကလည်း သစ်ပင်၏ အဖျားအနား သစ်ရွက်ကလေးများကို လွင့်လွင့် ခတ်ခတ် ဖော့သရမ်းနေပါသည်။

သုထက်သည် ရာသီအပြောင်းအလဲကို သတိပြုမိသွား၏။ ဆောင်းဦးပေါက်ကာလမှ စတင်ကာ ဤမြို့မှ ပျောက်ကွယ်သွားခဲ့သော သူသည် ယခုနွေဦးပေါက်ကာလတွင် ဤမြို့သို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။ တစ်ရာသီစာ ပျောက်ကွယ်ပြီး ပြန်ပေါ်အလာမှာ သူသည် ယခင်နှင့် မတူညီတော့ပါ။ သူ့ဆီမှာ ချိုင်းထောက်တစ်ခု အဖော်အဖြစ် ပါလာလေသည်။

လမ်းသွားလမ်းလာတွေက သူ့ကို စိတ်ဝင်တစား ငေးကြည့်သွားကြသည်။ အဖြူအစိမ်း ဝတ်ဆင်ထားသည့် ကျောင်းသူကျောင်းသား ကလေးငယ်တစ်သိုက်က သူ့နံဘေးမှာ ဖြတ်သန်းသွားကြသည်။ သူ့ကို ကြည့်၍ ...

"ဟယ် ... ဟိုမှာ ခြေကျိုးကြီး။ ချိုင်းထောက်ကြီးနဲ့"

"ဒါဆို ဒုက္ခိတကြီးပေါ့"

''ခြေကျိုးဆိုတော့ ... ဗာရာဏသီကြိုးနဲ့ချည်... ခြေကျိုးခြေကျိုး ... × × × ... ''

''ဟား ဟား ဟား ဟား ... ခြေကျိုးကြီးရေ ... ပြေးသွားပါလား ... ဘာလို့ ဖြည်းဖြည်းသွားနေတာလဲ''

''နင်တို့ကလည်း မစပါနဲ့ဟယ် ... သနားပါတယ် ... ''

ကလေးငယ်တို့၏ လှောင်ပြောင်သရော်သံများကြောင့် သူသည် အမှုန့်ဖြစ်ပြီး ပျောက်ကွယ်သွားလိုက်ချင်မိသည်။ သို့သော် ဘာမှ မတုံ့ပြန်ပါ။ ရှက်ရွံ့စိတ်ကြောင့် ခေါင်းငုံ့ရင်း ချိုင်းထောက်ကိုသာ အားပြု၍ ထော့နဲ့ထော့နဲ့ ဆက်လျှောက်သွားလိုက်သည်။

သူဦးတည်ရာက မမဆီသို့ ...။

ရက်စက်ပြင်းထန်သော မမ၏ တယူသန်လုပ်ရပ်ကို နာကျင်မိပေမယ့် မမကိုတော့ သူ နာကျည်း၍မရပါ။ မမသည် သူ့ကို မြုပ်နှံမည့် တွင်းတစ်တွင်းဆိုလျှင်တောင် သူက ထိုတွင်းကို စိတ်လိုလက်ရ တူးဖော်နေဦးမှာ ဖြစ်သည်။

ဒီမြို့ကို သူပြန်ရောက်ချိန်မှာ အတွေ့မြင်ချင်ဆုံးက မမ မျက်နှာဖြစ်၏။ ထို့ကြောင့်ပင် မိဘနှစ်ပါးက ဘယ်ကိုမှမသွားပါနဲ့ဟု အတန်တန်တားမြစ်နေသည့်ကြားမှ သူ အလစ်ခိုးထွက်လာတာ ဖြစ်သည်။ ဒီလိုအချိန်အခါမျိုး၌ အိမ်တွင်းမှာသာ နေထိုင်သင့်ကြောင်း သိပါသည်။ သို့သော် သူ့အပေါ်တွင် တင်ရှိနေသည့် မမ၏အမုန်းကြွေးတွေကို ကျေစင်အောင် ဆပ်ချင်စိတ်က သိပ်ပြင်းပြနေ၏။

ခြေအစုံက အရင်လိုမဟုတ်သဖြင့် ခရီးက မတွင်။ သွားရလာရတာ အဆင်မပြေသဖြင့် ကိုယ့်အနေအထားကိုယ် စိတ်တိုင်းမကျ။ လေချွန်

သံတစ်ခုလောက်တောင်မှ လွတ်လပ်ခွင့်မရသော ဒီဘဝဒီအခြေအနေ ကြီးကို ငြီးငွေ့စိတ်ပျက်လွန်းလှပါပြီ။

မမတို့ အိမ်ရှေ့ရောက်သွားသောအခါတွင် ရပ်ထားသော ဆိုင်ကယ်တစ်စီးအား တွေ့မြင်လိုက်ရသည်။ သူဒုက္ခပေးဖူးသော ထိုဆိုင်ကယ်ကို ကောင်းစွာမှတ်မိပါ၏။ ဘာရယ်မဟုတ်သော်လည်း ရင်ထဲမှာ အားငယ်သွားမိသည်။

"မမရေ ... မမ ... မမ ..."

သူ့ ခေါ်သံကြောင့် အိမ်ထဲမှ သိမ့်ဖူးဇင် ထွက်လာသည်။ သူမနံဘေးမှာ ဦးအောင်ထွန်းကြွက ကပ်ပါလာလေသည်။ ချိုင်းထောက်ကို အားပြု၍ ရပ်နေသော သုထက်ကိုမြင်တော့ သိမ့်ဖူးဇင် အံ့သြတုန်လှုပ်သွား၏။

"မင်း ... မင်း ... ဘာလာလုပ်တာလဲ"

"ကျွန်တော် မမ အထင်မှားနေတာကို ရှင်းပြချင်လို့ပါ။ မမ အဖေ သေဆုံးတာ ကျွန်တော့်ကြောင့် လုံးဝမဟုတ်ပါဘူးဗျာ"

"ဒါဆို ဘယ်သူ့ကြောင့်လဲ"

"အဲ့ဒါတော့ ကျွန်တော် မသိဘူး ... ။ ကျွန်တော့်ကြောင့် မဟုတ်တာတော့ အမှန်ပါ မမရယ်။ တကယ်ပါ ..."

ညှိုးငယ်စွာ ပြောနေသော သုထက်ကိုကြည့်ကာ သိမ့်ဖူးဇင် ဇဝေဇဝါဖြစ်သွားသည်။ သို့သော် အိမ်နံရံမှ စာကြောင်းကြောင့် သူမ၏ အထင်က ဖျောက်ဖျက်ရခက်ခဲစွာ စွဲမြဲနေ၏။ မုယာမာယာများသည်ဟု သတင်းကြီးသော သုထက်ကိုလည်း မယုံကြည်ဝံ့ဘဲ ဖြစ်နေသည်။ ဒါကြောင့် ...

''မင်း စကားတတ်တိုင်း လျှောက်ပြောမနေနဲ့။ မင်းပြောတာကို ငါ မယုံဘူး။ အဖေသေရတာ မင်းကြောင့်လို့ပဲ ငါတော့ ယူဆတယ်။ မင်းကြောင့် တွယ်တာအားကိုးစရာမဲ့သွားတဲ့ ငါဟာ လောကအလယ်မှာ တစ်ယောက်တည်း မျက်နှာငယ်ငယ်နဲ့ ကျန်ခဲ့ရတယ်။ အဖေ မရှိတော့တဲ့နောက် ဒီအိမ်ကြီးမှာ ငါတစ်ယောက်တည်း နေ့ညတွေကို ဘယ်လောက်အထီးကျန်ဆန်ဆန် ဖြတ်သန်းနေရသလဲဆိုတာ မင်း သိလား ...''

''မမ ဘယ်လိုခံစားနေရတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။ ဒါပေမယ့် မမ အထင်မှားနေပြီ။ မမ အဖေကို ကျွန်တော်သတ်တာမဟုတ်ဘူး။ ပြစ်မှုမကျူးလွန်ဘဲနဲ့ ကျွန်တော်ဟာ ပြစ်ဒဏ်လည်း ခံခဲ့ရပြီးပြီ။ အခုထိလည်း အစွတ်စွဲခံနေရတုန်းပဲ။ ကျွန်တော့်ဘက်ကိုလည်း မမ ညှာညှာတာတာလေး စဉ်းစားပေးပါဦး။ ကျွန်တော် ဘယ်လိုခံစားနေတယ်ဆိုတာလည်း စာနာပေးပါဦး မမရယ်''

''တော်တော့ ... မင်း ဘာမှ ပြောမနေနဲ့တော့။ ငါ့ခြံထဲက အခုချက်ချင်း မင်းထွက်သွား''

''ခဏလေးပါ မမရယ်။ ကျွန်တော်ရှင်းပြတာကို နားထောင်ပေးပါဦး''

''ဘာမှ ရှင်းပြမနေနဲ့။ ဘာမှလည်း မကြားချင်ဘူး။ ကိုအောင်ထွန်းကြွေ ... သူ့ကို ခြံထဲက ဆွဲထုတ်ပေးပါ။ သူ့ မျက်နှာကို ကျွန်မ မမြင်ချင်ဘူး''

''စိတ်ချ ... အဖူးလေး စိတ်တိုင်းကျ ဖြစ်စေရမယ်''

ဦးအောင်ထွန်းကြွေက မျက်နှာလိုမျက်နှာရ လုပ်သည်။ သိမ့်ဖူးဇင်ကချက်ချင်းပင် အိမ်ထဲသို့ချာခနဲလှည့်ဝင်သွား၏။

''မမ ...''

သုထက်က ထော့နဲ့ထော့နဲ့ဖြင့် ရှေ့တိုးကာ လိုက်ရုန်းပြင်ဝါသည်။ ထိုအခါ နဂိုထဲကမှ သူ့ကိုဒုက္ခပေးထားသူမို့ အခဲမကျေဖြစ်နေသော ဦးအောင်ထွန်းကြွေသည် သုထက်ကို ခြံထဲမှ ခပ်ကြမ်းကြမ်း ဆွဲထုတ်သွားပါသည်။ ချိုင်းထောက်ကို အားပြုနေရသည့် သုထက်ခမျာ မရုန်းကန်နိုင်ရှာဘဲ ဦးအောင်ထွန်းကြွေလက်ထဲမှာ ယက်ကန်ယက်ကန်ဖြင့် ပါသွားရလေသည်။

ခြံပြင်ရောက်တာနှင့် ဦးအောင်ထွန်းကြွေသည် သုထက်ကို ဆောင့်တွန်းလိုက်ရာ ချိုင်းထောက်တခြား လူတခြားလဲပြိုလွင့်စင်လို့သွားသည်။ ဦးအောင်ထွန်းကြွေသည် အင်္ဂရခက်လောက်အောင် ရင့်ရင့်သီးသီး ဆဲဆိုကြိမ်းမောင်းပြီးမှ အိမ်ထဲသို့ ဆောင့်ကြွားကြွား ပြန်ဝင်သွား၏။ သုထက်သည် မမှီမကမ်းဖြစ်နေသော ချိုင်းထောက်ကလေးကို တုန်တုန်ချိချိ တိုးစမ်းယူပြီးနောက် ထိုနေရာမှ ထော့နဲ့ထော့နဲ့ဖြင့် တရွေ့ရွေ့ထွက်ခွာသွားလေသည်။ အံကြိတ်ထားသည့် သူ၏မျက်ဝန်းမှာတော့ မျက်ရည်စအချို့ စို့တွဲဝေ့သီလျက်ရှိ၏။

ယခုအချိန်မှာ သူသည် မိမိ၏ပျော်ရွှင်ကျေနပ်မှုအတွက် သူတစ်ပါးအား စနောက်ချောက်ချရန် ကြောက်လန့်သွားပါပြီ။ တရားလွန်နောက်ပြောင်တတ်သည့် အကျင့်စရိုက်ကိုလည်း အကြီးအကျယ် ရွံ့မုန်းစက်ဆုပ်လို့နေပါပြီ။ ပဲ့တင်သံတစ်ခုပမာ တန်ပြန်လာတတ်သည့် ဝဋ်ကြွေးကြမ္မာအား ယုံကြည်စွာ ခံစားနေရပြီး ရှင်သန်မှုတစ်လျှောက်၌ တည်ကြည်စွာ နေထိုင်သွားရန်သာ ဆုံးဖြတ်လိုက်မိပါတော့၏။

ဒီတစ်ခါ သူ၏ပြောင်းလဲမှုသည် ဘယ်သူ့ကြောင့်မှ မဟုတ်ဘဲ အသိတရားက ပေးသောသင်ခန်းစာ ဖြစ်ပါသည်။

## အခန်း (၂၂)

"ဒီလိုဆို မင်းကို ကားနဲ့တိုက်တာ မသိမ့်ဖူးဖင်ပေါ့ ... ဟုတ်လား ..."

ထိန်လင်းနှင့် ဇေယျာအောင်၏ တအံ့တသြဖြစ်နေသော မျက်နှာတွေကိုကြည့်ကာ ပက်လက်လှန်နေရင်းမှ သူခေါင်းညိတ်ပြလိုက်သည်။ တစ်လက်စတည်း နှုတ်ပိတ်လိုက်ရ၏။

"ဒီကိစ္စကို ဖေဖေနဲ့ မေမေ မသိစေနဲ့နော်"

"သိတော့ ဘာဖြစ်လို့လဲ"

"သိရင် မမကို သူတို့အပြစ်မြင်သွားကြမှာ စိုးလို့ပါ။ တိုင်လားတောလားလုပ်လို့ ရုံးရောက်ဂါတ်ရောက်ဖြစ်ကုန်ရင် မမပဲ သိက္ခာကျမှာကွ"

သူ့စကားဆုံးတော့ ထိန်လင်းနှင့် ဇေယျာအောင်က သူ့ကို သနားစရာသတ္တဝါတစ်ကောင်လို သဘောထားသော အကြည့်တွေဖြင့် ကြည့်ကြသည်။ ထိုအကြည့်တွေကို သူ မသိကျိုးကျွံပြုပြီး ပြတင်းတံခါးမှ အခန်းတွင်းသို့ ဖြာဆင်းနေသည့် နံနက်ခင်း နေခြည်နုဖျော့ဖျော့အား ငေးနေလိုက်သည်။

ထိုသို့ ဝေးနေရင်း တစ်စုံတစ်ရာကို ဖျတ်ခနဲ သတိရမိ၏။

"ငါ အပြင်သွားချင်တယ်ကွာ။ မင်းတို့ ငါ့ကို လိုက်ပို့ကြပါလား"

"ဘယ်ကို သွားမှာလဲ"

"ကြည်နူးရိပ်"

သူ့အဖြေကြောင့် ထိန်လင်းနှင့် ဇေယျာအောင်က တစ်ယောက်ကိုတစ်ယောက် မေးငေါ့ပြကြသည်။

"မင်းဘာကြောင့် ကြည်နူးရိပ်ကို သွားချင်တယ်ဆိုတာ ငါသိတယ်နော်။ ဒီအချိန်ဆို မသိမ့်ဖူးဇင် ကြည်နူးရိပ်ကို လာနေကျမို့ မင်းသွားမှာ မဟုတ်လား"

ဇေယျာအောင် ပြောတာက မှန်နေသဖြင့် သူ မချေပမိ။ ထိန်လင်းကတော့ အပြစ်တင်သည်။

"ကိုယ့်ကို ဒီလောက်ဒုက္ခပေးထားတဲ့ မိန်းမကို မင်းမို့လို့ကွာ။ ငါသာဆို သူ့ခြေထောက်တွေကို ပြန်ရိုက်ချိုးပစ်တယ်"

"ငါ့ကို နားလည်ပေးကြပါကွာ။ ငါလည်း ငါ့ခံစားမှုနဲ့ ငါပါ။ ငါ့ကိုခင်ရင် ငါသွားချင်တာကို လိုက်ပို့ပေးကြပါ။ မင်းတို့ လိုက်မပို့ဘူးဆိုရင်လည်း ငါ့ဘာသာ ငါပဲ သွားပါ့မယ်"

ကုတင်ခြေရင်းမှ ချိုင်းထောက်ကိုဆွဲယူပြီး အိပ်ယာပေါ်မှ သူဆင်းလိုက်သည်။ ထိုအခါ ထိန်လင်းနှင့် ဇေယျာအောင်က သူ့ကို ပျာပျာသလဲ တွဲကူကြသည်။

"တစ်ယောက်တည်းတော့ မသွားနဲ့ ဟိတ်ကောင်။ ငါတို့ပါ လိုက်မယ်"

သူငယ်ချင်းနှစ်ယောက်ကိုကြည့်ကာ သူကျေနပ်စွာ ပြုံးလိုက်သည်။ ဘော်ဒါစိတ်ဆိုတာ ဒါမျိုးပင်ထင်၏။ သုံးယောက်သား အပြင်ထွက်ရန် ပြင်တော့ မြင်သွားသည့် မေမေက မေးလေသည်။

"သား ဘယ်သွားမလို့လဲ"

"လမ်းလျှောက်ကျင့်ရင်း မုန့်သွားစားမလို့ပါ မေမေ"

"အဝေးကြီးတွေ လျှောက်မသွားနဲ့နော်"

"ဟုတ်ကဲ့"

ချိုင်းထောက်ကို အားပြု၍ ဖြည်းဖြည်းချင်း လျှောက်လိုက်သည်။ သူ့ ခြေထောက်ရှိ (သုံးမရတော့လောက်အောင်) ကျိုးကြေသွားသည့် အရိုးတွေနေရာမှာ စတီးလ်ချောင်းတွေ အစားသွင်း၍ ကုသထားရတာဖြစ်သည်။ နောက်ထပ် လအနည်းငယ်ကြာမှ သူသည် ချိုင်းထောက်လွတ်ကင်းစွာ လမ်းလျှောက်နိုင်မှာဖြစ်၏။

ကြည်နူးရိပ်သို့ရောက်သောအခါ ချိုင်းထောက်နှင့်သူ့ကို လူတွေက အကြည့်တွေဖြင့် စူးစမ်းသမှုပြုကြသည်။ ထိုအကြည့်တွေထဲမှာ မျက်တောင်ကော့ကော့ကြီးတွေ ဝန်းရံထားသည့် မမ၏ မျက်ဝန်းတစ်စုံတော့မပါဝင်ချေ။

အချိန်စောသေးတာမို့ မမ ရောက်မလာသေးတာဖြစ်နိုင်သည်။ စားပွဲတစ်ဝိုင်းတွင် ဝင်ထိုင်ပြီး သုံးယောက်သား စားသောက်လိုရာ ကိုယ်စီမှာယူသုံးဆောင်လိုက်ကြသည်။ သူတို့ စားသောက်နေချိန် တစ်ဝက်တစ်ပျက်မှာပင် သူ့ခန္ဓာကိုယ်ကို တိုက်ဖြတ်ဖူးသည့်ကားက ဆိုင်ရှေ့သို့ဆိုက်ရောက်၍လာ၏။ ကားထဲမှ ပေရယ်နှင့်အတူ မမသည် ညင်သာစွာဆင်းလာလေသည်။

မမ မျက်နှာကိုမြင်လိုက်ရသဖြင့် မျှော်ငေးသောသူ ကျေနပ်သွားသည်။ မမသည် သူ့အတွက် ရေခဲနှင်းတစ်ခုဆိုလျှင် ထိုရေခဲနှင်းမှာပဲ သူက အရှင်လတ်လတ် ပျော်မွေ့လိုသူဖြစ်သည်။

"ဟယ် ... ဟိုမှာ သုထက်ရယ်"

ဆိုင်ထဲမှာ ထိုင်ရန်နေရာရွေးချယ်ရင်း ပေရယ်က ဘေးနားမှ ဝိုင်းကို လက်ညှိုးထိုးပြသည်။ မျက်လုံးဝေ့ကြည့်ရင်း သိမ့်ဖူးဇင်သည် သုထက်အား မြင်တွေ့သွား၏။ မျက်မှောင်ကုပ်လျက် သူ့မခန္ဓာကိုယ်သည် တွန့်ဆုတ် သွားလေတော့သည်။

"ပေရယ် ... လာဟာ ... ပြန်ကြမယ်"

"ဘာဖြစ်လို့လဲဟ"

"သူ့ရှိနေရင် ဒီဆိုင်မှာ ငါမထိုင်ချင်ဘူး။ သူ့မျက်နှာကို မမြင်ချင်ဘူး"

မမ၏ ရင့်သီးစိမ်းကားသော စကားသံကြောင့် သူ့ရင်ထဲမှာ နာကျင်အောင့်မျက်သွားရ၏။ သူက မမမျက်နှာကို မြင်ချင်သောကြောင့် ဒီဆိုင်သို့ တကူးတကလာခဲ့သည်။ မမက သူ့မျက်နှာကို မမြင်ချင်သောကြောင့် ဒီဆိုင်မှ တကူးတက ထွက်ခွာသွားတော့မည်။

ဝမ်းနည်းသိမ်ငယ်စိတ်ဖြင့် မမနှင့်သူ မျက်နှာချင်းဆိုင်လိုက်ပါသည်။

"မမ ကျွန်တော့်မျက်နှာကို မမြင်ချင်ဘူးဆိုရင် ကျွန်တော် ဒီဆိုင်ထဲက အခုထွက်သွားပေးပါမယ်။ မမ စားစရာရှိတာ စားပါ။ ကျွန်တော်ကြောင့် မမအစားပျက်သွားတာမျိုး မဖြစ်စေရပါဘူး"

သူ ချိုင်းထောက်ကိုဆွဲကိုင်တော့ သူငယ်ချင်းတွေက သူ့ကို ဆွဲယားကြသည်။

"မင်းက ဘာကိစ္စ သွားရမှာလဲ။ သူက မင်းမျက်နှာ မမြင်ချင်တာ ... သွားချင်သွား သူသွားပစေပေါ့"

"ပြောမနေပါနဲ့ကွာ။ ငါပဲ သွားလိုက်ပါ့မယ်"

"ဒါဆို ငါတို့ပါ ပြန်လိုက်မယ်"

"မလိုက်ပါနဲ့။ မင်းတို့ စားလက်စ ပြီးအောင်သာ ဆက်စားပါ။ ငါ့ဘာသာ ဖြည်းဖြည်းချင်းပဲ လျှောက်သွားလိုက်ပါ့မယ်"

သုထက်သည် ချိုင်းထောက်ကို အားပြု၍ ခေါင်းငုံ့လျက် ဆိုင်ထဲမှ ကြေကွဲစွာ ထော့နဲ့ထော့နဲ့ ထွက်သွားသည်။ ထိုစဉ်မှာပင် ဆိုင်ထဲသို့ မျိုးလေးနှင့် ငဇော်ဝင်လာ၏။ သူတို့သည် ယခင်ကနှင့် အသွင်အပြင် ခြားနားနေသော သုထက်ကို မျက်လုံးအပြူးသားနှင့် ကြည့်ပြီး အံ့အားသင့်နေကြသည်။

ထို့နောက် ထိန်လင်းနှင့် ဇေယျာအောင်တို့ ဝိုင်းသို့သွားကာ စပ်စုခြင်းအား စတင်၏။

"ဟိတ်ကောင်တွေ ... စပရိန်က ဘယ်လိုဖြစ်သွားတာလဲ"

"ဘယ်လိုဖြစ်တာလဲဆိုတော့ သိမ့်ဖူးဇင်ဆိုတဲ့ ဟိုမိန်းမကြောင့်ပေါ့ကွာ"

"ဟုတ်တယ်။ အဲဒီမိန်းမ ရက်စက်လို့ ငါတို့သူငယ်ချင်း အခုလိုဖြစ်ရတာ ..."

မခံမရပ်နိုင်ဖြစ်နေသော ထိန်လင်းနှင့် ဇေယျာအောင်သည် တစ်ယောက်တစ်ပေါက်ဖြင့် ပေါက်ကွဲကြတော့၏။ သူတို့နှစ်ယောက်၏ ပြောစကားများကို နားထောင်ရင်း ငဇော်နှင့် မျိုးလေးသည် တစ်ယောက်ကို တစ်ယောက် ပဟေဠိဆန်သောအကြည့်များဖြင့် စိုက်ကြည့်နေကြလေသည်။

အခြေအနေသည် သိမ်မွေ့နက်ရှိုင်းစွာ အဓိပ္ပာယ်ကျယ်ဝန်းနေပါတော့သည်။

## အခန်း (၂၉)

သူထက်သည် ချိုင်းထောက်ကို အားပြု၍ ထော့နဲ့ထော့နဲ့ တရွေ့ရွေ့သွားနေသည်။ ရင်တွင်းမှ ဝေဒနာတွေ ကုတ်ခြစ်သဖြင့် သူ့နှလုံးသားသည် တစ်စစ်စစ် နာကျင်ကိုက်ခဲလျက်ရှိ၏။

အတိုင်းအတာတစ်ခုအထိ မှားယွင်းစွာ နောက်ကျခဲ့ပြီးမှ ကံကြမ္မာက အသိတရားကို သူ့ရှေ့မှောက်အရောက် ပို့ဆောင်ပေးခဲ့သည်။ ပြင်ဆင်မှုဆိုသည့် ခေါင်းစဉ်အောက်မှာ အရင်က အရိပ်မည်းတွေသည် လိုက်လံခြောက်လှန့်နေဆဲဖြစ်၏။

မတည်မြဲမှုတွေ ပြည့်နှက်နေသော လောကအလယ်မှာ ဖြတ်သန်းရင်း သူသည် အမျိုးအမည် စုံလင်သောအရသာများစွာကို တွေ့ကြုံခံစားခဲ့ဖူးလေပြီ။ ပျော်ရွှင်မှု၏ အရသာကိုလည်း သူခံစားဖူးသည်။ ကြည်နူးမှု၏ အရသာကိုလည်း သူခံစားဖူးသည်။ ကျေနပ်မှု၏ အရသာကိုလည်း သူခံစားဖူးသည်။ ဝမ်းနည်းမှု၏ အရသာကိုလည်း သူခံစားဖူးသည်။ အားငယ်မှု၏ အရသာကိုလည်း သူခံစားဖူးသည်။ နာကျင်မှု၏

အရသာကိုလည်း သူခံစားဖူးသည်။ ကြေကွဲမှု၏ အရသာကိုလည်း သူခံစားဖူးသည်။

ထို့ပြင် အခြားအခြားသော ခံစားမှုအနုစိတ် အမှုန်အမွှားလေးများ ၏ အရသာကိုလည်း ခံစားခဲ့ဖူးသည်။ ချားရဟတ်လည်ပတ်သလို တဖျတ်ဖျတ် ပြောင်းလဲနေသော ရှင်သန်မှု၌ ရေ့လျှောက်မည်ကဲ့သို့သော အရသာ အသစ်အဆန်းများကို မြည်းစမ်းရဦးမလဲဆိုတာတော့ ကြိုတင်သိရှိခွင့် မရသဖြင့် မသိရသေးချေ။

ဤမျှ ပြောင်းလဲမှုတွေ များပြားပြီး အရသာတွေ စုံလင်လှသည့် လူသားဘဝမှာ မမအပေါ်တွင် ထားရှိသော သူ၏ချစ်ခြင်းမေတ္တာက မပြောင်းမလဲ တည်မြဲနေသည်မှာ ထူးဆန်းသော အစွဲအလမ်းတစ်ခုပင် ဖြစ်လေသည်။

သုထက်သည် ရိတ်သိမ်း၍ မရနိုင်တာကိုဘဲ ကျေနပ်နေမိသော ချစ်ခြင်းမေတ္တာအကြောင်း စဉ်းစားရင်းနှင့်ပင် လမ်းကွေ့တစ်ခုအား တရွေ့ ရွေ့ဖြတ်ကူးလိုက်သည်။ ထိုစဉ် အပြင်းမောင်းနှင်လာသော ကားတစ်စင်း အား တွေ့မြင်လိုက်ရ၏။ (အရင်လိုစိတ်ဖြင့်) လွတ်လောက်မည် အထင်နှင့် လမ်းတစ်ဖက်သို့ ကတိုက်ကရိုက် ကူးသွားလိုက်သည်။

အလျင်လိုမှုကြောင့် ခြေထောက်နှင့် ချိုင်းထောက် ထိတိုက်မိ ပြီး လူက လဲပြိုမလို ယိုင်ဆင်းသွားသည်။ ကားကလည်း နီးကပ်လာပြီ။ အန္တရာယ်၏ အငွေ့အသက်ကို သူ အထိတ်တလန့် ခံစားလိုက်ရသည်။ မလွတ်မြောက်နိုင်တော့သည့်အတွက် မျက်စိစုံမှိတ်၍သာ ကံကြမ္မာ၏ အဆုံးအဖြတ်ကို နာခံရန် စောင့်စားနေလိုက်တော့၏။

အို ... ထိုအခိုက်အတန့်လေးမှာပဲ သူ့ခန္ဓာကိုယ် ယိမ်းထိုးလွင့်စင်

သွားသည်။ လူနှင့် ချိုင်းထောက် ... တကွဲတပြား ... တခြားစီ ... ။

"ဒုန်း"

"အား ... "

"ကျွီ ... "

တိုးတိုက်မိသံ၊ ဟစ်အော်သံ၊ ဘရိတ်အုပ်သံတို့ ဆူညံပွက်ထသွားသည်။ သူမျက်လုံးဖွင့်ကြည့်လိုက်တော့ ကားရှေ့မှာ ခွေခွေလေး လဲကျနေတာက ... ရင်ကွဲခံကာ ချစ်ပြုချစ်လျက် ချစ်ရပါသော ... မမ ... ။

မျက်စိတမှိတ် လျှပ်တစ်ပြက်အတွင်းမှာ ဖြစ်ပျက်ပြောင်းလဲသွားပုံက ... သဲထိတ်ရင်ဖိုစွာ... မယုံကြည်စရာ... ။

"မမ"

ချိုင်းထောက်ကိုပင် မရှာဖွေနိုင်တော့ဘဲ မမဆီ သူ ဒူးထောက်၍ တွားသွားလိုက်သည်။ မမသည် မလှုပ်မယှက်ငြိမ်သက်နေ၏။ နက်မှောင်သော ဆံနွယ်တွေကြားမှ သွေးစက်တွေက မမမျက်နှာပြင်ထက်မှာ လိမ့်ဆင်းကာ မျောရွေ့နေကြသည်။

"ဘယ်လိုဖြစ်တာလဲ မမရယ်။ ဘာလို့ ကျွန်တော့်ကို တွန်းထုတ်ပြီး မမက ကျွန်တော့်အစား ဝင်ခံလိုက်ရတာလဲ"

မမ၏ မျက်နှာပြင်မှ သွေးစက်တွေကို သူသုတ်သင်ပေးလိုက်တော့ မမကိုယ်လေး လှုးလွန့်လာသည်။ ကျစ်ကျစ်ပါအောင် မှိတ်ထားသည့် မျက်ဝန်းတံခါးပွင့်လာပြီး မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် သူ့ကို ရီဝေဝေကြည့်လေသည်။

"သုထက်အပေါ်မှာ မမ အထင်မှားပြီး ရက်စက်ခဲ့မိတာတွေအတွက် အကြွေးပြန်ဆပ်လိုက်တာပါ။ မမရဲ့ အဖေသေဆုံးတဲ့ကိစ္စဟာ

သူထက်နဲ့ လုံးဝမပတ်သက်ဘူးဆိုတာ မမ သိပြီးပါပြီ''

''ဟာင် ...''

သူ အံ့ဩသွားမိသည်။

''ဘယ်လိုသိတာလဲ မမ''

''ငဇော်နဲ့ မျိုးလေးဆိုတဲ့ ကောင်လေးနှစ်ယောက် မမဆီလာဝန်ခံတာပါ။ သူထက်က မမနဲ့ပတ်သက်ရင် အရမ်းအဖြစ်သည်းတယ်တဲ့။ အဲ့ဒါကြောင့် သူထက်ကို ကြည့်မရလို့ သူထက်စိတ်ဆင်းရဲအောင် တမင်တကာ သူထက်နဲ့မမကြားမှာ ပဋိပက္ခဖြစ်အောင်လုပ်ဖို့ ရည်ရွယ်လိုက်တာတဲ့။ အိမ်နံရံမှာ မှုတ်ဆေးဗူးနဲ့ စာတွေရေးပြီး သူထက်နာမည်တပ်ခဲ့တာ သူတို့လက်ချက်။ ဝရန်တာပေါ်က ပန်းအိုးတွေထဲက ပန်းပင်ပွေကို ဖျက်စီးတာလည်း သူတို့လုပ်တာ။ ပန်းအိုးတစ်လုံးကို ဝရန်တာဘောင်ပေါ်တင်ပြီး ပန်းပင်ကို ဆွဲနှုတ်နေတုန်း အောက်က လူသံကြားလို့ ပြိုင်တူငုံ့ကြည့်ရင်း တိုက်မိပြီး ပန်းအိုးက အဖေ့ခေါင်းပေါ် ပြုတ်ကျသွားတာတဲ့။ သူတို့ကြောင့် တကယ့်အပြစ်မရှိတဲ့ သူထက် အခုလောက်အထိ ဖြစ်သွားတာကြောင့် စိတ်မကောင်းဖြစ်ပြီး သူတို့အမှားကို လာဝန်ခံတာပါတဲ့။ သူတို့အပြစ်အတွက် ဥပဒေရဲ့ အဆုံးအမကို ခံယူဖို့လည်း အဆင်သင့်ပါပဲတဲ့''

နှုတ်ခမ်းဖူးဖူးလေးအား ကျင်လည်စွာ အသုံးပြု၍ ပြောဆိုနေသော မမ၏လျှောက်လဲချက်များကြောင့် သူထက်ရင်တွင်းမှာ ကုတ်ခြစ်နေသည့်ဝေဒနာတွေ ငြိမ်အေးသက်သာလို့သွားသည်။ မမ၏ စိုစိုရဲရဲ နှုတ်ခမ်းသားများက ကဗျာဆန်စွာ ဆက်လက်လှုပ်ရှားလို့ နေပြန်သည်။

''သူတို့က ပြောသေးတယ်။ သူထက်က မမကို အရမ်းချစ်တာ

တဲ့။ ချစ်မှုအချစ်ကလည်း အရမ်းဖြူစင်တယ်တဲ့။ သူတို့က မမကို အပျော်ကြံ့ဟာလားလို့ မေးရင်တောင် သုထက်က ဒေါသထွက်လို့ မဆုံးဘူးတဲ့။ ပြီးတော့ ... သုထက်သူငယ်ချင်းတွေကလည်း ပြောတယ်။ သုထက်က အရင်လို မဟုတ်တော့ဘူး။ တည်တည်တံ့တံ့ နေနေပြီတဲ့။ မမကွယ် ရာမှာတောင် မမ,မကြိုက်တဲ့ အပြုအမူမျိုးတွေ မလုပ်မိအောင် ရှောင်တယ်တဲ့။ မမသူ့ကို ဒီလောက်ရက်စက်တာတောင်မှ သူ့ပါးစပ်က မမကို နာကျည်းတဲ့စကားမျိုး တစ်ခွန်းတစ်လေတောင် မထွက်ဘူးတဲ့။ အဲ့ဒါကြောင့် မမကို အရမ်းချစ်ပြီး မမ စကားကို နားထောင်တဲ့ သုထက်ကို သူလိုချင်နေတဲ့ အဖြေလေး စဉ်းစားပေးလိုက်ပါတဲ့''

''ဒါဆို ... မမက စဉ်းစားပြီးသွားပြီလားဟင် ...''

သုထက်က မမ၏မျက်ဝန်းထဲမှ ဘာသာစကားကို ရှာဖွေရင်း အားတက်သရော မေးလိုက်သည်။ ထိုအခါ သိမ့်ဖူးဇင်သည် သူမ၏ မျက်ဝန်းအစုံကို မျက်တောင်ကော့ကော့ကြီးတွေဖြင့် အကာအကွယ်ယူပြီး ပြုံးမနူးလေးပြုံး၍ အပျိုဖျန်းလေးနှယ် အရှက်သည်းနေလေတော့သည်။

ဒီလောက်ဆို လူလည်လေး သုထက် သဘောပေါက်သွားပါပြီ။ ပျော်ရွှင်စွာဖြင့် ရှိခနဲ သူလေတစ်ချက်ချွန်လိုက်၏။ မမနှင့် ပတ်သက်သော သူ၏ကြိုးစားမှုများသည် ပီပီပြင်ပြင် အထမြောက်အောင်မြင်သွားချေပြီ။

*အောင်မြင်မှုအားရရှိပြီးသည့်အခါတွင် ထိုအောင်မြင်မှုကို ထိန်းသိမ်းဖို့ ထပ်ဆင့်ကာ ကြိုးစားရပါဦးမည်။*

ယခုအချိန်မှာတော့ဖြင့် မာယာဆန်သော ကစားပွဲသည် ငြိမ်းအေးရပ်တန့်သွားခဲ့ပါပြီ။

## အခန်း (၂၄)

ချိုင်းထောက်နှင့် လူထီးလေးနှင့် နဖူးစပ်မှာ သွေးစို့နေသည့် လူမလေးတို့သည် နံနက်ခင်းအချိန်အခါ၏ ရွှေဝါရောင် အလင်းတန်း အောက်တွင် တစ်ဦးကိုတစ်ဦး တွဲကူဖေးမ၍ လမ်းလျှောက်နေကြပါသည်။

သူတို့သည် မကြာသေးခင် မိနစ်ပိုင်းအတွင်းကမှ ချစ်သူဘဝ သို့ ရောက်ရှိသွားကြသည့် လတ်လတ်ဆတ်ဆတ် ချစ်သူနှစ်ဦးဖြစ်၏။

ဥဩသီဆိုသော နွေဦးသီချင်းကို နားဆင်ရင်း ချစ်ခြင်း၏ စွဲမက်ဖွယ်အရသာတွေက သူတို့နှစ်ဦး၏ နှလုံးသွေးကြောများထဲတွင် ငြိမ့်ညောင်းစွာ စိမ့်ဝင်ပျံ့နှံ့နေကြလေသည်။

တစ်ဦးကိုတစ်ဦး တွဲကူဖေးမမှုကပင် ချစ်ခြင်း၏ အနှစ်သာရ ပြယုဂ် မဟုတ်လား ...။

## အခန်း (၂၅)

လေချွန်သံတစ်ခုသည် လေထုထဲတွင် တိုးသဲ့စွာ တရွေ့ရွေ့ လွှပ်ရှားနေ၏။

လောကသည် အရသာစုံလင်သော မာယာများဖြင့် ရက်ဖောက်ထားသည့် ပြောင်းလဲခြင်း နိယာမ၏ လက်အောက်ခံ ဥယျာဉ်တစ်ခုပင် ဖြစ်သည်။

လင်းညိုသွေး